# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ သောကြာနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံ ဂျာမန်ပေါင်းစည်းရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ◆

# ခွင့်ပြုသုံးစွဲငွေများနှင့် ဖော်ဆောင်မည့်လုပ်ငန်းစီမံကိန်းများ ရည်မှန်းချက်အတိုင်းအောင်မြင်ရန်လိုအပ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ ဘဏ္ဍာရေးကော်မရှင်၏(၁/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးနှင့်(၂/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးများတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေစာရင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဆွေးနွေးသုံးသပ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ထောက်ခံတင်ပြခဲ့ပါကြောင်း၊ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီလမှ ဩဂုတ်လအထိ ငါးလတာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေအထားအရ ဘဏ္ဍာငွေရရှိမှုနှင့်သုံးစွဲနိုင်မှု အခြေအနေ၊ ကျန်ခုနစ်လအတွင်း ထပ်မံရရှိလာနိုင်မှုနှင့် သုံးစွဲရမည့်အခြေအနေတို့ကို ချိန်ဆပြီး ဌာနအဖွဲ့အစည်းများက ထပ်မံလိုအပ်သည့်ငွေများကို ခွဲဝေသတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေတည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်ရေးအတွက်

*စာမျက်နှာ ၈ ကော်လံ ၁* ❍

**ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲဆောင်ရွက်ကြရာတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ဘဏ္ဍာရေး စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်း**


## ယနေ့ မာတိကာ

ဟောင်ကောင်အရေးသည် တရုတ်ပြည်တွင်းရေးသာဖြစ် ဝါရှင်တန်ရောက် တရုတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား စာ » ၄

အာမေးနီးယန်းဂိုဏ်းချုပ်ဆရာတော်နှင့်အဖွဲ့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညို စာ » ၁၀

ရီးရဲမက်ဒရစ် အုပ်စုကိုဦးဆောင် စာ » ၁၄


# အင်းလေးကန်နှင့် ပင်းတယမြို့တို့၏အလှကို ကမ္ဘာလှည့်များ မီးပုံးပျံပေါ်မှ ကြည့်ရှုခံစားနိုင်

ဘာသာပြန်-ကျော်သဲအိမ်

စက်တင်ဘာ ၂၈ ရက်ထုတ် ယူကေသတင်းစာ တစ်စောင်ဖြစ်သော Times (United Kingdom) က မီးပုံးပျံကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ အင်းလေးကန်ပေါ် မီးပုံးပျံလွှတ်တင်သည့် လိုင်စင်များရရှိကြပြီဖြစ်ရာ ရာစုနှစ်ချီ တည်ငြိမ်အေးချမ်းခဲ့သည့် အင်းလေးကန်အတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာခဲ့ကြောင်း၊ သို့သော် အင်းလေးကန်နှင့် အင်းလေးကန်အနီးရှိ ပင်းတယမြို့ပေါ် မီးပုံးပျံစီးကာ သဘာဝအလှကိုရှုစားရခြင်းမှာ မကြုံစဖူးရင်ခုန်ဖွယ်ရာ အတွေ့အကြုံတစ်ရပ်ဖြစ်သည်ဟု ပုဂံမြို့ပေါ် မီးပုံးပျံလွှတ်တင်ရေးလုပ်ငန်း ပူးတွဲတည်ထောင်သူ ဘရက်မယ်လ်ဇာက ဆိုကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။



ဓာတ်ပုံ - Travelpine.com




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နွားနို့နှင့်ကျန်းမာရေး

နွားနို့သည် လူသားများအတွက် မရှိမဖြစ်လိုအပ်သော ကယ်စီယမ်၊ သတ္တုဓာတ်၊ ဗီတာမင်ဓာတ်၊ ပရိုတိန်းနှင့်အဆီဓာတ်များ လုံလောက်စွာ ပါဝင်နေခြင်းကြောင့် မဖြစ်မနေ သောက်သုံးသင့်ပါသည်။ နွားနို့သောက်သုံးခြင်းဖြင့် အရိုးအဆစ်များ သန်မာကြီးထွား၍ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူတစ်ဦး တစ်နှစ် နို့စားသုံးမှုသည် ၁၀၀ ကီလိုဂရမ်အထက်ရှိကြောင်း သိရသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ ၂၀၁၂ ခုနှစ်တွင် ၂၉ ဒသမ ၀၆ ကီလိုဂရမ်၊ ၂၀၁၃ ခုနှစ်တွင် ၃၁ ဒသမ ၆ ကီလိုဂရမ်သို့ တိုးလာပါသည်။ သို့သော်လည်း နွားနို့သောက်သုံးရန် လိုအပ်နေဆဲဖြစ်ပါသည်။ နွားနို့သောက်သုံးသည့်အလေ့အထမှာ လူငယ်လူရွယ်များအကြား နည်းပါးနေပါသေးသည်။ အများစုမှာ လက်ဖက်ရည်၊ ကော်ဖီတို့ကိုသာ သောက်သုံးမှုများပါသည်။ နွားနို့ကောင်းကောင်းရောင်းချ သည့်ဆိုင်များ အများအပြား ပေါ်ပေါက်လာရန်နှင့် ပြည်သူ များအကြား နွားနို့သောက်သုံးမှု အလေ့အထများရှင်သန်တိုးပွားလာဖို့လိုပါသည်။

ထို့ကြောင့်လည်း နွားနို့သောက်သုံးသည့် အလေ့အထများ တိုးပွားလာစေရေး မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ အခြေခံပညာကျောင်းများ၌ နွားနို့တိုက်ကျွေးရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ ၄၇၀၀၀ ကို ကျောင်းဖွင့်ရက်တိုင်း နို့တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်နှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်များအတွင်း ကျန်ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ယခုထက် နွားနို့တိုက်ကျွေးနိုင်ရန် စီစဉ်လျက်ရှိပါသည်။

ဤနွားနို့တိုက်ကျွေးရေးအစီအစဉ်သည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးဆိုသည့် ရည်မှန်းချက်နှင့်လည်း ဆက်စပ်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး သန်မာထွားကျိုင်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးသောလူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်ဖြစ်သည်။ ယနေ့အချိန်အခါတွင် အနာဂတ်လူငယ်များ ဉာဏ်ရည်မြင့်မားတိုးတက်စေရန်နှင့် ကျန်းမာကြံ့ခိုင် သန်စွမ်းစေရန်အတွက် နို့တိုက်ကျွေးခြင်းကို နိုင်ငံတော်စီမံကိန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိပါသည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများကသာမက ပုဂ္ဂလိကအလှူရှင်များကလည်း တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အလှူရှင် စေတနာရှင်များကလည်း ကျောင်းများ၌တတ်စွမ်းသရွေ့ နွားနို့တိုက်ကျွေးခြင်းကို ဆောင်ရွက်နေကြပြီဖြစ်သည်။ နွားနို့သောက်သုံးခြင်းသည် ကျန်းမာရေးအတွက် များစွာ အထောက်အကူ ဖြစ်စေနိုင်ခြင်းကြောင့် အသက်အရွယ်မရွေး သောက်သုံးသင့်ပါသည်။ ကျောင်းများ၌ နွားနို့တိုက်ကျွေးရေး အစီအမံများကို ယခုထက် တိုးချဲ့လုပ်ဆောင်သွားခြင်းဖြင့် အနာဂတ်တွင် သန်မာထွားကျိုင်းပြီး ဉာဏ်ရည် ထက်မြက်သော လူငယ်များပေါ်ထွန်းလာမည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# အာမေးနီးယန်းဘုရားကျောင်းကို ရှေးဟောင်းအမွေအနှစ်အဖြစ် မော်ကွန်းမှတ်တမ်းတင်

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ The Armenian Apostolic Church of St. John the Baptist အာမေးနီးယန်း ဘုရားကျောင်းကို ရန်ကုန်မြို့၏ တတိယမြောက်ရှေးဟောင်းအမွေအနှစ် အဆောက်အအုံအဖြစ် အောက်တိုဘာ ၁ ရက်က အပြာရောင်ကမ္ပည်းပြား တပ်ဆင်မော်ကွန်းမှတ်တမ်းတင်စာရင်းသွင်းခဲ့ကြောင်း ရန်ကုန်မြို့ပြ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။



အဆိုပါ အာမေးနီးယန်း ဘုရားကျောင်းကို ၁၈၆၂ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့၌ အာမေးနီးယန်းလူမျိုးများ၏ နောက်ဆုံးကျန်ရှိသော နှစ်ပေါင်း ၁၅၀ ကျော်ကြာ သမိုင်းဝင်အမွေအနှစ် အဆောက်အအုံတစ်ခုအဖြစ် မှတ်တမ်းတင်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။

"ဒီဘုရားကျောင်းဟာ တိတိကျကျပြောရရင် နှစ်ပေါင်း ၁၅၂ နှစ်ရှိပါပြီ။ မနေ့ကပဲ ရန်ကုန်မြို့ပြ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ရန်ကုန်မြို့ရဲ့ တတိယမြောက် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံအဖြစ် ကမ္ပည်းမော်ကွန်းပြားတပ်ဆင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အာမေးနီးယန်းတွေ နောက်ဆုံးကျန်ရှိခဲ့တဲ့ သမိုင်းဝင်အထောက်အထားဖြစ်တယ်ဆိုတာကို သက်သေပြ မှတ်တမ်းတစ်ခုအနေနဲ့လည်း သိသာထင်ရှားစေမှာပါ" ဟု အဆိုပါဘုရားကျောင်း၏ လက်ရှိ သင်းအုပ်ဆရာ John Hla Win Felis က ပြောကြားခဲ့သည်။




အဆိုပါ ဘုရားကျောင်းကို ရန်ကုန်မြို့၏ တတိယမြောက် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံအဖြစ် ကမ္ပည်းမော်ကွန်းတင် တပ်ဆင်သည့် အခမ်းအနားတွင် ကမ္ဘာ့အရှေ့ဖျားခရီးစဉ်တစ်ခုအတွင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် အလည်အပတ်ရောက်ရှိနေသည့် အာမေးနီးယန်းဂိုဏ်းချုပ် ဆရာတော်ကြီး KAREKIN II အဖွဲ့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။ အာမေးနီးယန်းဂိုဏ်းချုပ် ဆရာတော်ကြီးအဖွဲ့သည် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၃၀ ရက်က ရောက်ရှိခဲ့ပြီး နှစ်ပေါင်း ၁၅၂ နှစ် ရှိပြီဖြစ်သည့် အဆိုပါ ဘုရားကျောင်းကို ပထမဦးဆုံးအကြိမ် လာရောက်ကြည့်ရှုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို အာမေးနီးယန်းဂိုဏ်းချုပ် ဆရာတော်က မြန်မာနိုင်ငံမှာရှိတဲ့ ကျွန်မတို့ ဘုရားကျောင်းကို လာရောက်ကြည့်ရှုပေးတာ ကျွန်မ အလွန်ဝမ်းသာပါတယ်။ အာမေးနီးယန်း လူမျိုးတစ်ဦးအနေနဲ့ ဂုဏ်လည်းယူတယ်။ ဂိုဏ်းချုပ်ကြီးအနေနဲ့ အခုလို အရှေ့ဖျားခရီးစဉ်မှာ မြန်မာနိုင်ငံကို ထည့်သွင်းလာရောက်ကြည့်ရှုပေးတဲ့ အတွက်လည်း ဝမ်းသာမဆုံးဖြစ်မိပါတယ်" ဟု မြန်မာနိုင်ငံ၏ အာမေးနီးယန်းလူမျိုးဝင် Rachel Minus က ပြောကြားသည်။

The Armenian Apostolic Church of St. John the Baptist အာမေးနီးယန်း ဘုရားကျောင်းသည် မြန်မာမင်းများ လက်ထက် ၁၇ ရာစုက အိန္ဒိယနှင့် အီရန်နိုင်ငံအပါအဝင် အခြားနိုင်ငံများမှ အာမေးနီးယန်း လူမျိုးများ မြန်မာနိုင်ငံ၌ လာရောက်အခြေချနေထိုင်ခဲ့ကြပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအပါအဝင် အပြန်အလှန်ဆက်ဆံမှုများတွင် ဘာသာပြန်အရာရှိများ၊ ဆက်သွယ်ရေးအရာရှိများအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ကူးလူးဆက်သွယ်မှုကွန်ရက် တဖြည်းဖြည်းကျဆင်းခဲ့ရကာ အခုလို သမိုင်းဝင်ကျန်ရှိခဲ့သည့် အဆောက်အအုံတစ်ခုအဖြစ် ရောက်ရှိ မှတ်တမ်းတင်ခံခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**





# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကိုလံဘီယာနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ကိုလံဘီယာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အန်ဒယ်လ်ဖို ဟိုဆေး ဂါဆီယာ ဂွန်ဇာလက်ဇ်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ကိုလံဘီယာသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အန်ဒယ်လ် ဖို ဟိုဆေး ဂါဆီယာ ဂွန်ဇာလက်ဇ် သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။** (သတင်းစဉ်)

## ပြည်တွင်းသတင်း

**◆ ရှေ့ဖုံးမှ**

အလားတူ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ အိန်ဂျလာမာကဲလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**❁ ကျောဖုံးမှ**

အလားတူ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံတည်ထောင်သည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျောင်ဟုန်ဝန်ထံသို့ ဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းများထုတ်ပြန်

၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နိုင်ငံခြားသုံးငွေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်မှုရရှိရန်နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းများကို ၃၀-၉-၂၀၁၄ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ စည်းမျဉ်းအပြည့်အစုံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website (www.cbm.gov.mm) တွင် လေ့လာဖတ်ရှုနိုင်ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း ကိုရီးယားနိုင်ငံမှ ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်အထိကျင်းပခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုနှင့်ဆိုင်သော တတိယအကြိမ် ကမ္ဘာ့ညီလာခံသို့တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမြသိန်းနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ယနေ့ညနေ ၃ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင် (1-20)၌ လန်ဒန်မြို့အခြေစိုက် Bingham Centre for the Rule of Law မှ Director of Education and Training, Ms. Naina Patel ခေါင်းဆောင်သောအဖွဲ့က လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

အဆိုပါဆွေးနွေးပွဲသို့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီအတွင်းရေးမှူး ဦးစံပြည့်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**✳ ကျောဖုံးမှ**

ရေချဆောင်ရွက်သွားမည်ဖြစ်သည်။

"ခရီးသည်တွေ အဆင်းအတက်လုပ်မယ့် တံတားအသစ်နှစ်စင်းကတော့ ကုမ္ပဏီက တည်ဆောက်နေပါတယ်၊ ဒီဆိပ်ခံဘောနှစ်စင်းကလည်း ဖွဲ့စည်းပုံအရဆိုရင် မြန်မာနိုင်ငံမှာ ပထမဆုံးတည်ဆောက်လိုက်တဲ့ ကွန်ကရစ်ဆိပ်ခံဘော အမျိုးအစားပါ၊ တစ်စင်းကို အလျား ၃၈ မီတာ၊ အနံ ၆ မီတာ၊ အလေးချိန်ကတော့ တန် ၃၀၀ ရှိပါတယ်၊ နှစ်စင်း တည်ဆောက်တာပါ၊ ကျွန်တော်တို့ဝန်ထမ်းအင်အား ၃၀ နဲ့ ဆောင်ရွက်နေတာပါ၊ တည်ဆောက်နေတာကတော့ ရာနှုန်းပြည့်ပြီးစီးသွားပါပြီ၊ ရေတက်ချိန်ကို ကြည့်ပြီး ရေချဆောင်ရွက်တော့မှာပါ" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်မိုးမြင့်က စီမံကိန်းလုပ်ငန်းခွင်အတွင်း ပြောခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းမှ ဝန်ထမ်းအင်အားဖြင့် ဆောင်ရွက်နေသော ဒလ-ပန်းဆိုးတန်း Ferry ကွန်ကရစ်ဆိပ်ခံဘောအသစ်နှစ်စင်းကို JICA က ထောက်ပံ့စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး လက်ရှိအသုံးပြုနေသော ဆိပ်ခံဘောအဟောင်းကို ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ပြန်လည်သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရေတက်ချိန်ကို ချိန်ဆဆောင်ရွက်ကာ ဒလ- ပန်းဆိုးတန်း Ferry အတက်အဆင်း တံတားအသစ်နှစ်စင်း နှစ်နေရာ၌ တစ်နေရာစီတွင် ကွန်ကရစ်ဆိပ်ခံဘောတစ်စင်းစီကို ရေချဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကွန်ကရစ်ဆိပ်ခံဘောအသစ် နှစ်စင်းကို ပြီးခဲ့သည့်ဖေဖော်ဝါရီ ၂၁ ရက်က စတင်တည်ဆောက်ခဲ့ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းမှ စုံစမ်းသိရသည်။

## မိုးလေဝသအခြေအနေ

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်သည်။**

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာသွန်းနိုင်သည်။**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့်မလွတ်သော သစ်ပင်/သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍အောက်တိုဘာ ၄ ရက်တွင် ရွှေပေါက်ကံ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ တာမွေ၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ကျောက်တံတား၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ဒဂုံ၊ လှိုင်၊ မရမ်းကုန်း၊ သုံးခွ၊ ခရမ်း၊ တံတား၊ သန်လျင်၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကျောက်တန်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ၁၆ နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

အောက်တိုဘာ ၅ ရက်တွင် ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ သာကေတ၊ ကျောက်တံတား၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ဒဂုံ၊ လှိုင်၊ မရမ်းကုန်း၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ သန်လျင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ မင်္ဂလာဒုံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ၁၆ နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

နိုင်ငံတကာသတင်း

# ဆီရာလီယွန်းတွင် အီဘိုလာကူးစက်နှုန်း တစ်နာရီလျှင် ငါးဦးနှုန်းဖြစ်ပွား



**ဂီနီ အောက်တိုဘာ ၂**

ဆီရာလီယွန်းတွင် အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုနှုန်းသည် တစ်နာရီလျှင် ငါးဦးနှုန်း ကူးစက်နေကြောင်း ဦးဆောင်ပရဟိတအဖွဲ့တစ်ဖွဲ့က သတိပေးထားသည်။ ဆေးရုံ ၃၂၇ ခုသာရှိသော အဆိုပါ အနောက်အာဖရိကနိုင်ငံတွင် လွန်ခဲ့သော အပတ်က အီဘိုလာအသစ် ဖြစ်ပွားသူ ၇၆၅ ဦးရှိခဲ့ကြောင်း၊ ကလေးများကို ကာကွယ်ကြဟု အမည်ပေးထားသော ပရဟိတအဖွဲ့တစ်ခုက ပြောသည်။

ကျွမ်းကျင်ပညာရှင်များနှင့် နိုင်ငံရေးသမားများသည် ယင်းအခက်အခဲအကျပ်အတည်းကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းတိုက်ဖျက်ကြရန် လန်ဒန်တွင် တွေ့ဆုံဆွေးနွေးကြတော့မည်ဖြစ်သည်။

၎င်း အီဘိုလာဗိုင်းရပ်စ်သည် ကမ္ဘာ့အဆိုးဆုံး ဗိုင်းရပ်စ်ဖြစ်ကာ ယခုအချိန်အထိ လူပေါင်း ၃၃၃၈ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

ရောဂါရှိသည်ဟု အတည်ပြုပြီးသူ ၇၁၇၈ ဦး ရှိပြီး ဆီရာလီယွန်း၊ လိုက်ဘေးရီးယားနှင့် ဂီနီနိုင်ငံတို့တွင် ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သည်။

ယင်းပရဟိတအဖွဲ့က ဆီရာလီယွန်းတွင် ကြောက်မက်ဖွယ်ကောင်းသောနှုန်းဖြင့် အီဘိုလာဗိုင်းရပ်စ်ပျံ့နှံ့နေကြောင်း၊ ရက်သတ္တပတ်အနည်းငယ်အတွင်း နှစ်ဆနှုန်းမြင့်တက်နေကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတကာ အထောက်အပံ့များ မြန်မြန်ရောက်ရှိလာခြင်းမရှိပါက လူအများအပြား သေဆုံးဖွယ်ရှိကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

**(ဘီဘီစီ)**

# ဟောင်ကောင်အရေးသည် တရုတ်ပြည်တွင်းရေးသာဖြစ် ဝါရှင်တန်ရောက် တရုတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ပေကျင်း အောက်တိုဘာ ၂**

ဒေသတွင်း ဒီမိုကရေစီ ဆန္ဒပြမှုများ ကြီးထွားလာချိန် ဟောင်ကောင်၌ တရားမဝင်ဆန္ဒပြမှုများကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက သတိပေးပြောကြားလိုက်သည်။

"ဒီကိစ္စက တရုတ်နိုင်ငံရဲ့ ပြည်တွင်းရေးပါ" ဟု ဝါရှင်တန်ရောက် မစ္စတာဝမ်က ပြောကြားလိုက်သည်။

ပေကျင်းအနေဖြင့် စိန်ခေါ်မှုတစ်ရပ်နှင့် ကြုံတွေ့လာနိုင်သဖြင့် ဟောင်ကောင်ဆန္ဒပြမှုကို သတိထားကိုင်တွယ်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက တိုက်တွန်းပြောကြားလိုက်သည်။



ဟောင်ကောင်အကြီးအကဲ CY Leung အနေဖြင့် ရာထူးမှနုတ်ထွက်မပေးလျှင် ဆန္ဒပြမှုများ အရှိန်မြှင့်တင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲဥပဒေဆန့်ကျင်ရေး ဆန္ဒပြသူများက ပြောကြားလိုက်သည်။ ဟောင်ကောင်အကြီးအကဲအနေဖြင့် ရာထူးမှနုတ်ထွက်မပေးလျှင် အစိုးရအဆောက်အအုံများကို သိမ်းပိုက်သွားမည်ဖြစ်ကြောင်း ဆန္ဒပြသူများက ခြိမ်းခြောက်ပြောကြားလျက်ရှိသည်။ ယမန်နေ့ညက ဟောင်ကောင်အကြီးအကဲ၏ ရုံးအပြင်ဘက်၌ လူပေါင်း ၃၀၀၀ ခန့် ဆန္ဒပြလျက်ရှိရာ အစိုးရရုံးများအပြင်ဘက်၌ ရဲတပ်ဖွဲ့ဝင်များ ထူထပ်စွာ ဖြန့်ချထားကြောင်း South China Morning Post က သတင်းဖော်ပြသည်။

တရုတ်နိုင်ငံက ၂၀၁၇ ခုနှစ်တွင် ဟောင်ကောင်အကြီးအကဲ ရွေးချယ်ရာ၌ ပွင့်လင်းစွာရွေးချယ်မှုကို ခွင့်ပြုရန် ငြင်းဆိုထားသည်။ မဲပေးသူများက ဟောင်ကောင် အကြီးအကဲနေရာအတွက် ရွေးချယ်ထားရေးကော်မတီက လျာထားသူနှစ်ဦး သို့မဟုတ် သုံးဦးထဲမှ မဲပေးရွေးချယ်ရမည်ဟု ဆိုသည်။ ဟောင်ကောင်သည် တရုတ်နိုင်ငံ၏ အထူးအုပ်ချုပ်ခွင့်ရသော ဒေသဖြစ်သည်။ ဗြိတိသျှကိုလိုနီ လက်အောက်တွင် ရာစုနှစ်တစ်ခုနီးပါး ကျရောက်ခဲ့ပြီးနောက် တရုတ်ထံသို့ ပြန်လည်ပေးအပ်ခဲ့ချိန်မှစပြီး စီးပွားရေးအရအချက်အချာကျသော ဒေသတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

**(ပရက်စ်တီဗွီ)**

# အွန်တာကေမီးတောင်ပေါက်ကွဲမှု သေဆုံးသူ ၄၇ ဦးထိ ရှိလာ

**တိုကျို အောက်တိုဘာ ၂**

ဂျပန်နိုင်ငံ၌ မကြာသေးမီက ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အွန်တာကေမီးတောင်ထိပ်၌ ချော်ရည်များ ဖုံးလွှမ်းနေသော အလောင်း ၁၁ လောင်း ထပ်မံတွေ့ရှိခဲ့ရာ သေဆုံးသူ ၄၇ ဦးအထိ ရှိလာပြီဖြစ်သည်။

သေဆုံးသူအရေအတွက် တဖြည်းဖြည်းတိုးလာခဲ့ရာ အများစုမှာ ခြေလျင်တောင်တက်သမားများဖြစ်နိုင်ပြီး အရေအတွက်ကို တိတိကျကျမပြောနိုင်သေးကြောင်း ရဲဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အလောင်းများကို ခွဲစိတ်စစ်ဆေးကြည့်ခြင်းဖြင့် ၎င်းတို့သည် ပေါက်ကွဲမှုမှ အရှိန်ပြင်းစွာ ပန်းထွက်လာသော ကျောက်ခဲများဖြင့် ထိခိုက်ခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်နိုင်သည်ဟု သိရသည်။

လူသေအလောင်းများကို တောင်ထိပ်ပတ်ဝန်းကျင်၌တွေ့ရှိခဲ့ရာ အပန်းဖြေသူများ နေ့လယ်စာ ထမင်းစားချိန် သို့မဟုတ် အပန်းဖြေနေချိန်၌ဖြစ်ပွားခဲ့ခြင်းကြောင့် တိမ်းရှောင်မှုမပြုနိုင်ဘဲ သေဆုံးခဲ့ရခြင်းဖြစ်နိုင်ကြောင်း ရဲအရာရှိများက ပြောခဲ့သည်။

ချော်ရည်များ ထွက်ရှိနေဆဲဖြစ်ခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှေးကွေးမှုဖြစ်စေသည်။

ဂျပန်နိုင်ငံမိုးလေဝသနှင့်ဇလဗေဒအေဂျင်စီက အွန်တာကေမီးတောင်မှ အဆိပ်ပါသော အငွေ့များထွက်ရှိမှုသည် အနီးဝန်းကျင်မြို့များကို ကြီးကြီးမားမား ကျန်းမာရေးထိခိုက်မှုမရှိနိုင်သော်လည်း မျက်စိများယားယံခြင်းနှင့် ပန်းနာရင်ကျပ်ခြင်း လက္ခဏာများကို ခံစားရနိုင်သဖြင့် ဒေသခံများအနေဖြင့် မျက်နှာဖုံးစွပ်များ အသုံးပြုကြရန် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**(ဆင်ဟွာ)**

# အာဖဂန်၌ စက်တင်ဘာလအတွင်း ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၂၀၀ ကျော်ရှိလာ

**ကဘူးလ် အောက်တိုဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပဋိပက္ခများနှင့် တိုက်ခိုက်မှုများ၌ အရပ်သား ၂၀၀ ကျော် သေဆုံးခဲ့ပြီး ရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ဌာနဆိုင်ရာ စာရင်းများအရ သိရသည်။

လွန်ခဲ့သည့် တနင်္လာနေ့က ကဘူးလ်လေဆိပ်အနီး လုံခြုံရေးစစ်ဆေးရေးဂိတ်ကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး၊ အရပ်သားသုံးဦး သေဆုံးခဲ့ပြီး အခြား ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ထို့အပြင် ယင်းနေ့၌ တာလီဘန်တို့က ပတ်ကီယာပြည်နယ် အရှေ့ပိုင်းနှင့် ကွန်ဒုဇ်မြောက်ပိုင်းတို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ကြိမ် ဖြစ်ပွားမှု၌ ရှစ်ဦးသေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်။

တာလီဘန်တို့က ၂၀၀၁ ခုနှစ်နှောင်းပိုင်းက အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ကျူးကျော်ဝင်ရောက်လာပြီးနောက် ချုံခိုတိုက်ခိုက်ခြင်းနှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရသည်။ အာဖဂန်နေရာအနှံ့အပြား၌ ပြီးခဲ့သည့်လက အသေခံဗုံးခွဲတိုက်ခိုက်ရေးသမား ၃၀ ကျော် ပါဝင်သော အသေခံဗုံးခွဲတိုက်ခိုက်မှု ၁၀ ကြိမ်အပါအဝင် ကြီးမားသော ဗုံးခွဲတိုက်ခိုက်မှုပေါင်း ၂၀ ကျော် ဖြစ်ပွားခဲ့သည်။

**(ဆင်ဟွာ)**

# ဆီးရီးယားအလယ်ပိုင်း ဗုံးနှစ်လုံးပေါက်ကွဲ အနည်းဆုံး ၃၂ ဦးသေဆုံး၊ ၁၁၅ ဦးဒဏ်ရာရ

**ဒမတ်စကတ် အောက်တိုဘာ ၂**

ဆီးရီးယားနိုင်ငံအလယ်ပိုင်း ဟွန်းပြည်နယ်၌ ဗုဒ္ဓဟူးနေ့က ဗုံးနှစ်လုံးဆက်တိုက်ပေါက်ကွဲခဲ့ရာ အနည်းဆုံး ၃၂ ဦး သေဆုံးပြီး ၁၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆာနားသတင်းအေဂျင်စီက ဖော်ပြသည်။

အဆိုပါဗုံးများသည် အစိုးရလိုလားသော ကျောင်းနှစ်ကျောင်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူအများစုသည် ကျောင်းသား ကျောင်းသူများဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အစွန်းရောက်များသည် နယူးအီရီမာကျောင်းအနီး ကားတစ်စီးကို ဗုံးခွဲတိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုအပြီး မိနစ်အနည်းငယ်တွင် အသေခံဗုံးခွဲသူတစ်ဦးက အနီးရှိကျောင်းတစ်ကျောင်းကို ဗုံးခွဲတိုက်ခိုက်ခဲ့သည်ဟု အဆိုပါသတင်းတွင် ဖော်ပြသည်။

ယင်းကြောက်မက်ဖွယ်ရာ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၄၅ ဦးအထိ ရှိလာနိုင်ကြောင်း ဆီးရီးယားအတိုက်အခံ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ကပြောသည်။

**(ဆင်ဟွာ)**

# အီရတ်တွင် စက်တင်ဘာလအတွင်း အပြစ်မဲ့ပြည်သူများ အပါအဝင် ၁၁၀၀ ကျော် သေဆုံးကြောင်း ကုလသတင်းထုတ်ပြန်

**ဘဂ္ဂဒက် အောက်တိုဘာ ၂**

အရပ်သားအများစုပါဝင်သော လူပေါင်း ၁၁၀၀ ကျော်သည် အီရတ်တွင် စက်တင်ဘာလအတွင်း တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂ၏ မကြာသေးမီက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံအတွက် ကုလသမဂ္ဂ အကူအညီပေးရေးအဖွဲ့၏ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော အစီရင်ခံစာအရ အရပ်သား ၈၅၄ ဦး၊ အီရတ်လုံခြုံရေးတပ်ဖွဲ့ ၂၆၅ ဦး စုစုပေါင်း ၁၁၁၉ ဦးသည် လွန်ခဲ့သောလက အသက်ဆုံးရှုံးခဲ့ကြရသည်။

ယခုထုတ်ပြန်ထားသော ကိန်းဂဏန်းများမှာ တိကျသော အနည်းဆုံးကိန်းဂဏန်းကိုသာ ဖော်ပြခြင်းဖြစ်ကြောင်း၊ နေရပ်ကို စွန့်ခွာထွက်ပြေးပြီး သေဆုံးသူများစာရင်းနှင့် အစာရေစာပြတ်တောက်ခြင်း၊ ဆေးဝါးပြတ်တောက်ခြင်းနှင့် ကျန်းမာ ရေးစောင့်ရှောက်မှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာသော သေဆုံးသူများစာရင်း မပါဝင်သေးကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။

အဆိုပါ သေဆုံးသူစာရင်းတွင် စစ်သွေးကြွများနှင့် အန်ဘာပြည်နယ် အနောက်ပိုင်း၌ သေဆုံးသူများလည်း ပါဝင်သည်ဟု အစီရင်ခံစာက ဖော်ပြသည်။ မြို့တော်ဘဂ္ဂဒက်သည် အဆိုးဆုံးဖြစ်ပွားရာနေရာဖြစ်ပြီး ယင်းမြို့တော်တွင် ၃၅၂ ဦးသေဆုံးကာ ၉၃၈ ဦး ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာလတွင် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် စုစုပေါင်း ၁၆၀၄ ဦး ဒဏ်ရာရရှိခဲ့ကြသည်။ ဩဂုတ်လတွင် အရပ်သား ၁၂၆၅ သေဆုံးခဲ့ပြီး ၁၁၉၈ ဦး ဒဏ်ရာရရှိခဲ့သည်။ အီရတ်တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန် လအတော်ကြာကပင် ကြိုးပမ်းခဲ့ကြသည်။

**(ပရက်စ်တီဗွီ)**



# ၂၀၁၄ မြန်မာ့ကုန်ထုတ်လုပ်မှုပြပွဲ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဖွင့်

**ရန်ကုန် အောက်တိုဘာ ၂**

စက်မှုဝန်ကြီးဌာနနှင့် Singapore Exhibition Services Pte., Ltd. တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၄ မြန်မာ့ကုန်ထုတ်လုပ်မှုပြပွဲ (Manufacturing Myanmar 2014)ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် Singapore Exhibition Services မှ Deputy Chief Executive, Ms. Lindy Wee တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်သူများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် Singapore




Exhibition Services မှ Deputy Chief Executive, Ms. Lindy Wee တို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ပြပွဲတွင် တရုတ်(တိုင်ပေ)၊ ဂျာမနီ၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာအဖွဲ့အစည်းများ၏ ယာယီပြခန်းကြီးလေးခု၊ ဩစတြီးယား၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အစ္စရေး၊ အီတလီ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ အင်္ဂလန်၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံအပါအဝင် နိုင်ငံ ၁၆ နိုင်ငံတို့မှ စက်ယန္တရားပစ္စည်းများ၊ နည်းပညာနှင့် ဖြေရှင်းနည်းများ၊ နိုင်ငံတကာမှ ရောင်းအားအကောင်းဆုံး ထုတ်ကုန်များကို ပြသခဲ့ပြီး စိတ်ပါဝင်စားစွာ တက်ရောက် လေ့လာသူများက နောက်ဆုံးပေါ် နည်းပညာနှင့် ဖြေရှင်းနည်းများကို ကိုယ်တိုင် စူးစမ်းလေ့လာနိုင်ကြောင်း သိရှိရသည်။

အဆိုပါ ပြပွဲကို အောက်တိုဘာ ၂ ရက်မှ ၄ ရက်အတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လေ့လာနိုင်သည်။ **(သတင်းစဉ်)**

# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂**

စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးဝင်းတင့်၊ စားသုံးသူရေးရာဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်ဇော် ဦးဆောင်၍ ဌာနဆိုင်ရာများ၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်တွင်းထုတ်လုပ်သည့် ကုန်ပစ္စည်းများကို ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ထုတ်လုပ်ရန်၊ FDA ထောက်ခံချက်များပါရှိရန်၊ ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် ကုန်ပစ္စည်းများ၏ အမှတ်တံဆိပ်၊ အမည်များကိုသိထားကြရန်၊ ကုန်သွယ်မှုသဘောအရ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ကြသဖြင့် ကုန်ပစ္စည်းတင်သွင်းသူများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်တွင် ပါရှိသည့်အတိုင်း တင်သွင်းလာသည့် ထုတ်ကုန်ပစ္စည်းများတွင် မြန်မာဘာသာဖြင့် မပါရှိပါက မြန်မာဘာသာပြန်ဆိုချက်ကို ရေးသားဖော်ပြရန်၊ ဌာနဆိုင်ရာများနှင့် အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေး အသင်းအဖွဲ့များအကြား Network ချိတ်ဆက်၍ ဆောင်ရွက်ရန်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နမ့်စန်မြို့နယ်တွင် ဘိန်းစိမ်း ၉ ဒသမ ၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂**

စက်တင်ဘာ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် ပိန်းဆည်ကျေးရွာအုပ်စု ပေွဆိုင်ကျေးရွာနေ မပါမိုင်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းစိမ်း ၉ ဒသမ ၆ ကီလို သိမ်းဆည်းရမိသဖြင့် မပါမိုင်(၅၀ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**



**မပါမိုင်အား ဖမ်းဆီးရမိ ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

# ခဲယမ်းများ တာချီလိတ်မြို့နယ်၌ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂**

စက်တင်ဘာ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးစခန်းအနီး ချောင်းကူးတံတား၌ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နယ် ထန်ပါကျုံရပ်ကွက်ဘက်မှ တာချီလိတ်ဘက်သို့ စက်ဘီးစီးနင်းလာသူ တင့်ဇော်ကို ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ BULLET MASTER Co., Ltd. တံဆိပ်ပါ စက္ကူဘူးဖြင့် ထည့်လျက် ထိုင်းနိုင်ငံထုတ် (ပွိုင့် 38) FMJ အမျိုးအစား ပစ္စတိုကျည် ၅၀ တောင့်စီပါ သုံးဘူး၊ စုစုပေါင်း ကျည်အတောင့် ၁၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် တင့်ဇော်(၄၀ နှစ်)ကို အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

# သဲများတင်နေစဉ် သဲပြိုကျ၍ နှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ဒီးမော့ဆို အောက်တိုဘာ ၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြို့မအုပ်စုအတွင်းရှိ သဘာဝသဲတောင်တွင် အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က ယာဉ်ပေါ်သို့ သဲများတင်နေစဉ် ရုတ်တရက်သဲမြေများပြိုကျ၍ နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က ချစ်ဦး (၂၄ နှစ်)၊ သီဟ (၁၈ နှစ်)၊ ကျော်စိုးမိုး( ၃၅ နှစ်)၊ အန်ထော်နီ (၂၃ နှစ်)နှင့် ယဉ်လင်းမြင့် (၃၅ နှစ်)တို့ ငါးဦးအဖွဲ့သည် သဲတောင်တွင် ယာဉ်အမှတ် 3G---ဒမ်ဘာအဖြူရောင်ယာဉ်ပေါ်သို့ သဲများတင်နေစဉ် မိုးရွာသွန်းမှုကြောင့် သဲမြေရုတ်တရက်ပြိုကျသဖြင့် သဲမြေပိ၍ သဲတင်အလုပ်သမား ကျော်စိုးမိုးတွင် ဒဏ်ရာတစ်ချက် (လွိုင်ကော်ဆေးရုံတွင် အတွင်းလူနာ၊ စိုးရိမ်ရ)၊ ချစ်ဦးနှင့် သီဟမှာ (မစိုးရိမ်ရ)ဒဏ်ရာများရရှိပြီး ယဉ်လင်းမြင့်မှာ ပေါက်ပြဲဒဏ်ရာနှင့် အန်ထော်နီမှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ သဲတောင်များသည် မိုးရာသီတွင် မိုးများရွာသွန်းမှုကြောင့် သဲမြေများ မကြာခဏပြိုကျလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ကျောက်မဲမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၇၃၉ ပြား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂**

စက်တင်ဘာ ၂၄ ရက်က ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်တွင် သီပေါမှ ကျောက်မဲဘက်သို့ စိုင်းသန်းအောင်(ခ)စိုင်းပီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၃၉ ပြား သိမ်းဆည်းရမိသဖြင့် စိုင်းသန်းအောင်(ခ)စိုင်းပီး(၃၀နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**

# မိုင်းပွန်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉ ပြား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂**

စက်တင်ဘာ ၂၃ ရက်က လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မိုင်းပွန်မြို့ အမှတ်(၆) ရပ်ကွက်နေ စိုင်းကျော်စော၏ နေအိမ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉ ပြား သိမ်းဆည်းရမိသဖြင့် စိုင်းကျော်စော(၅၈ နှစ်) ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂**

စက်တင်ဘာ ၂၄ ရက်က မူးယစ်တပ်ဖွဲ့စု(၁၀၄) နေပြည်တော်မှ တပ်ဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် (၆၄×၆၅)လမ်းကြား၊ ပိတောက်လမ်းတွင် ကျော်စိုးမင်းမောင်းနှင်၍ ဇော်မင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ကျော်စိုးမင်း ဆောင်းထားသည့် ဆိုင်ကယ်စီးဦးထုပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀ သိမ်းဆည်းရမိသဖြင့် ကျော်စိုးမင်း(၃၄ နှစ်)နှင့် ဇော်မင်း(၃၉ နှစ်)တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားသည်။ **(သတင်းစဉ်)**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဆေးပညာသတင်းဆန်းများ(၇၆)

**အမှတ် (၂) ဆီးချိုရောဂါ**

အသက်ကြီးမှဖြစ်တဲ့ အမှတ်(၂)ဆီးချိုရောဂါဟာ ပျောက်ကင်းအောင် မကုသနိုင်တဲ့ရောဂါပါ။ ဒါပေမယ့် ဒီရောဂါဟာ ကိုယ်ခန္ဓာအလေးချိန်များတဲ့လူတွေမှာ ကိုယ်အလေးချိန်လျှော့စေတဲ့ အစာအိမ်ကိုခွဲစိတ်ကုသမှုနဲ့ သက်သာအောင်လုပ်နိုင်တယ်ဆိုတာတင်ပြခဲ့ပြီးပါပြီ။ ယခုတစ်ခါ ခွဲစိတ်ကုသမှုမဟုတ်ဘဲ စားသောက်နေထိုင်ပုံနည်းစနစ် ပြောင်းလဲလုပ်ဆောင်တာဟာလည်း ဆီးချိုရောဂါကို ပျောက်ကင်းလုနီးပါး အထူးသက်သာစေတယ်ဆိုတဲ့ လေ့လာထားချက်ကိုလည်း တင်ပြချင်ပါတယ်။ Intensive Lifestyle Intervention (ILI) ခေါ်တဲ့ အထူးနေထိုင်စားသောက်မှုပုံစံနဲ့ ကြားဝင်ဆောင်ရွက်ပေးခြင်းကို ဆီးချိုဝေဒနာရှင်ပေါင်း ၄၅၀၀ ကျော်နှင့် စမ်းသပ်ထားတဲ့ လေ့လာမှုတစ်ခုအကြောင်း ယခုနှစ်ထုတ်ဝေတဲ့ Diabetes Digest အမှတ်(၂)ဂျာနယ်မှာ ဖော်ပြထားပါတယ်။ ကိုယ်အလေးချိန်လျှော့အောင် အထူးသဖြင့် ကာဗိုဟိုက်ဒရိတ်ဓာတ်များများပါတဲ့ အစားအစာတွေ လုံးဝလျှော့ပြီး Protein ခေါ် အသားဓာတ်ပါတဲ့ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကိုသာ စားသုံးခြင်းဖြင့် ဆီးချိုရောဂါကို ပျောက်လုနီးပါးထိန်းထားနိုင်တယ်လို့ ဆိုပါတယ်။ ကိုယ်အလေးချိန် ၁၅ ကီလိုဂရမ်လျှော့ရင် ဆီးချိုရောဂါ ၆၁ ရာခိုင်နှုန်း သက်သာစေနိုင်ပြီး ၂၀ ကီလိုဂရမ်လျှော့ရင် ၈၀ ရာခိုင်နှုန်း သက်သာစေနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် နေထိုင်စားသောက်မှုပုံစံကို အထူးပြုပြင်ပြောင်းလဲကျင့်သုံးခြင်းဟာ ဆီးချိုရောဂါအတွက် အထူးသက်သာအကျိုးရှိနိုင်တာကြောင့် ဆီးချိုဝေဒနာရှင်များ Calorie များများ ပါတဲ့ ကောက်ညှင်း၊ ဆန်၊ ပေါင်မုန့်၊ နံပြား၊ ခေါက်ဆွဲ၊ ဆီ၊ ထောပတ်၊ ပိန်းဥ၊ ကန်စွန်းဥ၊ ပြောင်းဖူး၊ ထန်းလျက်၊ ကြံသကာနှင့် အချိုရည်များသောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်ပြီး အသားငါးနှင့် ဟင်းသီးဟင်းရွက်တို့ကို များများ စားသုံးသင့်ကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။

**ဂီတတီးလုံးသံသည် ကျန်းမာရေးကိုအထောက်အကူပြု**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အလုပ်လုပ်နေကြတဲ့သူတွေဟာ အလုပ်ခေတ္တနားချိန်မှာ မိမိကြိုက်နှစ်သက်ရာ ဂီတတီးလုံးတစ်ခုခုကို နားဆင်လိုက်တာဟာ အလုပ်အတွက်ရော ကျန်းမာရေးအတွက်ပါ အလွန်အထောက်အကူပြုတယ်ဆိုတဲ့သတင်းပါ။ ဒီလေ့လာချက်ကိုတော့ လန်ဒန် Brunel တက္ကသိုလ်က ဆေးပညာရှင်တွေပြုလုပ်ခဲ့ကြတာပါ။ ဒါဟာ အင်္ဂလန်နိုင်ငံ Sheffield Hallan University နှင့် အမေရိကန်နိုင်ငံက လေ့လာချက်တွေနှင့်လည်း တူညီနေတယ်လို့ ဆိုပါတယ်။ အဲဒီလေ့လာချက်နှစ်ခုမှာတော့ ဂီတတီးလုံးတွေကြောင့် အားကစားစွမ်းရည် တိုးတက်ခဲ့တယ်ဆိုတာကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ အလုပ်လုပ်နေတဲ့သူတွေမှာ အလုပ်ကြောင့် ပင်ပန်းနွမ်းနယ်လာရင် ဒီလိုမိမိကြိုက်နှစ်သက်ရာ ဂီတတီးလုံးတစ်ခုခုကို (Ear Phone)ခေါ် နားကြပ်နဲ့ နားထောင်လိုက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လာခြင်း၊ ပင်ပန်းနွမ်းနယ်မှု ပပျောက်ခြင်း၊ စိတ်ဖိစီးမှု နည်းသွားခြင်း၊ ဦးနှောက်စွမ်းရည်ပိုတက်လာခြင်း၊ နှလုံးနှင့်ပတ်သက်တဲ့ ရောဂါဖြစ်လာမှုနည်းပါးနိုင်ခြင်းနှင့် လုပ်ရည်ကိုင်ရည်တိုးတက်လာခြင်းတို့ကို ခံစားရနိုင်တယ်လို့ဆိုပါတယ်။ စည်းကျကျအချက်ညီညီ ဂီတသံဟာ ဦးနှောက်ရဲ့ Motor area ကို နှိုးဆွနိုင်တာကြောင့် လူ့ခန္ဓာကိုယ်ကို လန်းဆန်းဖျတ်လတ်စေနိုင်တာဖြစ်တယ်လို့ ဆိုပါတယ်။ Sport Medicine ခေါ်တဲ့ အားကစားဆေးပညာမှာလည်း ဂီတတေးသံဟာ အားကစားမြှင့်တင်နိုင်မှုကို အထောက်အကူပြုတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**မှိုနှင့်လူသားတို့ ကျန်းမာရေး**

ယခုဖော်ပြလိုတဲ့သတင်းကတော့ မှိုဟာ လူသားတွေရဲ့ ကျန်းမာရေးမှာ အထူးအထောက်အကူ ပြုနိုင်တယ်ဆိုတဲ့ လေ့လာထားချက်တစ်ခုအကြောင်းပါ။ ဒီလေ့လာချက်ကိုတော့ American Society of Nutrition က ပြုလုပ်ထားတာပါ။ ဒီအကြောင်း FASEA Biological Journal မှာ ဖော်ပြထားပါတယ်။ သူတို့အဆိုအရ ကမ္ဘာမှာ မှိုအမျိုးပေါင်း တစ်သိန်းလေးသောင်းခန့်ရှိပြီး လူတွေစားသုံးမှုများတာကတော့ ဒီအထဲက ၁၀ ရာခိုင်နှုန်းလောက်ပဲရှိတယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ မှိုဟင်းဟာ ကိုယ်ခံအားကောင်းမွန်မှု၊ ကိုယ်အလေးချိန်ထိန်းသိမ်းမှု၊ အဆီနှင့် Cholestrol ဓာတ်နည်းအောင် စွမ်းဆောင်နိုင်မှု၊ ဗီတာမင်နှင့် ဓာတ်သတ္တုတချို့ ပါဝင်နေမှု၊ Antioxidant ခေါ် အဆိပ်အတောက် ချေဖျက်နိုင်စွမ်းရှိမှုတွေကြောင့် လူ့ကျန်းမာရေးအတွက် အထူးအသုံးဝင်တဲ့ အာဟာရတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ ဗီတာမင်အနေနဲ့ ဗီတာမင် B အုပ်စုနှင့် D တို့ပါဝင်ပြီး ဓာတ်သတ္တုအနေနှင့် Selenium, Ergothioneine, Potassium နှင့် Copper တို့ပါဝင်တယ်လို့ ဆိုပါတယ်။ ဒီအထဲက Selenium နှင့် Ergothioneine ဓာတ်တို့ဟာ အစွမ်းထက်တဲ့ Antioxidant တွေဖြစ်ပြီး Copper ကတော့ သွေးနီဥဖြစ်ဖို့ လိုအပ်တဲ့ ဓာတ်သတ္တုတစ်ခုဖြစ်ပါတယ်။ မှိုအများစုဟာ Calorie ဓာတ်နည်းနည်းသာပါဝင်ပြီး အာဟာရဖြစ်စေတာကြောင့် ဆီးချိုရောဂါရှင်တွေအတွက် အထူးအသုံးဝင်တယ်လို့ ဆိုပါတယ်။ မှိုအမျိုးအစားတွေထဲက Turkey Tail သို့မဟုတ် Cloud Mushroom ခေါ်တဲ့ မှိုအမျိုးအစားတွေဟာ ရင်သားကင်ဆာအတွက် ဆေးဝါးတစ်ခုလို အသုံးဝင်ပြီး Spirit Plant ခေါ်တဲ့မှိုကတော့ Antibacteria, Antifungal နှင့် Antiviral ပိုးသတ်ဆေး အာနိသင်တွေ ရှိကြောင်း တင်ပြလိုက်ရပါတယ်။

**ဆေးယဉ်ပါးမှုပြဿနာ**

ဆေးယဉ်ပါးမှု ပြဿနာအကြောင်း ယခင်ကတင်ပြခဲ့ဖူးပါပြီ။ ယခု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဒီကြီးထွားလာတဲ့ ဆေးယဉ်ပါးမှုပြဿနာနဲ့ပတ်သက်ပြီး စာမျက်နှာ ၂၅၇ မျက်နှာပါတဲ့ အစီရင်ခံစာအကြောင်းကို အတိုချုံး တင်ပြလိုပါတယ်။ WHO ခေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နိုင်ငံပေါင်း ၁၁၄ နိုင်ငံက တွေ့ရှိချက်တွေကို အခြေခံပြီး ဒီအစီရင်ခံစာကို ထုတ်ပြန်လိုက်တာပါ။ သူတို့အဆိုအရ AMR (Antimicrobial Resistance) ပိုးသေဆေးယဉ်ပါးမှုပြဿနာဟာ အရှိန်အဟုန်ကြီးစွာ ဖြစ်လာနေပြီလို့ ဆိုပါတယ်။ Bacteria, Parasite, Virus နှင့် Fungi စတဲ့ ပိုးမွှားတွေကို ကုသနိုင်တဲ့ ယခုလက်ရှိအသုံးပြုနေတဲ့ ပိုးသေဆေးဝါးတွေဟာ ဆေးယဉ်ပါးမှုတွေဖြစ်ပေါ်လာတာကြောင့် မကြာမီကာလအတွင်းမှာ ထိခိုက်ဒဏ်ရာ သေးသေးမွှားမွှားတစ်ခုဖြစ်ခဲ့ရင်တောင် ကုသနိုင်မယ့် ဆေးမရှိဖြစ်လာမှာကို စိုးရိမ်ရမယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံကအစ ဒေသအသီးသီးမှာ ယခင်က Methicillin ဆေးနှင့် ကုလို့ရတဲ့ Staphylococcus Aureus ကြောင့် ဖြစ်တဲ့ရောဂါဟာ အခုအခါ ၉၀ ရာခိုင်နှုန်းခန့် ကုမရနိုင်တော့အောင်ဖြစ်လာနေပြီလို့ ဆိုပါတယ်။ အလားတူပဲ Pneumonia ခေါ် အဆုတ်ရောင်ရောဂါ၊ ဆီးပူညောင်းကျရောဂါတွေဟာလည်း ဆေးယဉ်ပါးမှုကြောင့် ဆေးမတိုးတော့ဘဲ ကုရခက်တဲ့ ရောဂါတွေဖြစ်နေပြီလို့ ဆိုပါတယ်။ ဒီဆေးမတိုးတဲ့ ပြဿနာကြောင့် အမေရိကန်တစ်နိုင်ငံတည်းမှာ တစ်နှစ်ကို လူနှစ်သောင်း သုံးထောင်ခန့် သေဆုံးနေရတယ်လို့ US Centre for Disease Control and Prevention ဌာနကြီးက ထုတ်ပြန်ထားပါတယ်။ ယခုအခါ ကမ္ဘာတစ်လွှား ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ AIDS ရောဂါတွေကို ကုသရာမှာလည်း ဆေးယဉ်ပါးမှုပြဿနာတွေဖြစ်နေရပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအနေကို အဖြေရှာထိန်းသိမ်းနိုင်ဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြိုးစားနေရကြောင်း တင်ပြလိုက်ရပါတယ်။

**လက်ဖက်ရည်ကြမ်းသည် မှတ်ဉာဏ်စွမ်းအားမြင့်မားစေနိုင်**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Green Tea ခေါ် လက်ဖက်ရည်ကြမ်းတစ်မျိုးကို သောက်သုံးခြင်းဟာ မှတ်ဉာဏ်စွမ်းအားကို မြင့်မားစေနိုင်တယ်ဆိုတဲ့ လေ့လာထားချက်ပါ။ Green Tea ဟာ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတွေမှာ ရိုးရာသောက်သုံးစရာအဖြစ် အများအပြားသောက်သုံးနေကြတဲ့ ဓလေ့ရှိခဲ့တာပါ။ ယခင်လေ့လာထားချက်တွေထဲမှာ Green Tea ဟာ Antioxidant ဆိုတဲ့ အဆိပ်အတောက် ချေဖျက်နိုင်တဲ့ အာနိသင်ပါဝင်ပြီး ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါတွေကို ကာကွယ်နိုင်ကြောင်း သိရှိထားခဲ့ကြတာပါ။ American Heart Association က ထုတ်ဝေတဲ့ Stroke ဂျာနယ်မှာလည်း ဂျပန်နိုင်ငံက အသက် ၄၅ နှစ်မှ ၇၄ နှစ်အရွယ် လူပေါင်းရှစ်သောင်းသုံးထောင်ကျော်ကို လေ့လာထားတဲ့ စာတမ်းမှာလည်း Green Tea ဟာ Stroke ခေါ် လေဖြတ်ခြင်းကို ကာကွယ်နိုင်တယ်ဆိုတာ ဖော်ပြထားပါတယ်။ လန်ဒန် Cambridge University Hospital က ဆေးပညာရှင်တွေရဲ့ လေ့လာထားချက်မှာလည်း Green Tea သောက်ခြင်းဟာ Prostate Cancer ရောဂါကို ကာကွယ်ကုသရာမှာ အထူးအထောက်အကူပြုနိုင်တယ်လို့ ဖော်ပြထားပါတယ်။ ယခု မှတ်ဉာဏ်စွမ်းအားကို တိုးတက်စေနိုင်တယ်ဆိုတာကိုတော့ ဆွစ်ဇာလန်နိုင်ငံ Basel University က ဆေးပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် Green Tea ခေါ်တဲ့ လက်ဖက်ရည်ကြမ်းဟာ လူတွေရဲ့ ကျန်းမာရေးအတွက် အဖိုးနှုန်းချိုသာစွာနှင့် သောက်သုံးသင့်တဲ့အရာတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**နှလုံးသွေးကြောရောဂါ**

စက်တင်ဘာ ၂၉ ရက်နေ့ဟာ ကမ္ဘာ့နှလုံးရောဂါနေ့ ဖြစ်ပါတယ်။ ဒီနှစ်အတွက် နှလုံးရောဂါကာကွယ်နိုင်ဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆော်ဩထားတာကတော့ မိမိပတ်ဝန်းကျင်ကို နှလုံးကျန်းမာရေးပတ်ဝန်းကျင်ဖြစ်အောင် ဖန်တီးကြဖို့ပဲဖြစ်ပါတယ်။ နှလုံးသွေးကြောရောဂါ (Cardio-Vascular Disease C.V.D) ဟာ ကမ္ဘာမှာ နံပါတ်တစ်လူအသေအများဆုံးရောဂါဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ စာရင်းအရ သည်ရောဂါကြောင့် တစ်နှစ်မှာ လူပေါင်း ၁၇ ဒသမ ၃ သန်းကျော် အသက်ဆုံးရှုံးနေကြရပါတယ်။ ၂၀၃၀ ပြည့်နှစ်ကျရင် ၂၃ သန်း အထိ တိုးလာနိုင်တယ်လို့လည်း ခန့်မှန်းထားပါတယ်။ နှလုံးသွေးကြောရောဂါကို အဓိကဖြစ်စေနိုင်တာကတော့ ဆေးလိပ်၊ အရက်အလွန်အကျွံသောက်မှု၊ ကျန်းမာရေးနှင့်မညီညွတ်တဲ့ အစားအစာစားသုံးမှုနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့ ဖြစ်ပါတယ်။ အဝလွန်ရောဂါရှိသူနှင့် ဆီးချိုရောဂါရှိသူတွေဟာ သာမန်လူတွေထက်ပိုပြီး ဒီရောဂါဖြစ်နိုင်ခြေရှိပါတယ်။ ဒါကြောင့် ဒီနှလုံးရောဂါကို ကာကွယ်နိုင်ဖို့ နှလုံးကျန်းမာရေးဝန်းကျင်ကို ဖန်တီးဖို့ အောက်ပါအချက်တွေကို အကြံပြုထားပါတယ်။

(၁) ဆေးလိပ်မသောက်ခြင်းဟာ မိမိအတွက်ရော၊ မိမိနှင့် အတူနေသူမိသားစုကိုပါ ဆေးလိပ်ကြောင့်ဖြစ်စေတဲ့ အန္တရာယ်ကို ကာကွယ်နိုင်တာကြောင့် ဆေးလိပ်ကို လုံးဝမသောက်ဖို့၊

(၂) ကျန်းမာရေးနှင့် ညီညွတ်တဲ့ အစားအစာ၊ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေကိုသာ စားသုံးပြီး (အလွယ်တကူချက်ပြုတ်ထားတဲ့ Fast Food တွေကို တတ်နိုင်သလောက်ရှောင်ကြဖို့)၊

(၃) တီဗွီထိုင်ကြည့်ချိန်ကိုလျှော့ပြီး လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို နေ့စဉ်ပြုလုပ်ကြဖို့၊

(၄) အရွယ်ရောက်ပြီးသူတိုင်း သွေးတိုး၊ ဆီးချို၊ Cholestrol စစ်ဆေးပြီး ကိုယ်အလေးချိန်နှင့် အရပ်၊ ညွှန်းကိန်း (Body Mass-Index-BMI ) ကို စစ်ဆေးဖို့၊ အဝမလွန်အောင် နေထိုင်ဖို့ စတဲ့အချက်တွေကို ဆောင်ရွက်ကြဖို့ တိုက်တွန်းထားတာကို တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

**ဒေါက်တာကံညွန့်**

# ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်းတွင် သင်တန်းများဖွင့်လှစ်

**မိတ္ထီလာ အောက်တိုဘာ ၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ Public Workforces Training သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီးကိုယ်စား ခေတ္တ ဒုတိယကျောင်းအုပ်ကြီး ဦးစန်းလွင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး**(ယာပုံ)** ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းများမှာ မော်တော်ယာဉ်ပြင်သင်တန်း (Automotive Mechanic Level-1) သင်တန်းနှင့် လျှပ်စစ်ဂဟေသင်တန်း(Electric Arc Welding Level-1)တို့ဖြစ်ပြီး သင်တန်းသား စုစုပေါင်း ၃၆ဦးဖြင့် သင်တန်းကာလ ၁၂ ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုအသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်ပြီး National Skill Standard Level-1နှင့် ညီမျှသည့် ဘာသာရပ်များအားလုံးကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်အောင်မြင်ပြီးပါက သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်၌ အဆင့်မီကျွမ်းကျင်လုပ်သားတစ်ဦးအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း သိရသည်။



သင်တန်းပြီးမြောက်အောင်မြင်သူများအား National Skill Certificate Level-1နှင့်ညီမျှသောအောင်လက်မှတ်များကို ချီးမြှင့်မည်ဖြစ်ပြီး ဆက်လက်၍ အလုပ်အကိုင်ကျွမ်းကျင်မှုဆိုင်ရာ Testing Centre များတွင် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ Testing Centre များ၌ စစ်ဆေးအောင်မြင်ပါက လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အာဆီယံ အသိအမှတ်ပြုလက်မှတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြော

**မိုးညို အောက်တိုဘာ ၂**

သာယာဝတီခရိုင် မိုးညိုမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက မြောက်လုပ်ကုန်းအုပ်စု အုပ်ချုပ်ရေးမှူးနေအိမ်၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝေဝေက ငါးလုပ်ငန်းဦးစီးဌာနက တားမြစ်ထားသော ငါးဖမ်းကိရိယာ (ဘက်ထရီရှော့ခ်)ဖြင့် ငါးမဖမ်းဆီးရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးမျိုးမပြုန်းတီးရေးတို့အတွက် ငါးလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောသည်။ အသိပညာပေးဟောပြောပွဲသို့ မြောက်လုပ်ကုန်းအုပ်စု အင်းသားကြီးများ၊ ရေလုပ်သားများ၊ ပြည်သူများ တက်ရောက်ကြသည်။

**ခင်လတ်(မိုးညို)**

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နည်းဥပဒေထုတ်ပြန်ရန်လိုအပ်သည့် ဥပဒေတစ်ရပ်အတွက် သုံးသပ်ဆောင်ရွက်ရသဖြင့် ထုတ်ပြန်ရန်လိုအပ်ပါက ထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၏ **"မြန်မာ့အားကစား မြင့်မားတိုးတက်ရေးအတွက် ပြုပြင်ထိန်းသိမ်းစရိတ်၊ ပြိုင်ပွဲစရိတ်များကို နှစ်စဉ်ဘတ်ဂျက်များတွင် ထည့်သွင်းချထားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အားကစားဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခု၏ မြို့တော်များတွင် ကျင်းပပြုလုပ်ပေးလျက်ရှိပြီး ယင်းပြိုင်ပွဲ၏ ပြိုင်ပွဲကျင်းပစရိတ်၊ ခရီးစရိတ်၊ စားသောက်စရိတ်များကို နေရာဒေသအလိုက် ကျင်းပသည့် အားကစားနည်းများနှင့် ပြိုင်ပွဲအမျိုးအစားပေါ်မူတည်ပြီး အနည်းဆုံး ငွေကျပ် ၁၆၃ သိန်းမှ အများဆုံးကျပ် ၅၂၈ သိန်းကို အားကစားဝန်ကြီးဌာန ဘတ်ဂျက်မှ ကျခံပေးလျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်သည့် အားကစားနည်းများအတွက် ပြိုင်ပွဲကျင်းပစရိတ်၊



ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ဖြေကြားစဉ်။ (သတင်းစဉ်)

ယှဉ်ပြိုင်လေ့ကျင့် စရိတ်များကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်း ၇၀၀ထည့်သွင်း လျာထားဆောင်ရွက်လျက်ရှိပြီး ခရိုင်/မြို့နယ်ပြိုင်ပွဲကျင်းပစရိတ်နှင့် ယှဉ်ပြိုင်လေ့ကျင့်စရိတ်များကို တိုင်းဒေသကြီးဘတ်ဂျက်တွင် ထည့်သွင်းသတ်မှတ်လျာထားပေးခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် ခရိုင်/မြို့နယ်များရှိ အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ ယှဉ်ပြိုင်ခြင်းနှင့် လေ့ကျင့်စရိတ်များ၊ အားကစားကွင်း/ရုံ ထိန်းသိမ်းစရိတ်များကို သက်ဆိုင်ရာ ခရိုင်/မြို့နယ်၊ အားကစားနှင့်ကာယပညာကော်မတီ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့၏ ကြီးကြပ်မှု အစီအမံများဖြင့်သာ ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ခရိုင်/ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများတွင် ဘတ်ဂျက်ထည့်သွင်းလတ်တလော အခြေအနေတွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြောကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၏ **"ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ အတည်ပြုထားသော ဥပဒေများအနက် အချို့အား နည်းဥပဒေများအမြန်ဆုံးထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြဋ္ဌာန်းလိုက်သော ဥပဒေတစ်ခုချင်း၏ သဘောသဘာဝအရ နည်းဥပဒေထုတ်ပြန်ရန် မလိုအပ်သဖြင့် နည်းဥပဒေထုတ်ပြန်ခြင်းမရှိသော ဥပဒေများ၊ နည်းဥပဒေထုတ်ပြန်ရန် လိုအပ်သဖြင့် နည်းဥပဒေထုတ်ပြန်ပြီးဖြစ်သောဥပဒေများနှင့် နည်းဥပဒေထုတ်ပြန်ရန် စိစစ်ဆောင်ရွက်ဆဲဖြစ်သော ဥပဒေများဟူ၍ အသီးသီးတွေ့ရှိရပါ



ဘားအံ မဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ မေးမြန်းစဉ်။ (သတင်းစဉ်)

ကြောင်း၊ ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေကို လိုအပ်ချက်နှင့်အညီ အမြန်ထုတ်ပြန်ရသည်များရှိသကဲ့သို့ ဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေ၊ ပေါ်ပေါက်ချက်များအပေါ် အခြေခံလျက် ကာလတစ်ခုအထိ အချိန်ယူလေ့လာပြီးမှ နည်းဥပဒေများကို လိုအပ်သလို ထုတ်ပြန်ရသည်များလည်း ရှိပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ ပြဋ္ဌာန်းသောဥပဒေများအရ နည်းဥပဒေထုတ်ပြန်မှုအခြေအနေကို လေ့လာရာ ကချင်ပြည်နယ်တွင် ဥပဒေ ၁၈ ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ခုနစ်ခု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ကယားပြည်နယ်တွင် ဥပဒေလေးခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေတစ်ခု၊ လုပ်ထုံးလုပ်နည်းတစ်ခု ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင် ဥပဒေခုနစ်ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေတစ်ခု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင် ဥပဒေ ၁၄ ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေထုတ်ပြန်ဆောင်ရွက်မှုမရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဥပဒေ ၃၇ ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၂၃ ခုနှင့် လုပ်ထုံးလုပ်နည်းငါးခု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဥပဒေ၂၀ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၁၄ ခု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဥပဒေ ၁၄ ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေတစ်ခု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် ဥပဒေ ၁၉ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေလေးခု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဥပဒေ ၂၆ ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၁၄ ခု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်တွင် ဥပဒေ ၂၈ ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေတစ်ခု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ဥပဒေ ၂၁ ခုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေလေးခု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဥပဒေ ၁၈ ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ထုတ်ပြန်ဆောင်ရွက်မှုမရှိကြောင်း၊ ရှမ်းပြည်နယ်တွင် ဥပဒေ ၂၁ ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ထုတ်ပြန်ဆောင်ရွက်မှုမရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဥပဒေ ၂၅ ခု ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ၅ ခု ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများအနေဖြင့် နည်းဥပဒေထုတ်ပြန်ရန် လိုအပ်မည့်ဥပဒေအတွက် သက်ဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပြဋ္ဌာန်းဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် နည်းဥပဒေများကို ထုတ်ပြန်ရန် လိုအပ်ခြင်းရှိ/မရှိနှင့် နည်းဥပဒေထုတ်ပြန်ရန် လိုအပ်သည့် ဥပဒေတစ်ရပ်အတွက် သက်ဆိုင် ရာအဖွဲ့အစည်းက ဥပဒေတစ်ခုချင်း၏ သဘောသဘာဝအလိုက် သုံးသပ်ဆောင်ရွက်ရသဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း နည်းဥပဒေထုတ်ပြန်ရန် လိုအပ်ပါက ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ခါတ်သတ္တုသယံဇာတကဏ္ဍမှ GDP တိုးတက်လျှင် နိုင်ငံတော်အနေဖြင့် LDC နိုင်ငံစာရင်းမှ လျင်လျင်မြန်မြန်လွတ်မြောက်စေမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၂**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းစံမင်း၏ **"လားရှိုး-မိုင်းယော်ကားလမ်းမှ ကတ္တရာလမ်းခင်းရန် ကျန်ရှိနေသော ၇ မိုင်ခန့်အား ဆက်လက်ဆောင်ရွက်သွားမည့်အချိန်ကာလနှင့် မိုင်းယော်မှ မိုင်းကျက်သို့ ၂၃ မိုင် အရှည်လမ်းအား ကျောက်ချောလမ်းအဖြစ် အပြီးဆောင်ရွက်သွားမည့် အချိန်ကာလကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ကတ္တရာခင်းရန် ကျန်ရှိသော ၇ မိုင် ၇ ဖာလုံအနက် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်း ၇ မိုင် ၅ ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသော ၂ ဖာလုံသည် လမ်းသားနိမ့်နေသဖြင့် ယခုနှစ်တွင် မြေသားတာပေါင်တင်ခြင်း လုပ်ငန်းဆောင်ရွက်၍ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ တင်ပြတောင်းခံထားပြီး ကတ္တရာလမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိုင်တိုင် ၂၈/၂ (မိုင်းယော်) မှ မိုင်တိုင် ၅၁/၅ (မိုင်းကျက်)ထိ ၂၃ မိုင် ၃ ဖာလုံရှည်လျားပြီး ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်ထိ လမ်းအခြေအနေသည် ကတ္တရာလမ်း ၁ မိုင် ၃ ဖာလုံ၊ အမာခံလမ်း ၂ မိုင်နှင့် မြေလမ်းမိုင် ၂၀ ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်း ၂ မိုင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြေလမ်းမှ ကတ္တရာလမ်းခင်းခြင်း ၄ မိုင် ၃ ဖာလုံ၊ ၃၄ ပေအကျယ် မြေသားလမ်းချဲ့ခြင်း ၆ မိုင် စသည့် လုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေ တင်ပြတောင်းခံထားပါကြောင်း၊ ကျန်ရှိနေသော လမ်းပိုင်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ တင်ပြတောင်းခံ၍ ကတ္တရာလမ်းအဆင့် တိုးမြှင့်ခြင်းလုပ်ငန်းကို လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာ မြတ်ဉာဏစိုး၏ **" စီးပွားရေးမြို့တော်ရန်ကုန်တွင် အများပြည်သူများအတွက် လုံလောက်သည့် အားကစားကွင်းများ ပြန်လည်ဖော်ထုတ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် အားကစားကွင်း စုစုပေါင်း ၁၅ ကွင်းကို အသစ်တိုးချဲ့တည်ဆောက်သွားရန် လျာထားသတ်မှတ်ထားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခင်ရှိပြီး အားကစားကွင်းများကို စီမံကိန်း၊ စီမံချက်အမျိုးမျိုးဖြင့် အိမ်ရာအဆောက်အအုံများ တည်ဆောက်ခဲ့ခြင်းမရှိသည့်အပြင် လက်ရှိ ထိန်း



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးထွန်းဇော် ဆွေးနွေးစဉ်။ (သတင်းစဉ်)

သိမ်းထားရှိသော အားကစားကွင်းများကိုလည်း အများပြည်သူများ ရာသီမရွေး ကစားနိုင်ရေးအတွက် အဆင့်မြှင့်တင်ခြင်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အားကစားကွင်းအသစ်များကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် မြေနေရာများ ထပ်မံဖော်ထုတ်၍ စဉ်ဆက်မပြတ် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အားကစားကွင်း၊ အားကစားရုံများ ထပ်မံဖော်ထုတ်ဆောက်လုပ်ရန်အတွက် အားကစားဝန်ကြီးဌာနအမည်ပေါက် မြေနေရာများရရှိပါက ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် လူငယ်များအပါအဝင် ဗလငါးတန်ဖွံ့ဖြိုးရေးကို ရည်မျှော်၍ အားကစားကွင်း၊ အားကစားရုံသစ်များ ဖော်ထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လက်ရှိအခြေအနေတွင် အားကစားဝန်ကြီးဌာနပိုင် အမည်ပေါက်လုံလောက်သော မြေနေရာမရှိပါသဖြင့် ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့က ဆွေးနွေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးထွန်းဇော်က ပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရာတွင် မူရင်းဥပဒေပြဋ္ဌာန်းချက်တွင် ပါရှိပြီး အမျိုးအစားအပြင် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာများဖြင့် သတ်မှတ်ပြီးသော သတ္တုစက်မှုတွင်းထွက် ကုန်ကြမ်းနှင့် ကျောက်အမျိုးအစားများကိုလည်း ဖြည့်စွက်ဖော်ပြခြင်းဖြင့် ဥပဒေပြဋ္ဌာန်းချက်ကို ပြည့်စုံစေပါကြောင်းဖြင့် ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းက တိုင်းရင်းသားပြည်သူများ ခါတ်သတ္တုတွင် အသေးစားကဏ္ဍနှင့် လက်လုပ်လက်စားကဏ္ဍတို့တွင် ပိုမိုဝင်ရောက်လုပ်ကိုင်လာခြင်းဖြင့် မိသားစုဝင်ငွေ တိုးတက်ရရှိစေပါကြောင်း၊ လုပ်ငန်းရှင်များ အရေအတွက် များပြားလာသည့်အပေါ်တွင် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိစေခြင်းဖြင့် မိမိတို့နိုင်ငံသားများ ပြည်ပသို့ တရားဝင်၊ တရားမဝင်သွားရောက်၍



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

နိမ့်ကျသော အလုပ်အကိုင်များ လုပ်ကိုင်ရခြင်း၊ လူကုန်ကူးခံရခြင်း စသည့် အနိဋ္ဌာရုံများ လျော့နည်းပပျောက်သွားစေပါကြောင်း၊ နယ်စပ်မှတစ်ဆင့် နည်းအမျိုးမျိုးဖြင့် သယ်ယူတင်ပို့ ရောင်းချခြင်းတို့ကြောင့် ပတ်ဝန်းကျင် အိမ်နီးချင်းများသာ လျှင် စီးပွားဖြစ်ထွန်းကြပြီး မိမိတို့နိုင်ငံအတွက် အခွန်အခများ ရရှိစေနိုင်မှု ဆုံးရှုံးခြင်း၊ တရားမဝင်တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူရောင်းချခြင်းများကိုလည်း ကာကွယ်တားဆီးပေးနိုင်ခြင်း စသည့် အားသာချက်များ ရရှိစေပါကြောင်း။

ယခင်က ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ကိုသာ လက်ခံကျင့်သုံးခဲ့၍ မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍ စီးပွားရေးကို တစ်ခေတ်ပြောင်း၍ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေခြင်း၊ နိုင်ငံတော်ဘက်မှလည်း စရိတ်မျှဝေကျခံပေးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများကို လုပ်ငန်းရှင်များဘက်မှ ပိုမိုလုပ်ဆောင်နိုင်ပြီး ပိုမိုကောင်းမွန်သည့် စနစ်များ ကျင့်သုံးဆောင်ရွက်စေနိုင်ပါကြောင်း၊ လုပ်ငန်းရှင်များ ထိုက်သင့်သော အကျိုးအမြတ် ခံစားရနိုင်ပြီး နိုင်ငံတော်သို့ အခွန်ပိုမိုပေးဆောင်နိုင်ခြင်း၊ လုပ်ငန်းများတိုးချဲ့နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေပါကြောင်း၊ ခါတ်သတ္တုသယံဇာတကဏ္ဍမှ GDP တိုးတက်လျှင် နိုင်ငံတော်အနေဖြင့် LDC နိုင်ငံစာရင်းမှ လျင်လျင်မြန်မြန် လွတ်မြောက်စေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

## စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ရုံးအမှတ်(၂၂၈/၂၄၀)ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းကျောင်း၌ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို အောက်တိုဘာ ၁၀ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲတွင် Japan External Trade Organization (JETRO) Yangon မှ Executive Managing Director, Mr. Masaki Takahara က ဟောပြောဆွေးနွေးမည်ဖြစ်ရာ ဖုန်း-၀၁-၂၅၀၈၇၁၊ ၃၇၁၂၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

○ ရှေ့ဖုံးမှ

ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ရာခိုင်နှုန်း အောက်တွင်ရှိနေစေရန် မူလခန့်မှန်းခြေစာရင်းရေးဆွဲရာတွင် သတ်မှတ်ချက်ထားရှိဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ ယခုဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ခွင့်ပြုငွေနှင့် ဖြစ်ပေါ်လာမည့် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းတွင်လည်း ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီ အချိုးကို ၅ ရာခိုင်နှုန်းအောက်တွင် ရှိစေရန် ထိန်းကျောင်းသတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ခွင့်ပြုသုံးစွဲငွေများကို ပိုမိုတိုးမြှင့်သုံးစွဲပေးရန် လိုအပ်သကဲ့သို့ ရသင့်ရထိုက်သော အခွန်အကောက်များ ပြည့်ပြည့်ဝဝ ရရှိစေရေး၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေတိုးတက်ရရှိစေရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ တစ်ဖက်ကလည်း ခွင့်ပြုသုံးစွဲငွေများကို စနစ်တကျနှင့် ထိထိရောက်ရောက် အလေအလွင့်မရှိသုံးစွဲကြရန် အထူးအရေးကြီးပါကြောင်း၊ ထို့အပြင် ခွင့်ပြုသုံးစွဲငွေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းစီမံကိန်းများသည်လည်း ရည်မှန်းချက်အတိုင်း အောင်မြင်ပြီးမြောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသည် ယင်းအချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား ဘဏ္ဍာငွေအရအသုံးဆိုင်ရာခွဲဝေကျင့်သုံးမှုကို ပိုမိုသင့်လျော်ညီညွတ်မျှတစေရေးအတွက် သက်ဆိုင်ရာပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ အခြားနိုင်ငံများတွင် ကျင့်သုံးဆောင်ရွက်နေသည့်စနစ်များကို လေ့လာသုံးသပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲဆောင်ရွက်ကြရာတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကလည်း ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်းပါ ရငွေများကို ပြည့်ဝစွာ ရရှိရေး၊ သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို စနစ်တကျအသုံးပြုရေးတို့အတွက် ပုံမှန်စစ်ဆေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ရငွေအရင်းအမြစ် (Revenue Resources) များအပေါ် မူတည်၍ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက နိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ဆက်စပ်၍ အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် ခွဲဝေအသုံးချနိုင်စေရန် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကိုလည်း လိုအပ်သောပြုပြင်ပြောင်းလဲရေးအစီအမံများ ချမှတ်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်၍ တစ်ခုတည်းသော ဘတ်ဂျက်စနစ်ထားရှိကျင့်သုံးသည့် အခြေအနေမှ ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်များကို ခွဲခြားရေးဆွဲနိုင်ခဲ့ပါကြောင်း။

အစိုးရ၏ကျန်ရှိသည့် သက်တမ်းကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မြန်ဆန်ထိရောက်သော အကျိုးရလဒ် (Quick Win) ရရှိစေနိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ရေရှည်အတွက် အခြေခံအုတ်မြစ်ချပေးရမည့်လုပ်ငန်းများကို ရည်မှန်းချက်ထားရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရငွေတိုးတက်ရရှိရေးနှင့် သုံးငွေများကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ နောက်ထပ်ခွဲဝေသုံးစွဲ ပေးရမည့်ငွေ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့်ငွေတို့ ပါဝင်သော ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့ တင်သွင်းမည် ဖြစ်ပါကြောင်း။

ဤဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးစီး၍ ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးမှသာ ဤဥပဒေအရ ခွဲဝေသုံးစွဲခွင့်ပြုသော ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲကြရန်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုများနှင့် ပတ်သက်၍ ဌာနများအလိုက် လစဉ် ငွေစာရင်းရှင်းတမ်းများကို ဒုတိယဝန်ကြီးတစ်ဦးက သီးခြားတာဝန်ယူ၍ စစ်ဆေးရန်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးချုပ်များက ထပ်ဆင့်ကြပ်မတ်စစ်ဆေးရန်တို့ကို မှာကြားထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာများနှင့် ပတ်သက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းဦးစီးသော နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှု စနစ်တကျဖြစ်စေရေး ကြီးကြပ်မှုကော်မတီကိုလည်း ဖွဲ့စည်းပေးခဲ့ပါကြောင်း။

ဘဏ္ဍာရေးနှစ်အတွင်း သုံးစွဲရန် တောင်းခံငွေများအနက် အကြောင်းအမျိုးမျိုးကြောင့် သုံးစွဲနိုင်ခြင်းမရှိသဖြင့် ပိုလျှံငွေများ များပြားစွာ ပြန်လည်အပ်နှံမှုမဖြစ်ပေါ်စေရေးအတွက် ဝန်ကြီးဌာနများအနေဖြင့် ဘဏ္ဍာငွေလျာထားမှုများကို အနီးစပ်ဆုံးမှန်ကန်အောင်ခန့်မှန်းတွက်ချက် လျာထားကြရန် လိုအပ်ပါကြောင်း။

တစ်ဖက်တွင်လည်း ဘဏ္ဍာရန်ပုံငွေသုံးစွဲမှုများကို ကျစ်ကျစ်လျစ်လျစ်နှင့် ထိရောက်စွာသုံးစွဲနိုင်စေရန်၊ လေလွင့်ဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်ရန် ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်များကိုယ်တိုင် စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာရန်ပုံငွေသုံးစွဲရန် ခွင့်ပြုပေးသည့် အချိန်မှစ၍ ဌာနအကြီးအကဲသည် တာဝန်ခံမှု (Accountability) ရှိလာပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်နှင့် ဆန်းစစ်ခံနိုင်မှုရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၃) ဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များကို ထုတ်ပြန်ထားရှိပြီးဖြစ်ပါကြောင်း၊ ၎င်းညွှန်ကြားချက်တွင် တင်ဒါစည်းမျဉ်းစည်းကမ်းများကို အသေးစိတ်ဖော်ပြထားသည့်အပြင် ဝယ်ယူရေးဆိုင်ရာတင်ဒါ၊ တည်ဆောက်မှုဆိုင်ရာတင်ဒါ၊ ဝန်ဆောင်မှုတင်ဒါ၊ ငှားရမ်းရောင်းချရေးတင်ဒါ စသည်ဖြင့် လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ဆောင်ရွက်ရမည့် တင်ဒါစည်းကမ်းများကို ပြည့်စုံစွာ ဖော်ပြထားပါကြောင်း။

သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်စေရေး ရည်မှန်းချက်နှင့်အညီ ဘတ်ဂျက်လျာထားသုံးစွဲမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ဥပဒေနှင့်အညီ နည်းလမ်းတကျစစ်ဆေးခြင်း၊ စီမံခန့်ခွဲမှု နည်းလမ်းများနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်အဆင့်ကော်မတီ၊ ဌာနအဆင့်ကော်မတီစသည်တို့က စစ်ဆေးကြပ်မတ်ခြင်းတို့ဖြင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်းဖြင့်ပြောကြားခဲ့သည်။

(သတင်းစဉ်)

## တောင်ဥက္ကလာပမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွားမှုအခြေအနေထိန်းချုပ်နိုင်ပြီဖြစ်

**နေပြည်တော် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် စီမံကိန်း (၁) အင်ကြင်းကျုံးကျော်နှင့် ကြက်မောက်ကျုံးကျော်ရပ်ကွက်များတွင် စက်တင်ဘာ ၂၇ ရက် ညနေပိုင်းမှစ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့ရာ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က အဆိုပါရပ်ကွက်တွင် ၂၄ နာရီ ဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ တစ်အိမ်တက်ဆင်း လူနာသစ်ရှာဖွေ ကုသမှုပေးခြင်း၊ လူနာနှင့် အနီးကပ်ပြုစုနေထိုင်သူများကို ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ သောက်သုံးရေများကို နေ့စဉ် ကလိုရင်းဆေးခတ်ခြင်း၊ ယင်လုံအိမ်သာများပြုပြင်ဆောက်လုပ်စေခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ဝမ်းပျက်ဝမ်းလျှော လူနာ ၂၁ ဦးကို သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုပေးခဲ့ပြီး အောက်တိုဘာ ၂ ရက်တွင် အတွင်းလူနာ ၁၁ ဦးသာ ကျန်ရှိပြီး ကျန်လူနာများ၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်းနှင့် သေဆုံးသူမရှိကြောင်း သိရသည်။

ကွင်းဆင်းအဖွဲ့၏ တွေ့ရှိချက်အရ ရပ်ကွက်အတွင်းတွင် အိမ်ခြေထူထပ်၍ လူဦးရေများပြားခြင်း၊ သောက်သုံးရေ သန့်ရှင်းမှုမရှိခြင်း၊ အိမ်အများစုတွင် ယင်လုံအိမ်သာမရှိဘဲ မိလ္လာများကိုမြေပြင်ပေါ်သို့ စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရခြင်းဖြစ်ကြောင်းနှင့် ကွင်းဆင်းအဖွဲ့အနေဖြင့် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယခုအခါရောဂါဖြစ်ပွားမှုအခြေအနေများကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ထပ်မံမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ဆူဇူကီးဖလားခြေစစ်ပွဲဝင်ရန် မြန်မာအသင်းပြင်ဆင်

**ရန်ကုန် အောက်တိုဘာ ၂**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ အောက်တိုဘာ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် အာဆီယံဆူဇူကီးဖလား ခြေစစ်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် ပဏာမကစားသမား ၂၆ ဦးဖြင့် စက်တင်ဘာ ၂၉ ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲအောင်မြင်ရေးအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြင်းပြင်းထန်ထန် ပြုလုပ်လျက်ရှိပြီး ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲကစားရန်စီစဉ်ခဲ့သော်လည်း အဆင်မပြေသောကြောင့် ပြည်တွင်းအသင်းများနှင့်သာ ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၃ ရက် (ယနေ့)ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့သို့ထွက်ခွာမည်ဖြစ်ပြီး အောက်တိုဘာ ၁၀ ရက်အထိ လေ့ကျင့်မှုများ ပြုလုပ်ကာ ခြေစစ်ပွဲကျင်းပမည့် လာအိုနိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။

ဆူဇူကီးဖလား ခြေစစ်ပွဲကို အောက်တိုဘာ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လာအို၊ တီမော၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းအသင်းတို့နှင့် ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသော အစားအစာနှင့် သောက်သုံးရေတို့မှတစ်ဆင့် ကူးစက်တတ်သော ရောဂါတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် ရာသီဥတုပြောင်းလဲသော ကာလများဖြစ်သည့် မိုးအကုန် ဆောင်းအကူးတွင်ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရပါသည်။

ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် ကာလဝမ်းရောဂါသည် Vibrio Cholerae ဟုခေါ်ဆိုသော ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါပြင်းထန်ကာ အချိန်မီ ကုသမှုမရှိပါက အသက်ဆုံးရှုံးနိုင်ပါသည်။ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ ဖြစ်ပွားပြီဆိုပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အချိန်မီ ကုသမှုခံယူရန်နှင့် အဆင့်ဆင့် အချိန်မီအမြန်ဆုံး သတင်းပေးပို့ရန် လိုအပ်ပါသည်။

ကလေးသူငယ်များတွင် ဖြစ်ပွားသော ဝမ်းပျက် ဝမ်းလျှောရောဂါမှာ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားလေ့ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ထိရောက်ပြည့်စုံသော ကုသမှုခံယူရန် လိုအပ်ပါသည်။

ဝမ်းပျက် ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ခြင်း၊ အထူးသဖြင့် အစာမစားမီအချိန်တိုင်း၊ လူနာကို ကိုင်တွယ်ပြီးတိုင်း၊ ကလေးကိုပြုစုပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျစင်ကြယ်စွာ ဆေးကြောရန် ၊ အစားအစာ ပူပူနွေးနွေးစားသောက်ခြင်း၊ ယင်နားစာများ မစားသုံးခြင်း၊ ရေကောင်းရေသန့် ရရှိအောင် ဆောင်ရွက်ခြင်း၊ (ကလိုရင်းဆေးခတ်ထားသောသောက်သုံးရေ သို့မဟုတ် ကျိုချက်ထားသောရေကိုသာ သောက်သုံးခြင်း) ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးကို စနစ်တကျ ဆောင်ရွက်ခြင်းနှင့် ယင်လုံအိမ်သာ ရာခိုင်နှုန်းပြည့် သုံးစွဲနိုင်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

ထို့ကြောင့် ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့အချိန်မီ သတင်းပေးပို့ခြင်းနှင့် ထိရောက်သောကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

စာပေမြင့်မှ လူမျိုးတင့်မည်

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ပညာမဂ္ဂဇင်းထုတ်ဝေမည်

**နေပြည်တော် အောက်တိုဘာ ၂**

မြတ်ပညာမဂ္ဂဇင်းကို ကမ္ဘာ့ဆရာများနေ့အားဂုဏ်ပြု၍ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့အမီ စတင်ထုတ်ဝေမည်ဖြစ်သည်။

မြတ်ပညာမဂ္ဂဇင်းတွင် စာရေးဆရာကြီးများ၏ ကဗျာများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့မှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၏ ဘာသာရပ်ဆိုင်ရာသိကောင်းစရာများနှင့် သင်ပြနည်းဆောင်းပါးများ၊ သုတရသ ဆောင်းပါးများ၊ ဝတ္ထုတိုများနှင့် အခြားကဏ္ဍများလည်း ပါဝင်သည်။

ဆရာ ဆရာမများအနေဖြင့် မြတ်ပညာမဂ္ဂဇင်းကို တစ်ဦးချင်း မှာယူလိုပါက ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးမှူး အမှတ်(၃)ရန်အောင်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ မှာယူနိုင်ကြပြီး မဂ္ဂဇင်းတစ်အုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

မဂ္ဂဇင်းကို နှစ်လတစ်ကြိမ် ဆက်လက် ပြုစုထုတ်ဝေသွားမည်ဖြစ်ပြီး အထက်တန်း ကျောင်းအုပ်ကြီးများ၊ ဘာသာရပ်မှူး ဆရာ ဆရာမများနှင့် စာပေဝါသနာပါကြသည့် ဆရာ ဆရာမကလောင်ရှင်များအနေဖြင့်လည်း စာမူများ ရေးသားပေးပို့ရန် ဖိတ်ခေါ်ထားသည်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှ လေကြောင်းခရီးဖြင့်ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ကိုရီးယားတပ်မတော်မှ Maj Gen Kim Yong-wooနှင့်ဇနီး၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလွင်နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မြင့်ဟိန်းနှင့်ဇနီးတို့က အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Tateshi HIGUCHI၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်စစ်သံမှူး Col.Takeshi Hara နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Lee Baek Soon တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနှင့် သင်တန်းသားများအပြန်အလှန်စေလွှတ်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

အလားတူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



## ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ဂျာမနီနိုင်ငံ ဂျာမန်ပေါင်းစည်းရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဖရန့် ဝေါတာ စတိုင်းမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ကိုရီးယားသမ္မတနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံ တည်ထောင်သည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်မှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာယွန်ဗြောင်ဆဲထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**ပြည်တွင်းသတင်း**




## လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့်မွေးနေ့ ရာပြည့်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ဇာတိ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် (၁၀၀)ပြည့် မွေးနေ့ဖြစ်သည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ရာပြည့်ပွဲတော်ကို နတ်မောက်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဓမ္မိကရာမကျောင်းတိုက်၌ကျင်းပသည့် ရာပြည့်ပွဲတော်ကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

**ပြခန်းများပြသသွားမည်**

ရာပြည့်ပွဲတော်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အခမ်းအနားတွင် ဗိုလ်ချုပ်၏မွေးရပ်မြေ နတ်မောက်မြို့ရှိ ဗိုလ်ချုပ်နေအိမ်ပြတိုက်၌ သမိုင်းတွင်ရစ်မည့်ကမ္ပည်းမှတ်တိုင်စိုက်ထူခြင်း၊ ရာပြည့်ပွဲတော်လာရောက်သူများကို ပဲပြုတ်နှင့် နံပြားဖြင့် ဧည့်ခံကျွေးမွေးသွားမည့်အပြင် တရားပွဲများ၊ စာပေဟောပြောပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဗိုလ်ချုပ်အမှတ်တရပြခန်းများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေးပို့လှူဒါန်းနိုင်**

ဗိုလ်ချုပ် အမှတ်တရပြခန်း ပြသနိုင်ရန်အတွက် ဗိုလ်ချုပ်နှင့် သက်ဆိုင်သော သမိုင်းဝင် စာရွက်စာတမ်းများ၊ ဓာတ်ပုံများ၊ မှတ်တမ်းများကို ပေးပို့လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၀၂၂၈၄၇၀ နှင့် ၀၉-၂၅၉၀၄၅၉၀၈ ရာပြည့်ပွဲတော် ကျင်းပရေးအဖွဲ့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

**မင်းသစ်**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ရွှေ့ပြောင်းလူဦးရေစာရင်းထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ မီဒီယာများအားရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂**

ဗဟိုသန်းခေါင်စာရင်း ကော်မရှင်မှ ၂၀၁၄ ခုနှစ် ဩဂုတ် ၃၀ ရက်တွင်ထုတ်ပြန်ခဲ့သည့် ရွှေ့ပြောင်းလူဦးရေ စာရင်းနှင့်ပတ်သက်၍ ပြည်သူလူထု အသိပညာပေးရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား ရှင်းလင်းသည့်အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်နှင့်တာဝန်ရှိသူများ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းမီဒီယာများနှင့် ရန်ကုန်မြို့အခြေစိုက်နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ စုစုပေါင်းသတင်းမီဒီယာအဖွဲ့ ၃၀ ကျော်တို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ကြိုင်က ပြည်လုံးကျွတ်သန်းခေါင်စာရင်းအား သန်းခေါင်စာရင်းရည်ညွှန်းချိန် ဖြစ်သည့် ၂၀၁၄ ခုနှစ် မတ် ၂၉ ရက်ညသန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံအတွင်း ရှိနေသူအားလုံးကို စာရင်းကောက်ယူခဲ့မှု၊ နှစ်ပေါင်း ၃၀ ကြာ သန်းခေါင်စာရင်းမကောက်နိုင်ခဲ့သည့်အတွက် နှစ်စဉ်ခန့်မှန်းတွက်ချက်ခဲ့သည့် ယခင်လူဦးရေစာရင်းနှင့် ယခုထုတ်ပြန်ခဲ့သည့် ရွှေ့ပြောင်းလူဦးရေစာရင်းကွာခြားမှုအခြေအနေနှင့် အကြောင်းအရင်းများ၊ သန်းခေါင်စာရင်းသည် အခြားအကြောင်းအရာများနှင့် ပတ်သက်မှုမရှိဘဲ နိုင်ငံသားဖြစ်မှု မဖြစ်မှု၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ အိမ်ထောင်စု စာရင်းရှိမှု မရှိမှု၊ မဲစာရင်းအရေအတွက် အစရှိသည်တို့အပေါ် အခြေမတည်ခြင်း၊ လာမည့် ၂၀၁၅ ခုနှစ် မေလအတွင်း သန်းခေါင်စာရင်း အချက်အလက်များထုတ်ပြန်သွားနိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် လူမျိုးဆိုင်ရာ အချက်အလက်များအား နည်းပညာဆိုင်ရာ လုပ်ငန်းများအပြင် လူမျိုးစုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပြီး ၂၀၁၅ ခုနှစ်ကုန်(သို့မဟုတ်) ၂၀၁၆ နှစ်စပိုင်းတွင် နောက်ဆုံးထား ထုတ်ပြန်သွားမည့်အခြေအနေ၊ သတင်းမီဒီယာများ အနေဖြင့်သိရှိလိုသည်များကို ပွင့်ပွင့်လင်းလင်းမေးမြန်း ဆွေးနွေးကြရန်နှင့် သိရှိပြီးအချက်အလက်များကိုလည်း ပြည်သူများနားလည်သဘောပေါက်စေရေးအတွက် တိကျမှန်ကန်စွာ ပြန်လည်ထုတ်လွှင့်ဖော်ပြရေးသားပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့်သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြပြီး ပြည်တွင်း ပြည်ပ သတင်း မီဒီယာများသည် သန်းခေါင်စာရင်းမှတ်တမ်းများထိန်းသိမ်းထားရှိမှု၊ ပုံရိပ်ဖော်စက် (OMR)စက်များဖြင့် စာရင်းဇယားများပြုစုနေမှု၊ ကွန်ပျူတာများဖြင့် စာရင်းဇယားများ ပြုစုနေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး သားဖွားခန်းသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်နှင့်အဖွဲ့တို့ စက်တင်ဘာ နောက်ဆုံးပတ်က လာရောက်ကြည့်ရှုစစ်ဆေးစဉ်။ မီးမီး(လှိုင်)

## မီဒီယာအလင်းတန်းများ စာအုပ်ထုတ်ဝေဖြန့်ချိ

**နေပြည်တော် အောက်တိုဘာ ၂**

စာရေးသူကျော်ဇေယျ (သတင်းစဉ်)၏ မီဒီယာအလင်းတန်းများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

စာရေးသူက သူသည်ပညာရှင်မဟုတ်ပါ၊ ဒီဂျစ်တယ်ပညာ အမြန်ယာဉ်ကြီး မျက်ခြည်ပြတ်မသွားအောင် ကျားကုတ်ကျားခဲလိုက်ပါနေသူဓာတ်ပုံသုတေသီတစ်ဦးမျှသာ ဖြစ်ပါသည်။ ဓာတ်ပုံပညာကို ဖခင်ဖြစ်သူထံမှ တစ်တို့၊ အခြားအခြားဆရာများထံမှ တစ်ဖွဲ့၊ စာအုပ်စာပေ၊ အင်တာနက်စာမျက်နှာတို့မှ တစ်မြို့အမွေခံ သင်ယူဖတ်မှတ်လေ့လာဆည်းပူးနေရင်း ဒီဂျစ်တယ်ဓာတ်ပုံပညာလေ့လာလိုက်စားအသုံးပြုလိုသူများအတွက် ကိုယ်ချင်းစာစိတ်ဖြင့် မျှဝေအသိပေးလိုသည့် စေတနာကိုအခြေခံ၍ ရှာဖွေထုတ်နုတ်၊ ပြုစုတင်ပြရခြင်းပင် ဖြစ်ပါသည်ဟု စကားဦးနိဒါန်းတွင် ဖော်ပြထားသည်။ အဆိုပါစာအုပ်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်ဖုန်း ၀၁-၂၄၈၁၀၂၊ ၀၉-၇၃၁၀၀၂၇၄ တို့သို့ ဆက်သွယ်မှာယူနိုင်ပြီး တန်ဖိုးငွေကျပ် ၆၅၀၀ ဖြစ်သည်။

(မြန်မာ့အလင်း)



## သက်ကြီးရွယ်အိုများနေ့ ကျင်းပ

**ဖျာပုံ အောက်တိုဘာ ၂**

သက်ကြီးရွယ်စုံမြင့်တင်ဖို့အားလုံးပါဝင်ဆောင်ရွက်စို့ဟူသော ဆောင်ပုဒ်နှင့်အညီ ဖျာပုံမြို့ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ် (၁၈) ရပ်ကွက်ရှိ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာ၌ အောက်တိုဘာ ၁ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး ဘိုးဘွားရိပ်သာ ကော်မတီဥက္ကဋ္ဌ ဦးဗဟိန်း က ဘိုးဘွားရိပ်သာနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖျာပုံကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာနေ အဘိုးအဘွား ၂၃ ဦးကို အလှူရှင်များက လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဘိုးဘွားများကိုယ်စား အဘိုးဦးထွန်းရှိန်က ဆုတောင်းမေတ္တာပို့သပေးခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့ရှိ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာ တည်ထောင်သူ ကနိပရဟိတဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) က ၁၉၉၁ ခုနှစ် မတ် ၂၇ ရက်တွင် စတင်တည်ထောင်ပြီး လူမျိုးဘာသာမရွေး လက်ခံစောင့်ရှောက်ပေးနိုင်ရန် စီစဉ်ထားကြောင်းနှင့် ဆက်သွယ်လိုပါက ဥက္ကဋ္ဌ ဦးဗဟိန်း ဖုန်း ၀၉-၄၉၅၅၆၀၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အေး ဖုန်း ၀၉- ၈၅၉၀၅၈၉၊ အတွင်းရေးမှူး ဦးသိန်းလှိုင် ဖုန်း ၀၉-၂၅၀၁၂၃၁၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရွှေပြည်-တောင်အင်း-ထုံးကြီး လမ်းမကြီး၌ တံတားငယ်ငါးစင်းတည်ဆောက်သွားမည်

**စဉ့်ကူး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရွှေပြည်-တောင်အင်း-ထုံးကြီးကျေးလက်လမ်းမကြီးသည် အရှည် ၃ ဒသမ ၅ မိုင်ရှိပြီး စဉ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများတွင် အရှည်ဆုံးလမ်းမကြီးဖြစ်ပြီး ချောင်းမြောင်းများနှင့် ရေပြင်ကျယ်များကို ဖြတ်သန်းဖောက်လုပ်ထားသည်ဖြစ်၍ တံတား ၁၂စင်း ခံထားရပြီး ရေရှည်ကြံ့ခိုင်ရေး လိုအပ်လျက်ရှိကြောင်း သိရသည်။

ယခုအခါ လမ်းမကြီးရေရှည်တည်တံ့ရေးနှင့်ကြံ့ခိုင်ရေးတို့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တင်ဒါအောင်မြင်သော East Boy ကုမ္ပဏီမှ တံတားငယ်ငါးစင်းထပ်မံတည်ဆောက်သွားမည်ဖြစ်ရာ လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရန်အတွက် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ဇော်၊ ဒုတိယဦးစီးမှူး ဦးထွန်းမင်းလွင်နှင့် ကုမ္ပဏီဝန်ထမ်းများသည် တံတားတည်ဆောက်မည့်လမ်းပိုင်းနေရာများကို ကွင်းဆင်းတိုင်းတာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၃၃)

### မြန်မာ့အလင်း စာတည်းထံပေးစာများ

## တည်င်းသီး ဆားရည်စိမ်အနံ့မခံနိုင်

တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဗလ္လိက ၁၁ လမ်းရှိ အိမ်တစ်အိမ်တွင် တညင်းသီး ဆားရည်စိမ်များ သိုလှောင်ထားခြင်း၊ ငါးပိရေကြိုများ သိုလှောင်ထားခြင်း၊ နေ့စဉ် နံနက်/ည တညင်းသီးဆားရည်စိမ်ရေဆိုးများကို စွန့်ပစ်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ**

## အညှော်နံ့ နှင့် ရေဆိုး၊ ရေညစ်များ အနံ့မခံနိုင်

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၅/မရပ်ကွက် မြို့ပတ်လမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်သည် နောက်ဖေးစည်ပင်မြောင်းကိုပိတ်၍ ကျူးကျော်ဆောက်လုပ်ထားပြီး ၎င်း၏ဆိုင်မှ ရေဆိုး၊ အညစ်အကြေးများနှင့် အမှိုက်များသည် ပတ်ဝန်းကျင်သို့ ပျံ့နှံ့စီးဆင်းနေသည့်အပြင် နေ့စဉ်အကြော်အလှော်၊ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ ကျန်းမာရေးထိခိုက်ပြီး စိတ်ဒုက္ခခံစားနေရသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးစိုးရိမ်သူ**

## သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ရေကျော်ဘုန်းကြီးကျောင်းလမ်းသွယ် ပြုပြင်ပေးစေလို

သထုံမြို့ သိမ်ကုန်းရပ်ကွက် ရေကျော်ဘုန်းကြီးကျောင်းနှင့် ကပ်လျက်အရှေ့ဘက်ရှိ လမ်းသွယ်မှာ ပြုပြင်မှုများ လုံးဝမရှိသည့်အတွက် မိုးရာသီတွင် ရေများဝပ်၍ နွေရာသီတွင် ချိုင့်ခွက်များဖြစ်ကာ ယာဉ်သွားယာဉ်လာများနှင့် ရဟန်းသံဃာပြည်သူများ သွားလာရန် အခက်အခဲဖြစ်ပေါ်နေကြောင်းကို အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ယနေ့အချိန်အထိ အရေးတယူပြုပြင်ဆောင်ရွက်ပေးမှုများ မရှိခဲ့သဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ပြုပြင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ထပ်မံတင်ပြပါသည်။

**ရပ်ကွက်သူ/သားများ**


## လိုတရ ဝိဇ္ဇာတန်ဆောင်းအပေါ်ထပ်နှင့် နတ်လမ်းရေစက်ချအလှူမင်္ဂလာနှင့် အထူးတရားပွဲ

၁။ ရွှေသန်လျင်ဆရာတော် အရှင်မေဃိယ
သာသနဓဇ ဓမ္မာစရိယဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက
**ဟောကြားမည့်ရက် - ၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက် (၄-၁၀-၂၀၁၄) (စနေနေ့) ည ၇ နာရီ**

၂။ သီတဂူအရှင်တိက္ခသာရ
သီတဂူကထိက ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သာသနဓဇဓမ္မာစရိယ B.A,M.A
**ဟောကြားမည့်ရက် - ၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက် (၅-၁၀-၂၀၁၄) (တနင်္ဂနွေနေ့) ည ၇ နာရီ**

သန်လျင်မြို့၊ ဒေဝဒဟသဗ္ဗသိဒ္ဓိလောကနတ်ပရဟိတ၊ နတ်စင်တစ်ရာကျောင်းတိုက်၊ နယ်လှည့်သစ္စာဓိဋ္ဌာန်စတုဒိသာ ဆရာတော် ဘဒ္ဒန္တပညာတေဇအား ဦးထိပ်ထား၍ ဖခင်ကြီး ဦးအေးထွန်း၊ မိခင်ကြီး ဒေါ်စွန်တီ၊ အစ်မကြီး ဒေါ်လှမြင့်၊ ညီမထွေး ဒေါ်သင်းသင်းသွယ်တို့ အားရည်စူး၍ ဒေါ်ခင်စော၊ ဦးသန်းထွန်း၊ ဒေါ်ခင်လှတင့် မောင်နှမများနှင့် ခုနစ်ရက်သားသမီးများမှ လှူဒါန်းထားသော လိုတရဝိဇ္ဇာတန်ဆောင်းအပေါ်ထပ်နှင့် နတ်လမ်းကို ရေစက်ချလှူဒါန်းမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလှူတော်မင်္ဂလာနေ့ရက်** - ၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက် (၅-၁၀-၂၀၁၄) (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ
**နေရာ** - နတ်စင်တစ်ရာကျောင်း၊ သန်လျင်မြို့

လိုတရ ဝိဇ္ဇာတန်ဆောင်းအပေါ်ထပ်နှင့် နတ်လမ်းရေစက်ချ အလှူမင်္ဂလာကို နယ်လှည့် သစ္စာဓိဋ္ဌာန်ပင်မစတုဒိသာ အလှူရှင်များအား အထူးဖိတ်ကြားအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၈၊ မြေကွက်အမှတ် ၁၄၂၁ အမည်ပေါက် ဦးဌေးဝင်း B/RGN-၀၁၉၉၆၁ (ကွယ်လွန်)၏ဇနီး ဒေါ်အေး ၁၂/ဥကမ(နိုင်)၁၄၁၆၇၉ မှ မြေချပါမစ်ပြုလုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခြင်းခံရသူ ဒေါ်နီနီမျိုး ၁၂/ဒဂမ(နိုင်)၀၀၁၉၅၄ သည် ၎င်းအားလွှဲအပ်သူ ဦးစံမြင့် ၁၂/လသန(နိုင်)၀၀၈၈၁၂ ၏ အကျိုးစီးပွားနှင့် ဆန့်ကျင်ဆောင်ရွက်နေသဖြင့် ၁၃-၉-၂၀၁၀ ရက် နိုတ်တြီပဗ္ဗလစ်ဦးထွန်းဝေ တံဆိပ်ရိုက် လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၆၄၅/၂၀၁၀ ကို ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်၍ ယင်းကိုယ်စားလှယ်လွှဲစာပါမြေနှင့် ပတ်သက်ပြီး မည်သည့်ကိစ္စမျှ ဆောင်ရွက်ခြင်းမပြုလုပ်ကြရန် အများသိစေရန် ကြေညာလိုက်ပါသည်။

**ဦးစံမြင့်၏ညွှန်ကြားချက်ဖြင့်-**

**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L**
**အထက်တန်းရှေ့နေ**

**ဦးဝင်းဌေး LL.B, D.B.L, D.M.L**
**ဒေါ်ပပခင် LL.B**
**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**



## မိခင်အမည်မှန်

အထက(၂)သထုံ တက္ကသိုလ်ဝင်တန်း(E)မှ မောင်အေးမြင့်မောင်၏ မိခင်အမည်မှန်မှာ မနန်းစန္ဒာထွန်းဖြစ်ပါသည်။ **မနန်းစန္ဒာထွန်း**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အထက(၁)၊ ပဉ္စမတန်း(E)မှ မောင်သင်းသန့်အောင်နှင့် အင်းစိန်မြို့နယ်၊ အမက(၁၂)၊ ပထမတန်း(စ)မှ မောင်လင်းလက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်အောင် ၁၂/လသယ(နိုင်) ၀၄၂၇၆၄ ဖြစ်ပါကြောင်း။

## အသက်သည်သွေး

## မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (Real Property Agent Development Association of Mandalay Region) အမည်အမှတ်တံဆိပ် မူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (REAL PROPERTY AGENT DEVELOPMENT ASSOCIATION OF MANDALAY REGION) အား ၇-၃-၂၀၁၄ရက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ မှတ်ပုံတင်အမှတ် ၅၇၅၅/၂၀၁၃-၂၀၁၄ဖြင့် မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်ပါသည်။ ဖော်ပြပါအသင်း၏ အမှတ်တံဆိပ်အမည် Logo ကို ၂၃-၅-၂၀၁၄ရက်၌ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၉၇၄ဖြင့် မူပိုင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (RPADAMR) အမည်စာတမ်းအမှတ်အသားတံဆိပ်ကို ဆေးရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် အခါအားလျော်စွာ ရိုက်နှိပ်သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ပါ၍ဖော်ပြပါ မူပိုင်အမှတ်တံဆိပ်အား ကြေညာသူ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ သုံးစွဲခွင့်မရှိပါ။ အမှတ်တံဆိပ်ကို တုပ၍ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ အတုအပပြုလုပ်၍ သုံးစွဲနေကြောင်း တွေ့ရှိရပါက တည်ဆဲတရားဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်**
**(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၁၁၇၄၇/၂၀၁၀)**
**အခန်းအမှတ် ဘီ-၄၊ နန်းအိမ်သူတိုက်တန်း၊**
**လမ်း ၃၀၊ ၆၄× ၆၅ကြား၊ မန္တလေးမြို့**

# အာရှယူ-၁၉ ပြိုင်ပွဲအတွက် မြန်မာအသင်းပြင်ဆင်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၁၉အသင်းမှာ အပြီးသတ်ကစားသမားများကိုရွေးချယ်ရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာယူ-၁၉ အသင်းမှာ အာဆီယံယူ-၁၉ ပြိုင်ပွဲအပြီး စက်တင်ဘာ ၂၂ ရက်မှစ၍ လေ့ကျင့်မှုများပြန်လည်ပြုလုပ်ခဲ့ပြီး ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အပြီးသတ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အသင်းမှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ-၁၉ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ပြင်ဆင်မှုများကို ဧပြီလကတည်းက စတင်ပြင်ဆင်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲများ၊ ပြည်ပခြေစမ်းခရီးစဉ်များနှင့် လေ့ကျင့်ရေးခရီးစဉ်များ သွားရောက်ခဲ့သည်။ ဂျပန် ယူ-၁၉၊ အင်ဒိုနီးရှား ယူ-၁၉ အသင်းတို့နှင့် ခြေစမ်းပွဲများသွားရောက်ကစားခဲ့သလို ဂျာမနီနိုင်ငံနှင့် ဆလိုဗက်ကီးယားနိုင်ငံများသို့ သွားရောက်၍ လေ့ကျင့်မှုများပြုလုပ်ပြီး ခြေစမ်းပွဲများကစားခဲ့သည်။ ယင်းကဲ့သို့ ဥရောပနိုင်ငံများတွင် သွားရောက်လေ့ကျင့်ခဲ့ခြင်းက မြန်မာယူ-၁၉ အသင်းကို များစွာတိုးတက်မှုရှိစေခဲ့ပြီး ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည်။ သို့သော် မြန်မာယူ-၁၉ အသင်းမှာ ယင်းပြိုင်ပွဲအပြီးယှဉ်ပြိုင်သည့် အာဆီယံယူ-၁၉ ပြိုင်ပွဲတွင် အောင်မြင်မှုမရရှိခဲ့ဘဲ အဆင့်(၄)နေရာသာရရှိခဲ့သည်။

အာရှယူ-၁၉ ပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းမှာ အုပ်စု(က)တွင် အီရန်၊ ထိုင်း၊ ယီမင်အသင်းတို့နှင့်အတူ ပါဝင်လျက်ရှိသည်။ မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၉ ရက်တွင် ယီမင်အသင်း၊ အောက်တိုဘာ ၁၁ ရက်တွင် ထိုင်းအသင်း၊ အောက်တိုဘာ ၁၃ ရက်တွင် အီရန်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာယူ- ၁၉ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးဝင်း၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးညီညီလတ်၊ ဦးသန်းဝေ၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ဦးမြကိုမင်း၊ ကစားသမားများအဖြစ် ဂိုး-မျိုးမင်းလတ်၊ သန့်ဇင်ညို၊ ပြည့်စုံချစ်၊ နောက်တန်း-ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ ရဲရင့်အောင်၊ အောင်ဟိန်းစိုးဦး၊ သီဟထက်အောင်၊ နန္ဒကျော်၊ နိုင်လင်းထွန်း၊ အလယ်တန်း- မောင်မောင်စိုး၊ ရွှေဝင်းထွန်း၊ ရန်နိုင်ဦး၊ မျိုးကိုထွန်း၊ ကျော်မင်းဦး၊ ချစ်လှအောင်၊ ငြိမ်းချမ်းအောင်၊ စွမ်းထက်အောင်၊ ရန်လင်းအောင်၊ ရှေ့တန်း-သန်းပိုင်၊ ရှိုင်းသူရ၊ မောင်မောင်လွင်နှင့် အောင်သူတို့ပါဝင်ကြသည်။ **ညီမြတ်သော်တာ**

# မိုးသည်းထန်စွာရွာသွန်း၍ လမ်းပေါ်ရေလျှံ



**ရန်ကုန် အောက်တိုဘာ ၂**

အောက်တိုဘာ ၁ ရက် မွန်းတည့် ၁၂ နာရီခန့်ကစတင်၍ တစ်နာရီနီးပါးခန့် ရန်ကုန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ ဗဟန်း၊ တာမွေ၊ ပန်းဘဲတန်းစသည့် မြို့နယ်များတွင် လမ်းဘေးရေနုတ်မြောင်းများမှ ရေများစီးဆင်းနိုင်ခြင်းမရှိသည့်အတွက် လမ်းမကြီးများပေါ်တွင် ရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

ရပ်ကွက်အတွင်း လမ်းများ၌ သာမက အဓိကလိုင်းကားကြီးများ သွားရာ လမ်းမကြီးများပေါ်၌ လမ်းချော့ပြည့် ရေစီးကြောင်းကြီးများ ဖြစ်ပေါ်ခဲ့ပြီး လမ်းဘေးရှိ အမှိုက်ပုံကြီးများပင် ရေစီးကြောင်းနှင့်အတူ မျောပါသွားမှုများဖြစ်ပေါ်ခဲ့သည်။

အချို့သောနေရာများ၌ တစ်ပေခွဲကျော်အထိ ရေစီးကြောင်းများ မြင့်တက်ခဲ့ပြီး ယာဉ်ငယ်များ ကားစက်အတွင်းရေများဝင်ပြီး ရုတ်တရက် ထိုးရပ်သွားခဲ့သည်။ အချို့သောယာဉ်ငယ်များ နောက်ကြောင်းပြန်လှည့် မောင်းနှင်မှုများ ပြုခဲ့ရသည်။

အင်္ဂလိပ်လက်ထက်ကတည်းက တည်ဆောက်ခဲ့ပြီးတစ်ကြိမ်တစ်ခါမျှ ကားလမ်းပေါ် ရေလျှံတက်ခဲ့ခြင်း မရှိခဲ့သော နာမည်ကျော် ဗားကရာချောက်၌ပင် ယခုတစ်ကြိမ်၌ ကားလမ်းပေါ်သို့ရေများ လျှံတက်လာခဲ့သည်ကို တွေ့ရသည်။

နှစ်ပေါင်း ၁၀၀ ကျော်က တည်ဆောက်ခဲ့သော တည်ဆောက်မှု စနစ်ကျခဲ့သော ဗားကရာချောက်ပင် ရေလျှံမှု ဖြစ်ပေါ်လာသည့်အတွက် ယခု ရန်ကုန်မြို့၏ ရေလျှံမှုများအပေါ် ရပ်ကွက်နေပြည်သူများက မြို့တော်စည်ပင်အပေါ် ဝေဖန်မှုများ ရှိလာသည်။

မြို့တော်စည်ပင်မှ အရာရှိတစ်ဦးက ယနေ့ကာလ လမ်းဘေးနှင့်မြောင်းများအတွင်း အမှိုက်စွန့်ပစ်မှု ပိုမိုများပြားလာသည့်အတွက် ဤသို့ဖြစ်ရကြောင်း လက်တွေ့ပြသခဲ့သည်။

**ကိုကြီးတင်**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# နို့စားနွားမွေးမြူရေး အရှိန်မြှင့်တင်ဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်သူများ နွားနို့သောက်သုံးမှုအလေ့အထများ တိုးပွားလာရန်နှင့် နွားနို့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တစ်နိုင်ငံလုံး နို့စားနွားမွေးမြူရေးစီမံကိန်းကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။

နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများတိုးချဲ့လုပ်ဆောင်သွားနိုင်ရန်အတွက် အဆိုပါဝန်ကြီးဌာနအနေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသည့် နယူးဇီလန်၊ ပြင်သစ်၊ ဩစတြေးလျစသော နိုင်ငံများ၏အကူအညီများရယူကာ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

ယခုအခါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နို့စားနွားမျိုးချောင်းများကို အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိသည်။ နို့စားနွားမျိုးချောင်းဆိုသည်မှာ နို့စားနွားများမျိုးစပ်ရာတွင် အသုံးပြုခြင်းဖြစ်သည်။ ယင်းမျိုးချောင်းများ အသုံးပြုခြင်းဖြင့် နို့စားနွားမျိုးကောင်းများ ပေါက်ပွားလာမည်ဖြစ်သည်။ ထို့အပြင် အဆိုပါဝန်ကြီးဌာနအနေဖြင့် နို့ပေါင်းစက် ၁၈၀ ကိုလည်း ပြည်ပမှဝယ်ယူတင်သွင်းပြီး လိုအပ်သည့်ဒေသများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# သက်ကြီးရွယ်အိုများနေ့ကျင်းပ


**မိတ္ထီလာ အောက်တိုဘာ ၂**

မိတ္ထီလာမြို့ ဘိုးဘွားရိပ်သာခန်းမ၌ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဘိုးဘွားရိပ်သာမှဘိုးဘွားများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဌေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များကို ကန်တော့ကြသည်။

ယင်းနောက် ဘိုးဘွားရိပ်သာငွေပဒေသာပင်အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းငွေကျပ် ၂၆၆၃၉၀၀ကို ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ တာဝန်ရှိသူများထံပေးအပ်လှူဒါန်းကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



နိုင်ငံတကာအားကစား

# ခြေကုန်ထုတ်ရမယ့် မန်ယူ၊ အပြိုင်နွဲရမယ့် ချယ်လ်ဆီးနဲ့အာဆင်နယ်

ပြိုင်ပွဲတွေ ဆက်တိုက်နွှဲနေရတဲ့ ဥရောပလိဂ် ထိပ်တန်းအသင်းတွေလည်း နားရက်နည်းပေမယ့် ခြေစွမ်းအကုန်ထုတ်နေရပြီး ပရီမီယာလိဂ်အသင်းကြီးတွေအတွက်ကတော့ အောက်တိုဘာ ၄ ရက်နဲ့ ၅ ရက်တွေမှာ အပြိုင်ကြဲရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ် (၇)က စောင့်ကြိုနေပြန်ပါတယ်။ ဖိအားတွေများနေတဲ့ မန်ယူ၊ မျှော်မှန်းချက်ကြီးမားနေတဲ့ ချယ်လ်ဆီးတို့ရဲ့ ပွဲစဉ်တွေက ပရိသတ်ရင်ခုန်နှုန်းကို မြန်စေဦးမှာ ဖြစ်ပါတယ်။

**မန်ယူနှင့် အဲဗာတန်**

တန်းစီဇယားမှာ သတ္တမနေရာရောက်နေတဲ့ မန်ယူနဲ့ အဆင့် (၁၅) နေရာမှာရှိနေတဲ့ အဲဗာတန်တို့က နှစ်သင်းစလုံးရေကုန်ရေခန်းကစားရမယ့် အနေအထားဖြစ်ပါတယ်။ နိုင်ပွဲအပြင်းအထန်လိုအပ်နေတဲ့ မန်ယူဟာ ဒဏ်ရာရ၊ ပွဲပယ်ကစားသမားတွေရှိနေတာမို့ ဒီနှစ်အဝေးကွင်း ရှုံးပွဲမရှိသေးတဲ့ အဲဗာတန်ကို ဘယ်လိုညှော်ခံမလဲ စိတ်ဝင်စားစရာပါ။ ဒီနှစ်သင်းစုစုပေါင်း ၁၈၈ ပွဲ ဆုံတွေ့ခဲ့မှုမှတ်တမ်းကိုကြည့်ရင် မန်ယူက ၈၁ ပွဲနိုင်ပြီး အဲဗာတန်က ၆၅ ပွဲ နိုင်ထားပါတယ်။ သရေပွဲ ၄၂ ပွဲဖြစ်ထားတာမို့ မန်ယူတို့ ရှန်းကန်ရနိုင်ပေမယ့် အနိုင်နဲ့ သရေကလွဲပြီး မန်ယူတို့အခြားရလဒ်မထွက်ပေါ်နိုင်ပါဘူး။

**ချယ်လ်ဆီးနှင့် အာဆင်နယ်**

ပရိသတ်တွေအတွက် ရသစုံပေးမယ့်ပွဲပါပဲ။ ချယ်လ်ဆီးကွင်းမှာ အာဆင်နယ်တို့နောက်ဆုံး ငါးပွဲလာကစားတဲ့ရလဒ်ကိုကြည့်ရင် တစ်ပွဲသာနိုင်ထားပြီး လေးပွဲရှုံးထားပါတယ်။ ချယ်လ်ဆီးရဲ့ ဒီနှစ်ပရီမီယာလိဂ်အားထုတ်မှုကိုကြည့်ရင် ရှုံးပွဲမရှိသေးပါဘူး။ အာဆင်နယ်တို့က နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာနိုင်ထားပြီး လေးပွဲသရေဖြစ်ထားတာမို့ ဒဏ်ရာရကစားသမားတွေများနေတဲ့ အာဆင်နယ်ရဲ့ ကြိုးစားမှုတွေအရာထင်ဖို့ သိပ်မလွယ်ပါဘူး။

**ဗီလာနှင့် မန်စီးတီး**

ဗီလာကွင်းမှာကစားတိုင်း ရှုံးပွဲကြုံတတ်လေ့ရှိတဲ့ မန်စီးတီးအတွက် ရင်ပူစရာပွဲစဉ်ဖြစ်ပါတယ်။ ခံစစ်ပိုင်းအားနည်းမှုရှိနေတဲ့ ဗီလာအတွက် မန်စီးတီးဟာ အကျပ်အတည်းဖြစ်စေမယ့် အသင်းဖြစ်တာမို့ ခုခံရေးကိုအကောင်းဆုံးပြင်ဆင်ပါလိမ့်မယ်။ ဒီပွဲမှာ အိမ်ရှင်ရဲ့ တုံ့ပြန်မှုကိုအားရပေမယ့် သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။

**လီဗာပူးနှင့် ဝက်စ်ဘရွန်း**

ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ လီဗာပူးနဲ့ နိုင်ပွဲတွေဆက်တိုက်ရယူထားတဲ့ ဝက်စ်ဘရွန်းတို့အတွက် အကြိတ်အနယ်ရှိမယ့်ပွဲပါ။ လီဗာပူးဟာ ဒီပွဲကိုအနိုင်ရရေးအတွက် မဖြစ်မနေကြိုးစားမှာမို့ ဝက်စ်ဘရွန်းတို့ ခြေတက်နေပေမယ့် အမြင့်ဆုံးတစ်မှတ်ပဲ မျှော်လင့်နိုင်မယ့်ပွဲဖြစ်ပါတယ်။

**စပါးနှင့် ဆောက်သမ်တန်**

နိုင်ပွဲတွေဆက်တိုက်ယူပြီး ခြေစွမ်းပြနေတဲ့ ဆောက်သမ်တန်ကို စပါးတို့ ရင်ဆိုင်ဖို့ခက်ခဲပါလိမ့်မယ်။ စိတ်ဓာတ်တက်ကြွနေတဲ့ ဆောက်သမ်တန်ကစားသမားတွေဟာ အဝေးကွင်းဆိုပေမယ့် စပါးကို နိုင်ပွဲရအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**

## ဥရောပပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

| | | | |
|---|---|---|---|
| **စပိန်လာလီဂါ ပွဲစဉ်(၇)** | | | **အောက်တိုဘာ ၄** |
| ဂီတာဖေး | - | ကော်ဒိုဘာ | နံနက် ၁း၃၀ |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၇)** | | | **အောက်တိုဘာ ၄** |
| ဟာသာဘာလင် | - | စတုဂတ် | နံနက် ၁း၀၀ |
| **ပြင်သစ်လီဂူး ပွဲစဉ်(၉)** | | | **အောက်တိုဘာ ၄** |
| ရိမ်းစ် | - | ဘော်ဒိုး | နံနက် ၁း၀၀ |
| **အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၁၁)** | | | **အောက်တိုဘာ ၄** |
| ဘလက်ပူးလ် | - | ကာဒစ် | နံနက် ၁း၁၅ |

**အောက်တိုဘာ ၁/၂ ဂိုးရလဒ်များ**

| | | |
|---|---|---|
| မယ်လ်မို | ၂-၀ | အိုလံပီယာကို့စ် |
| အက်သလက်တီကို | ၁-၀ | ဂျူဗင်တပ်စ် |
| ဘေဆယ် | ၁-၀ | လီဗာပူး |
| ဇင်းနစ် | ၀-၀ | မိုနာကို |
| လေဗာကူဆင် | ၃-၁ | ဘင်ဖီကာ |
| အန်ဒါလက်ချ် | ၀-၃ | ဒေါ့မွန် |
| လိဒ်ယူနိုက်တက် | ၀-၀ | ရီးဒင်း |
| ဝုလ်ဗာဟမ်တန် | ၁-၃ | ဟက်ဒါဖီးလ် |
| ဖူလ်ဟမ် | ၄-၀ | ဘော်လ်တန် |

# ဝဲလ်ဘတ် ဟက်ထရစ်သွင်းပြီ




ချန်ပီယံလိဂ်အုပ်စု (D) ပြိုင်ပွဲအဖြစ် အာဆင်နယ်နှင့် ဂါလာတာစာရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ယင်းပွဲတွင် အာဆင်နယ်တိုက်စစ်မှူး ဝဲလ်ဘတ်က ၁၀ဦးတည်းဖြင့် ကစားခဲ့ရသည့် အာဆင်နယ်အတွက် ၎င်း၏ဘောလုံးသမားဘဝတွင် ပထမဆုံးဟက်ထရစ်ဂိုး သွင်းယူပေးခဲ့သည်။

အင်္ဂလန်တိုက်စစ်မှူး ဝဲလ်ဘတ်သည် ပထမပိုင်းတွင် အကောင်းဆုံးကစားပေးနိုင်ခဲ့ပြီး အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် မိနစ် ၃၀ တွင် ဝဲလ်ဘတ်ကပင် ဒုတိယဂိုးသွင်းယူခဲ့သည်။ အာဆင်နယ်အတွက် တတိယဂိုးကို ဆန်းချက်ဇ်က သွင်းယူခဲ့သည်။ ဝဲလ်ဘတ်က စတုတ္ထဂိုး သွင်းယူပြီး ဟတ်ထရစ်ရယူခဲ့သည်။ ဂါလာတာစာရေးအတွက် နှစ်သိမ့်ဂိုးကို ရီမတ်ဇ်က ပွဲချိန် ၆၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ အာဆင်နယ်တို့ ယင်းပွဲ အနိုင်ရလိုက်၍ နှစ်ပွဲကစားပြီး သုံးမှတ်ရယူထားသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

# ရီးရဲမက်ဒရစ် အုပ်စုကိုဦးဆောင်

ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်က ဘူလ်ဂေးရီးယားကလပ် လူဒိုဂိုရက်ဇ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ အုပ်စု (B)တွင် ရမှတ် ခြောက်မှတ်ရရှိကာ ထိပ်ဆုံးရောက်လာသည်။ ယင်းပွဲတွင် စီရိုနယ်ဒိုက ပယ်နယ်တီလွဲချော်ခဲ့သော်လည်း ထပ်မံရရှိသည့်ပယ်နယ်တီဖြင့် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးမသွင်းမီ လူဒိုအသင်းမှ ဒါကိုစတာက ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ရီးရဲမက်ဒရစ်အတွက် အနိုင်ဂိုးကို ဘင်ဇီမာက ပွဲချိန် ၇၇ မိနစ်တွင် မာဆဲလ်လို၏ ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးသွင်းယူခဲ့သည်။ ဘင်ဇီမာသည် လွန်ခဲ့သော ချန်ပီယံလိဂ် ၁၄ ပွဲတွင် ရှစ်ဂိုးသွင်းယူပြီး ခြောက်ဂိုး ဖန်တီးပေးနိုင်ခဲ့သည်။ အခြားပွဲအဖြစ် လီဗာပူးနှင့် ဘေဆယ်တို့ကစားခဲ့ရာ ဘေဆယ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွား၍ လီဗာပူးတို့ အုပ်စုတွင် တတိယနေရာသို့ ရောက်ရှိသွားသည်။









## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## လေလံကြော်ငြာ

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် လမ်းမတော်မြို့နယ်၊ ပြည်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ မင်းရဲကျော်စွာ စီးပွားရေးအဆောက်အအုံစီမံကိန်းမှ အောက်ဖော်ပြပါ အဆောက်အအုံများ လေလံတင်ရောင်းချခြင်းကို ၂၉-၁၀-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) Lot1-5 Storyed Shop House Type B (၁)လုံး=၆၆၇၁ စတုရန်းပေ

(ခ) Lot2-5 Storyed Shop House Type A4 (၁)လုံး=၇၈၉၁ စတုရန်းပေ

(ဂ) Lot3-3 Storyed Commercial Building Block A ၏ Level-1 =၆၀၀၀၀ စတုရန်းပေ

(ဃ) Lot4-3 Storyed Commercial Building Block A ၏ Level-2 =၄၇၇၈၄ စတုရန်းပေ

(င) Lot5-3 Storyed Commercial Building Block A ၏ Level-3 =၄၇၇၈၄စတုရန်းပေ

၂။ လေလံစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမအနီး၊ ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ပဉ္စမထပ်တွင် ရုံးချိန်အတွင်းဝယ်ယူ လျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၇-၁၀-၂၀၁၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီအထိဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ) တယ်လီဖုန်းအမှတ်-၀၁-၃၇၄၃၆၆၊ ၀၁-၃၇၈၁၅၇၊ ၀၁-၃၇၄၀၇၇တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**




# လူပိုမဟုတ်တဲ့ လူအို

ဟန်နီဝင်း (သတင်းစဉ်)

ဘဝရဲ့နေဝင်ချိန်လေး လှပါစေဆိုတဲ့ သက်ကြီးရွယ်အိုတွေကို နွေးနွေးထွေးထွေးနဲ့ ဂရုတစိုက်ပြုစုစောင့်ရှောက်ဖို့ လိုအပ်တဲ့အကြောင်း ပညာပေးဇာတ်ကားကို မြန်မာ့ရုပ်မြင်သံကြားကနေ ထုတ်လွှင့်သွားတာ ကြည့်လိုက်ရပါတယ်။ ဒီပညာပေးဇာတ်ကားလေးကို ကြည့်လိုက်ရတော့ ခါးကကိုင်း၊ မျက်စိကမှိုင်းဆိုသလို ခါးကလည်း ကုန်းလာ၊ ကိုင်းလာ၊ မျက်စိတွေ အမြင်မကြည်၊ ဆံပင်ဖြူတွေနဲ့ ဇရာလက္ခဏာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် သားသမီး၊ ဆွေမျိုးသားချင်းတွေက မေတ္တာဖြင့် စောင့်ရှောက်မှုတွေအများကြီး လိုအပ်တယ်ဆိုတာ သိရှိလိုက်ရပါတယ်။

ဒီလို သက်ကြီးရွယ်အိုတွေကို ပြုစုဖို့ လိုအပ်တယ်ဆိုတာ သိစေဖို့ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် အောက်တိုဘာလ ၁ ရက်နေ့ကို သတ်မှတ်ပြီး နှစ်စဉ်ကျင်းပခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် သက်ကြီးရွယ်အိုတွေရဲ့ စကားသံတွေကို မေးမြန်းမိပါတယ်။

အသက် ၇၀ ကျော် အဘွားကြည်က "အဘွားက အသက် ၇၀ ကျော်ပြီဆိုတော့ အသံတွေတုန်၊ လက်တွေတုန်ဖြစ်နေပါပြီ။ အဘွားဇာတိက ရေနံချောင်းမြို့နယ် ဝက်ချုပ်ကျေးရွာကပါ။ အသက် ၁၅ နှစ်အရွယ်ကတည်းက ထွန်တုံးကိုင်ပြီး တောင်သူ အလုပ်နဲ့ပဲ အလုပ်လုပ်တာ အသက် ၄၀ ကျော်ထိ သန်သန်မာမာလုပ်ကိုင်ခဲ့ပါတယ်။ အခုတော့ သားသမီးတွေကို ပညာတတ်တွေဖြစ်အောင် ကြိုးစားစောင့်ရှောက်ခဲ့ပါတယ်။ သားသမီးတွေကို ငယ်ငယ်ကတည်းက ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရတဲ့ မိဘတွေကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် မလုပ်ကြပါနဲ့လို့ ပြောချင်ပါတယ်။ အခုခေတ်ကြီးမှာ မွေးကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ မိဘတွေကို ပြန်လည် ကြည့်ရှုစောင့်ရှောက်တာ နည်းသွားပြီ ထင်ပါတယ်။ ဒါကြောင့် အသက်ကြီးတဲ့ လူကြီးမိဘတွေကို ပြုစုစောင့်ရှောက်စေချင်တယ်" လို့ ပြောပါတယ်။

အသက် ၇၀ အရွယ်ရှိပြီဖြစ်တဲ့ အဘွားစံပယ်ကလည်း "အသက်ကြီးလာတော့ မျက်စိတွေမှုန်လာပါတယ်။ သွားတွေကလည်းသိပ်မကောင်းတော့ အစားအသောက်စားရတာ အဆင်မပြေဘူး။ အသက်ရလာတော့ ငယ်ငယ်တုန်းကလို သွက်သွက်လက်လက်မလုပ်နိုင်တော့ဘူးပေါ့။ အဘွားမှာ သားသမီး ငါးယောက်ရှိပါတယ်။ အခု သမီးအငယ်ဆုံးနဲ့ အတူနေပြီး သမီးငယ်က ကျွေးမွေးပြုစုစောင့်ရှောက်ပါတယ်။ သားသမီးတွေလည်း သူ့နေရာနဲ့သူ၊ သူ့အလုပ်နဲ့သူ အေးအေးဆေးဆေးဖြစ်တော့ စိတ်ချနေရပါပြီ။ ကိုယ်ကိုယ်တိုင်လည်း ကိုယ်လို သက်ကြီးရွယ်အိုတွေကို ဖေးမလှူဒါန်းမှုတွေ လုပ်ပါတယ်။ စနေနေ့တိုင်း ပျဉ်းမနားဘိုးဘွားရိပ်သာမှာ ကိုယ်တတ်နိုင်သမျှ သွားရောက်လှူဒါန်းပါတယ်" လို့ ပြောပါတယ်။

ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီး ကျန်းကျန်းမာမာနဲ့ သတင်းစာဖတ်နိုင်၊ TV စာတန်းတွေဖတ်နိုင်တဲ့ အသက် ၇၇ နှစ်အရွယ် အဘိုးဦးကျော်လှိုင်က သူ့ဘဝ တစ်စိတ်တစ်ပိုင်းနဲ့ သက်ကြီးရွယ်အိုတွေအတွက် အခုလို ပြောကြားသွားပါတယ်။ "အဘိုးက ၁၉၅၆ ခုနှစ်ကစပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဟံသာဝတီသတင်းစာ၊ ဗိုလ်တထောင်သတင်းစာ၊ နယူးလိုက်သတင်းစာတွေမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာ အငြိမ်းစားယူခဲ့တယ်။ သားသမီးရှစ်ယောက်ရှိပါတယ်။ သားသမီးတွေကို ပညာတွေသင်ကြားပေးနိုင်ခဲ့တယ်။ အခုချိန်အထိတော့ ကျန်းကျန်းမာမာနဲ့ သတင်းစာလည်းဖတ်နိုင်တယ်။ TV အစီအစဉ်မှာလာတဲ့ စာတန်းထိုးဇာတ်ကားတွေလည်းကြည့်လို့ရတယ်။

"အဘိုးအနေနဲ့ သက်ကြီးရွယ်အိုတွေကို အချိန်မှန်စား၊ အချိန်မှန်အိပ်ပြီး ကျန်းမာရေးကောင်းအောင် ဂရုစိုက်ပြုစုမှ အသက်ရှည်မယ်လို့ ပြောချင်ပါတယ်။ အသက်ကြီးလာတော့ ကိုယ်စားချင်တာလေးတွေကလည်း ကျန်းမာရေးနဲ့ ညီညွတ်ဖို့လိုပါတယ်။ သက်ကြီးရွယ်အိုတွေအတွက် ကျန်းမာရေးကောင်းအောင် လေကောင်း လေသန့်ရဖို့ကအစ အရေးကြီးပါတယ်" လို့ပြောပါတယ်။

လူသားများအပါအဝင် သတ္တဝါတိုင်းအတွက် မွေးဖွားပြီးရင် တစ်ချိန် အိုမင်းရင့်ရော်ခြင်းဆိုတဲ့ ဇရာဆိုတာနဲ့ကြုံရမှာပါ။

ဇရာရလာပြီဆိုရင် စိတ်ရဲ့ဖြစ်ချင်မှုတွေကို ခန္ဓာက မလိုက်နိုင်တော့ပါဘူး။ ဒီအချိန်က ဘဝရဲ့ နေဝင်ချိန်ဆိုလည်း မမှားနိုင်ပါဘူး။ ကိုယ့်အလှည့်မကျမီ ဘိုးရွယ်ဘွားရွယ် သက်ကြီးရွယ်အိုများရဲ့ နေဝင်ချိန်လေးကို လှပစေဖို့ ကူညီဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓတရားတော်နှင့်အညီ လူကြီးသူမ သက်ကြီးရွယ်အိုများကို ကြည့်ရှုစောင့်ရှောက်ပေးခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်တာမို့ အရပ်ထဲမှာပဲ ဖြစ်ဖြစ်၊ လမ်းပေါ်မှာဖြစ်ဖြစ်၊ ဘယ်နေရာမှာဖြစ်ဖြစ် ဒုက္ခရောက်နေတဲ့၊ ကူညီစောင့်ရှောက်မှုလိုအပ်နေတဲ့ အဘိုး အဘွားများ၊ သက်ကြီးရွယ်အိုများကိုတွေ့ရင် ရှောင်လွှဲမသွားဘဲ တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

## တာချီလိတ်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများ တည်ဆောက်ပြီးစီးမှုနှင့် စံချိန်စံညွှန်းကိုက်ညီမှု ရှိ/မရှိ စစ်ဆေး

**တာချီလိတ် အောက်တိုဘာ ၂**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ပညာရေးဝန်ကြီးဌာနက ချမှတ်ပေးသော ဘတ်ဂျက်ဖြင့် တည်ဆောက်ခဲ့သည့် တာချီလိတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများဖြစ်ကြသည့် အထက(တာချီလိတ်)၊ အထက(ဟောင်လိတ်)နှင့် ရန်အောင်မြင် မူလတန်းလွန်ကျောင်းများမှ ကျောင်းဆောင်သစ်များ တည်ဆောက်ပြီးစီးမှုနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ အခြေအနေများကို တာချီလိတ်မြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း ဦးဆောင်သည့် တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သတင်းမီဒီယာများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးကြည့်ရှုကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှနှင့် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ကန်ထရိုက်တာတို့က ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းနှင့် ကွဲလွဲမှုများ၊ အားနည်းချက်များကို အမြန်ဆုံးပြုပြင်ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကန်ထရိုက်တာနှင့် လုပ်ငန်းအဖွဲ့အား အသိပေးပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အထက(ဟောင်လိတ်)တွင် ဆက်လက်ဆောက်လုပ်မည့် နှစ်ထပ်စာသင်ဆောင်သစ် စတင်ဆောက်လုပ်နေမှုနှင့် သုံးစွဲထားသည့် ဆောက်လုပ်ရေးပစ္စည်းများ၏ အရည်အသွေးကို စစ်ဆေးကြည့်ရှုကြသည်။ **မောင်ယဉ်ကျေး**

## ကြီးဘွင့်ချောင်းပေါ်ရှိ ရေထိန်းရေမြှင့် အဆောက်အအုံသစ် ဒေသခံတောင်သူများအား လွှဲပြောင်းပေးအပ်

**တောင်တွင်းကြီး အောက်တိုဘာ ၂**



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကားကျေးရွာအနီးရှိ ကြီးဘွင့်ချောင်းပေါ်ရှိ ရေထိန်းရေမြှင့် ရေထိန်းတံခါးကို မြို့နယ်ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပေးခဲ့ပြီး ဒေသခံတောင်သူများအား လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းတို့က အမှာစကားပြောကြားကာ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးသိန်းအောင်က ဆည်ရေကို အလေအလွင့်မရှိ စနစ်တကျ ထုတ်ယူသုံးစွဲရေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမြင့်က သက်တမ်းတို၍ အထွက်နှုန်းကောင်းသည့် စပါးမျိုးများကိုသာ ရွေးချယ်စိုက်ပျိုးသွားကြရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆည်ကော်မတီများကို ရေထိန်းတံခါးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ ဆည်ရေဖွင့်ပိတ်သည့် ကိရိယာများ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

**အထောက်အကူပြု**

ယခု ရေထိန်းတံခါး တည်ဆောက်ပြီးစီးပြီဖြစ်၍ ဝါးခြမ်းကာအုပ်စုမှ ဒေသခံတောင်သူများ၏ လယ်မြေဧက ၅၀ ကျော်ရှိ မိုးစပါးစိုက်ခင်းများ အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်တော့မည် ဖြစ်သည့်အပြင် ဒေသခံပြည်သူများ မွေးမြူထားသည့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သောက်သုံးရေ ဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်းနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို များစွာ အထောက်အကူပြုကြောင်း ဝါးခြမ်းကာကျေးရွာမှ တောင်သူ ဦးဝင်းရွှေက ပြောကြားသည်။

(လ/ဝ၂၁)

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

နေပြည်တော်၊ ဇဗ္ဗူသီရိမြို့နယ်နေ ဦးတင်ဦး (ဒု-ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန)-ဒေါ်အေးအေးမူတို့၏ တစ်ဦးတည်းသောသား

**မောင်ဇော်ထွဋ်အောင် B.A (English)**

**နှင့်**

ရွှေဘိုမြို့၊ အမှတ်(၅)ရပ်ကွက်၊ မင်းရပ်နေ ဦးမြသိန်း (ပ-ဓာတ်မှန်) (ရွှေဘိုပြည်သူ့ဆေးရုံကြီး)-ဒေါ်ထွားကြည် (သားဖွားဆရာမ-ငြိမ်း) (ဘုရားဏီစတိုး)တို့၏ တစ်ဦးတည်းသောသမီး

**မနေရည်မြသိန်း(ခ)ရွှေပိုးဥ B.A (English)**

တို့သည် ၂၄-၉-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရွှေဘိုမြို့၊ မန်းစန္ဒာခန်းမ၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇော်ထွဋ်အောင်-မနေရည်မြသိန်း(ခ)ရွှေပိုးဥ**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၄ဟ/၁၅၆၅ Lifan LF 250 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၃/နစန(နိုင်)၀၁၁၉၉၈၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ တာချီလိတ်**

**ဖခင်အမည်မှန်**

မြိတ်မြို့၊ အထက(၂)၊ အဋ္ဌမတန်း(D)မှ မောင်စောလင်းလင်းဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစောမဲဒါ ဖြစ်ပါကြောင်း။ **ဦးစောမဲဒါ**
**၆/ကစန(နိုင်)၀၂၁၄၉၉**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၆ယ/၇၄၈၈၇၊ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းဇော် ၃/ကကရ(နိုင်)၀၁၂၅၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေ အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော် ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ မြဝတီမြို့**

**ဖခင်အမည်မှန်**

အထက ကျောက်တလုံးကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ ခွန်အောင်ခမ်း၏ဖခင်အမည်မှန်မှာ ဦးမောင်ကြိမ်ဖြစ်ပါကြောင်း။ **ဦးမောင်ကြိမ်**

**မိဘအမည်မှန်**

တာလေမြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မအက်စတာ၏ မိဘအမည်မှန်မှာ ဦးဆွထဲ KLO-၀၆၉၉၈၂နှင့် ဒေါ်ထံလျင် ထရမ်း ၅/ကလထ(နိုင်)၁၁၁၁၆၈ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၃၇၅၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးတွာလ်ဇတန် ၄/ဟခန(နိုင်)၀၀၄၉၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေး)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

လှိုင်ကော်မြို့၊ ရွှေတောင်ရပ်ကွက်နေ ဦးတိုးလင်း(ခ) ဦးအာမာန်အီဆလာမ် ၂/လကန(နိုင်)၀၄၆၁၀၇ သည်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(A)မှ မမေရီ၏ ဖခင်အမည်မှန်မှာ ဦးဆန်ကြီး(ခ)ဦးဆန်ဂျီး ၁၃/ကတန(နိုင်)၀၉၄၄၇၅ ဖြစ်ပါကြောင်း။ **ဦးဆန်ကြီး(ခ)ဦးဆန်ဂျီး**

**အမည်ပြောင်း**

မန္တလေးမြို့၊ အထက(၁၆) ဒုတိယတန်းမှ ဦးဇော်နိုင်ဝင်း၏သား မောင်သူရဇော်နိုင်ဝင်းအား ယနေ့မှစ၍ မောင်သူရဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သူရဖြိုး**

**အမည်ပြောင်း**

ဒေါ်ခင်သန်းမြင့်၏သမီး ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ အထကတက္ကသိုလ်ဝင်တန်းမှ မမိမုန်းအား မကေသီဦးဟု ပြောင်းလဲခေါ်ပါရန်။ **ဒေါ်ခင်သန်းမြင့်**

**အမည်ပြောင်း**

ပုဏ္ဏားကျွန်းမြို့နယ်နေ ဦးအောင်စံကျော် ၁၁/ပဏတ(နိုင်)၀၃၆၉၂၆၏သမီး ယိုးတရုပ် (အထက) န၀မတန်းမှ မခင်နန္ဒယ်အား မဖြိုးငြိမ်းနွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မဖြိုးငြိမ်းနွယ်**

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(A)မှ မအေးအေးသင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်စိန် ၈/နမန(နိုင်)၀၃၉၄၆၇ ဖြစ်ပါကြောင်း။ **ဦးအောင်မြင့်စိန်**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၂၉ယ/၀၀၄၉၂ ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလှိုင် ၂/လကန(နိုင်)၀၄၅၆၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လှိုင်ကော်)**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ယ/၈၁၅၁၅၊ Honda Dream ND 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုး၆/ပလန(နိုင်)၀၇၀၅၂၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြိတ်)**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၁)အထက တက္ကသိုလ်ဝင်တန်း(H)မှ မစန္ဒာမိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝေ ၈/နမန (နိုင်)၀၈၅၉၅၆ ဖြစ်ပါသည်။ **ဦးမြင့်ဝေ**

**ဖခင်အမည်မှန်**

ကျောက်မဲမြို့၊ အမှတ်(၂)၊ အခြေခံပညာ အထက်တန်းကျောင်း အဋ္ဌမတန်း(ဂ) မှ မနန်းခမ်းလူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်းလှိုင် ဖြစ်ပါသည်။

**မိဘအမည်မှန်**

မင်းပြားမြို့၊ အထက၊ န၀မတန်း(G)မှ ကျောင်းဝင်အမှတ် ၀၂၀၀/၁၄ မျိုးနိုင်သိန်း၏ မိဘအမည်မှန်မှာ ဦးမောင်သိန်းမြင့် ၁၁/မပန(နိုင်)၁၆၅၅၉၇ နှင့် ဒေါ်ဦးသိန်းကျော့ ၁၁/မပန(နိုင်)၁၁၀၂၉၀ ဖြစ်ပါကြောင်း။

ဆောင်းပါးနှင့် ကြော်ငြာ

# ဒီမိုကရက်တစ်ရဲလုပ်ငန်းနှင့် မြန်မာ့ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှု(၄)

ထက်ခေါင်

**တပ်မတော်အစိုးရခေတ် (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့/နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)**

၁၉၈၈ ခုနှစ်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြောင်းလဲမှုများစွာ ရှိခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ကိုလည်း နိုင်ငံတော်၏ စီမံခန့်ခွဲအုပ်ချုပ်မှုစနစ်နှင့်အညီဖြစ်စေရန် ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပါသည်။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ**ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဇဟိုကော်မတီ၏ အောက်တွင်-

(က) **ဥပဒေရေးရာဆပ်ကော်မတီ**။ စစ်ဥပဒေချုပ်ဦးဆောင်သော ဥပဒေရေးရာဆပ်ကော်မတီသည် ဗြိတိသျှတို့က အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားခဲ့သော ရဲလက်စွဲ အတွဲ(၁)မှ (၄)အထိကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပြီး ခေတ်စနစ်နှင့်ကိုက်ညီစေရန် ဖြည့်စွက်ပြုပြင်ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

(ခ) **တရားရေးဆပ်ကော်မတီ**။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော တရားရေးရာဆပ်ကော်မတီသည် တရားရေးရာကိစ္စများ၌ ယခင် နိုင်ငံခြားသား ကိုလိုနီအုပ်ချုပ်သူ လူတန်းစားမှ ပြည်သူလူထုကို နှိပ်ကွပ်သည့်တရားစီရင်ရေးမျိုး မဖြစ်စေရေးအတွက် တရားသူကြီးချုပ်ရုံး၊ ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ကို ကြီးကြပ်လျက် အမှုတည်ဆောက်ခြင်း၊ တရားဥပဒေနှင့်အညီ အပြစ်ဒဏ်ရရှိရေးတို့ကို မျက်ခြည်မပြတ်စေဘဲ ဆောင်ရွက်ခဲ့သည်။

(ဂ) **လေ့ကျင့်ရေးဆပ်ကော်မတီ**။ အောက်မြန်မာပြည် ဇဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လေ့ကျင့်ရေးဆပ်ကော်မတီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား မျိုးချစ်စိတ်ပြည့်ဝရေး၊ စွမ်းရည်ပြည့်ဝရေး၊ နိုင်ငံတကာအဆင့်မီခေတ်မီရေးတို့အတွက် လေ့ကျင့်ရေးဖြင့် တည်ဆောက်ရန် လမ်းညွှန်ချက်များ ချမှတ်၍ သင်တန်းများ၊ လေ့ကျင့်ရေးသင်ရိုးညွှန်းတမ်းများကို ဖြည့်စွက် ပြင်ဆင်စီမံဆောင်ရွက်ခဲ့သည်။

(ဃ) **ထောက်လှမ်းရေးရာ ဆပ်ကော်မတီ**။ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ထောက်လှမ်းရေးရာ ဆပ်ကော်မတီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ပြည့်စုံသော သတင်းများရရှိရေး၊ ခေတ်မီသော ထောက်လှမ်းရေးနည်းနာများ၊ ပစ္စည်းကိရိယာများ ပြည့်စုံရေး၊ ဖြည့်ဆည်းရေးတို့အတွက် ကြီးကြပ်ဖြည့်ဆည်း ဆောင်ရွက်ခဲ့သည်။

(င) **စီမံခန့်ခွဲရေးရာ ဆပ်ကော်မတီ**။ ဇဟိုဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့သည် စီမံခန့်ခွဲရေးရာ ဆပ်ကော်မတီနှင့်ပတ်သက်၍ အောက်ပါအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်-

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံများကို ခေတ်စနစ်နှင့် လျော်ညီစွာ တိုးချဲ့ဖွဲ့စည်းခဲ့သည်။

(၂) ယခင်နယ်ထိန်းခေါင်းဆောင်ကို အခြားအဆင့် တပ်ကြပ်ကြီးများဖြင့် ထားရာမှ စွမ်းရည်ပြည့်ဝရေး၊ အမြင်လေးမြင်ဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယရဲအုပ်အဆင့်သို့ တိုးမြှင့်တာဝန်ပေးခဲ့သည်။ အလားတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ ရဲစခန်းများတွင် စခန်းမှူးများကို ဒုတိယရဲအုပ်အဆင့်မှ ရဲအုပ်အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။

(၃) ယခင် အရာခံ/အကြပ်ကြီးလစာများ တူညီနေမှုကိုလည်း တာဝန်နှင့် လုပ်ပိုင်ခွင့်တိုးမြှင့်၍ အရာခံအား လစာတိုးမြှင့်ပေးခဲ့ပါသည်။

(၄) မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ရဲလုပ်ငန်းများ လျင်မြန်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လှည့်ကင်းယာဉ်များ၊ စက်ဘီးများ၊ ပစ္စည်းကိရိယာများကို ခေတ်စနစ်နှင့်လျော်ညီအောင် ဖြည့်တင်းပေးခဲ့သည်။

(၅) နိုင်ငံတကာရှိ ရဲတပ်ဖွဲ့ဝင်များ၏ ရဲလုပ်ငန်းများကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်၍ နယ်မြေလူထုပူးပေါင်းပါဝင်သော နယ်မြေရဲကင်းစနစ်နှင့်ပြည်သူလူထုပူးပေါင်းပါဝင်လာနိုင်စေရန် မီဒီယာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုဆောင်ရွက်ခဲ့သည်။

(၆) တပ်ဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးအတွက် ခရီးစရိတ်များ၊ ဆုကြေးများ၊ ဝတ်စုံကြေးစသည့် ဘဏ္ဍာရေးဆိုင်ရာများကို တိုးပေးခဲ့သည်။

(စ) **လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဆပ်ကော်မတီ**။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သော လုပ်ငန်းအကောင်အထည်ဖော်ရေးဆပ်ကော်မတီသည် အထက်ဖော်ပြပါ ဆပ်ကော်မတီအသီးသီး၏လုပ်ငန်းများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ချမှတ်ပေးသောမူဝါဒများ၊ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ (၄) ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ၏ ကြိုးပမ်းမှုဖြင့် ရဲလက်စွဲ (Burma Police Manual) စာအုပ်များကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုနိုင်ခဲ့ပြီး ခေတ်နှင့်လျော်ညီအောင် ဖြည့်စွက်ပြင်ဆင်တည်းဖြတ်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစည်းကမ်းထိန်းသိမ်းရေးနည်းဥပဒေကို လည်းကောင်း၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။ ၁၉၉၈ ခုနှစ် မေလ ၂၅ ရက်နေ့တွင် အာဆီယံရဲတပ်ဖွဲ့ (ASEANAPOL) အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်-

(က) မျိုးချစ်စိတ်ရှိရမည်၊

(ခ) စွမ်းရည်ပြည့်ဝရမည်၊

(ဂ) ခေတ်မီရမည်ဆိုသော မျှော်မှန်းချက် (၃) ရပ်ချမှတ်ပေးခဲ့ပြီး ရဲတပ်ဖွဲ့အား အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲရေးကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဤအချက်များသည် ဒီမိုကရေစီလမ်းသစ်နှင့် လျော်ညီသော ရဲတပ်ဖွဲ့အဖြစ်ပြောင်းလဲရန် ကြိုးပမ်းမှုခြေလှမ်းများပင်ဖြစ်သည်။

**မူခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီ**။ ပြည်သူ့ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် မူခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၏ ဦးဆောင်မှုဖြင့် ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မူခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီ၏မူခင်းကျဆင်းရေးလုပ်ငန်းကြီး (၅)ရပ်အဖြစ်-

(က) နယ်မြေအတွင်း ကင်းလှည့်စောင့်ရှောက်ခြင်း၊

(ခ) ပြစ်မှုကျူးလွန်တတ်သူများ၊ အလားအလာရှိလူဆိုး၊ သူခိုးများကို စောင့်ကြပ်ထိန်းသိမ်းခြင်း၊

(ဂ) ဒုစရိုက်မှုများ နှိမ်နင်းခြင်း၊

(ဃ) ဒုစရိုက်မှုများ ပပျောက်အောင် ပညာပေးဟောပြောခြင်း၊

(င) ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်ရရှိရေးဆောင်ရွက်ခြင်း။

မူခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီ၏ လုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီ (၄)ခုကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်-

(က) မူခင်းကျဆင်းရေးဆပ်ကော်မတီ

(ခ) ပညာပေးရေးဆပ်ကော်မတီ

(ဂ) သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ

(ဃ) ထိရောက်သော ပြစ်ဒဏ်ရရှိရေးဆပ်ကော်မတီ

ဤသည်တို့မှာ ရဲတပ်ဖွဲ့အား လူထုနှင့်တစ်သားတည်း ဖြစ်စေရေးအတွက် မီဒီယာများနှင့်ပါ ပေါင်းစပ်၍ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများဖြစ်သည်။

**(မျက်မှောက်ခေတ်) ဒီမိုကရေစီအစိုးရခေတ်**

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှစ၍ ဒီမိုကရေစီလမ်းကြောင်းသို့ စတင်လျှောက်လှမ်းခဲ့ရာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ လမ်းညွှန်ချက်နှင့်အညီ ယခင်က တစ်ပါတီလက်အောက်အဖြစ်၌လည်းကောင်း၊ စစ်အုပ်ချုပ်ရေးအောက်၌ လည်းကောင်း ရှင်သန်ခဲ့ကြရသည့် အစိုးရယန္တရားများကို ဒီမိုကရေစီအခင်းအကျင်းနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များနှင့်အညီဖြစ်စေရန် အစိုးရသစ်သည် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တစ်နည်းအားဖြင့် လူ့အခွင့်အရေးများနှင့်ပတ်သက်ပြီး အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် တည်ဆဲဥပဒေများကို လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ ဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် လာဘ်ပေးလာဘ်ယူမှုကင်းသည့် ကောင်းမွန်သောအုပ်ချုပ်မှု (Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ရေးဘက်စုံပြုပြင်ပြောင်းလဲရေးကိုဆောင်ရွက်ခဲ့သည်။ ခေတ်စနစ်ပြောင်းလဲမှုရေစီးကြောင်းနှင့် လိုက်လျောညီထွေဖြစ်ရန် လူ့ဘောင်အဖွဲ့အစည်းတည်ငြိမ်အေးချမ်းရေးအတွက် အဓိကတာဝန်ရှိသည့် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။ စင်စစ်အားဖြင့် ရဲတပ်ဖွဲ့ဆိုသည်မှာ မူဝါဒချမှတ်သူများမဟုတ်၊ အုပ်ချုပ်ရေးအာဏာကိုင်စွဲသူများမဟုတ်၊ လူအဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက် အသုံးချခံကိရိယာ(Tool)တစ်ခု သို့မဟုတ် Law Enforcement Agency အဖွဲ့အစည်းသာဖြစ်သည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို ဥပဒေနှင့်အညီ အားမြှင့်ဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်ရာ နယ်ချဲ့ကရေးဆွဲသော ဥပဒေကို အကောင်အထည်ဖော်ရသောရဲသည် ဥပဒေအရ နယ်ချဲ့အကျိုးစီးပွားကို ကာကွယ်နေမည်သာဖြစ်သည်။ ဆိုရှယ်လစ်ခေတ်တွင် ဆိုရှယ်လစ်ခေတ်ကိုကာကွယ်သော ပါတီဝင်တပ်ဖွဲ့ဝင်(ဝန်ထမ်း)များသာ ဖြစ်နေမည်ဆိုခြင်းမှာလည်း မြေကြီးလက်ခတ်မလွဲ။ ပြဋ္ဌာန်းထားသော ဥပဒေက ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရန်ရေးဆွဲထားလျှင် ရဲကလည်း ပြည်သူ့အကျိုးစီးပွားကိုဥပဒေနှင့်အညီကာကွယ်နေရမည်သာ ဖြစ်သည်။ သို့ဖြစ်ပေရာ ရဲတို့ကိုရှုမြင်ရာ၌ ဥပဒေနှင့်အညီဆောင်ရွက်မှုရှိသည် မရှိသည်ဆိုသော ပေတံဖြင့်သာ တိုင်းတာကြည့်ရှုရမည်ဖြစ်သည်။ ထိုထိုသော ဥပဒေများကို ရဲက ရေးဆွဲသည်မဟုတ်၊ ဥပဒေပြုအဖွဲ့အစည်းများကသာ ရေးဆွဲပြဋ္ဌာန်းကြရသည်။ ယခုကာလဆိုလျှင် လွှတ်တော်အဆင့်ဆင့်က အတည်ပြုပြဋ္ဌာန်းပါမှ ဥပဒေတစ်ရပ်ဖြစ်ပေါ်လာမည်ဖြစ်သည်။

စာမျက်နှာ ၁၇ သို့


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈ဃ/၅၇၄၁၊ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှကြီး ၈/နမန (နိုင်)၁၀၀၅၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ဃ/၆၀၉၇၃၊ Kenbo M/C /နက် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာမင်း ၅/အတန(နိုင်)၀၀၃၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၁ဃ/၄၂၄၁၉၊ အမည်ပေါက် ဦးချစ်စိန် ၉/မမန(နိုင်)၀၃၅၂၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

**အမည်ပြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ လှတောကျေးရွာ အထက၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ ဦးစိုးမြင့်နိုင်-ဒေါ်ဆွေတို့၏သမီး မကဲကဲအား မသွန်းဆွေဇင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသွန်းဆွေဇင်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ဃ/၈၁၁၆၊ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏထွန်း ၆/ရဖန(နိုင်)၀၄၅၁၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့ သစ္စေးကုန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသဲဆုနိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းအေး ၅/တဆန(နိုင်)၂၀၁၃၇၂ ဖြစ်ပါသည်။

**ဦးထွန်းထွန်းအေး**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့ ကံထူးမ အထက၊ တက္ကသိုလ်ဝင်တန်း(ဘီ)မှ မောင်ဝင်းမင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးတင်မျိုးနိုင် ၅/တဆန(နိုင်)၀၉၈၀၁၀ ဖြစ်ပါသည်။

**ဦးတင်မျိုးနိုင်**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(ဘီ)မှ မောင်အောင်ကျော်မိုး၏ ဖခင်အမည်မှန်မှာ ဦးဘိုးလှ ၅/တဆန(နိုင်)၀၃၆၃၃၂ ဖြစ်ပါသည်။

**ဦးဘိုးလှ**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၀ဃ/၄၂၃၈၀ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟန်စိုး ၈/နမန(နိုင်)၀၉၄၂၅၉ က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ရာဇာထွန်းနှင့် သတ္တမတန်း (A)မှ မောင်စိုးမြတ်မင်းတို့၏ ဖခင်အမည်မှန်မှာဦးနိုင်၅/တဆန(နိုင်)၁၄၉၀၅၄ ဖြစ်ပါသည်။

**ဦးနိုင်**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့ အထက (၁) တက္ကသိုလ်ဝင်တန်း (E)မှ မောင်ဟိန်းမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၅/တဆန(နိုင်)၀၁၄၄၈၃ ဖြစ်ပါသည်။

**ဦးဝင်းဗိုလ်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ အထက ညောင်ကိုင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်သူရနိုင်၊ ဆဋ္ဌမတန်းမှ မောင်အောင်ထက်နိုင်နှင့် သူငယ်တန်းမှ မောင်စွမ်းထက်နိုင်တို့၏ ဖခင်အမည်မှန်မှာဦးဝင်းနိုင် ၅/တဆန(နိုင်)၀၄၇၇၁၈ ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်**

**အမည်ပြောင်း**

သုံးခွမြို့နယ်(ပုလဲ)၊ အထက ပဥ္စမတန်း(အေ)မှ မောင်သက်ဇော်နိုင်၏ဖခင် ဦးတင်ချို ၁၂/သခန(နိုင်)၀၄၄၆၁၃အား ဦးတင်ချိုချိုဟု အမည်ပြောင်းလဲခေါ်ပါရန်။

**ဦးတင်ချိုချို**

**အမည်ပြောင်း**

သုံးခွမြို့နယ်(ပုလဲ)၊ အထက အဋ္ဌမတန်း(အေ)မှ မချောစုလှိုင်၏ဖခင် ဦးသန်းဝင်း ၁၂/သခန(နိုင်)၀၅၆၀၁၉အား ဦးသန်းဝင်းရွှေဟု အမည်ပြောင်းလဲခေါ်ပါရန်။

**ဦးသန်းဝင်းရွှေ**

**အမည်ပြောင်း**

သုံးခွမြို့နယ်(ပုလဲ)၊ အထက ပဥ္စမတန်း(အေ)မှ မောင်တေဇာထွန်း၏ဖခင် ဦးထွန်းနိုင် ၁၂/သခန(နိုင်)၀၈၀၂၄၂ အား ဦးအောင်သူဟု အမည်ပြောင်းလဲခေါ်ပါရန်။

**ဦးအောင်သူ**

**အမည်ပြောင်း**

သုံးခွမြို့နယ်(ပုလဲ)၊ အထက ပဥ္စမတန်း(အေ)မှ မနန်းကေသီအောင်၏ဖခင် ဦးမျိုးဇော်ဦး ၁၂/သခန(နိုင်)၀၄၄၂၆၅အား ဦးဇော်မျိုးဦးဟု အမည်ပြောင်းလဲခေါ်ပါရန်။

**ဦးဇော်မျိုးဦး**

**အမည်ပြောင်း**

သုံးခွမြို့နယ်(ပုလဲ)၊ အထက ဆဋ္ဌမတန်း(အေ)မှ မငုဝါလှိုင်၏ဖခင် ဦးမြစော အား ဦးလှစောဟုလည်းကောင်း၊ မိခင်ဒေါ်နွဲ့ အား ဒေါ်သန်းသန်းနွဲ့ဟုအမည်ပြောင်းလဲခေါ်ပါရန်။

**ဦးလှစော၊ ဒေါ်သန်းသန်းနွဲ့**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် အထက(မြို့သစ်) တက္ကသိုလ်ဝင်တန်း(F)မှ မောင်ထင်ကျော်မင်းထက်နှင့်အဋ္ဌမတန်း(C)မှ မောင်သူရိန်မင်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးကြည်ဖိုးဖြစ်ပါကြောင်း။

**ဦးကြည်ဖိုး**

**အမည်ပြောင်း**

သုံးခွမြို့နယ်(ပုလဲ)၊ အထက အဋ္ဌမတန်း(အေ)မှ မောင်ထက်လင်းထွန်း၏ဖခင် ဦးဖိုးရွှေ ၁၂/သခန(နိုင်)၀၁၄၁၂၇ အား ဦးရွှေဟု အမည်ပြောင်းလဲခေါ်ပါရန်။

**ဦးရွှေ**

**ဖခင်အမည်မှန်**

မုံရွာမြို့၊ အထက (၂) တက္ကသိုလ်ဝင်တန်း(A) မှ မောင်သော်ဇင်ထိုက်၏ ဖခင်အမည်မှန်မှာ ဦးချစ်မျိုးမြတ်ကျော် ၅/ရဥန(နိုင်)၀၀၈၂၃၇ ဖြစ်ပါသည်။

**ဦးချစ်မျိုးမြတ်ကျော်**

**အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တပ်ဦးသီတာရပ်ကွက် နယ်မြေ(၈)နေ ဦးသောင်းခန့်ဟန်၏သမီး မဉာဏ်ငိုက်ဟွဲ၏အမည်မှန်မှာ မညန်ငိုက်ဟွဲ ၅/ကလထ(နိုင်)၁၇၉၅၂၉ ဖြစ်ပါကြောင်း။

**မညန်ငိုက်ဟွဲ ၅/ကလထ(နိုင်)၁၇၉၅၂၉**

## ဆောင်းပါးနှင့် ဈေးငြာ

*စာမျက်နှာ ၁၆ မှ*

ထို့ကြောင့် ရဲကို မည်သို့ပုံသွင်းလိုသနည်းဆိုသည်မှာ ရဲက လိုက်နာကျင့်သုံးရမည့် ဥပဒေများကိုရေးဆွဲပြဋ္ဌာန်းအတည်ပြုကြသည့် ဥပဒေပြုအဖွဲ့အစည်းများ၏တာဝန်သာဖြစ်သည်။ ယခင်အစဉ်အဆက်က လူထု၏နှလုံးသားဝယ် အမာရွတ်ထင်ကာ စွဲမြဲခဲ့သော ရဲများ လာဘ်စားသည်၊ ရဲများသည် ပြည်သူကို နှိပ်စက်ညှဉ်းပန်းကြသည်၊ ရဲများသည် ဒုစရိုက်သမားများထံမှ လိုင်းကြေး ယူနေကြသည်၊ အမှုဖြစ်ရင် ရဲနဲ့ရှေ့နေ၊ တရားသူကြီးတို့ ဝေစားကြသည်၊ ငွေများ တရားနိုင်သည်ဆိုသော အစွဲများဖျောက်ရန် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး၌ နိုင်ငံတော်က ဥပဒေ၊ လုပ်ထုံးများဖြင့် ပံ့ပိုးအားဖြည့်မှုမပါဘဲ မဖြစ်နိုင်ပေ။

ထို့ကြောင့် ၂၀၁၁ ခုနှစ်၊ ဒီမိုကရေစီအစိုးရသစ် တာဝန်ယူပြီးသည့်နောက်တွင် လွှတ်တော်အဆင့်ဆင့်၏ ခွင့်ပြုချက်ဖြင့် ရဲတပ်ဖွဲ့သို့ အသုံးစရိတ်များ ခွင့်ပြုပေးခဲ့သည်။ ထိုသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများ၏ တစ်ဦးချင်းအလိုက် ခံစားခွင့်များကို အထက်ဌာနက ခွင့်ပြုချထားပေးမှုများကို သက်ဆိုင်ရာတပ်ဖွဲ့အကြီးအကဲများအနေဖြင့် မိမိတို့ကွပ်ကဲမှုအောက်ရှိ အောက်ခြေ တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများအဆင့်အထိ မှန်ကန်စွာ သိရှိစေရေးနှင့် ခွင့်ပြုငွေများအား အမှန်တကယ်လက်ဝယ်ရရှိခံစားနိုင်ရေး စိစစ်ကြပ်မတ်ပေးကြရန် တာဝန်ရှိသည်။ ထိုသို့ အထွေထွေစရိတ်များ ထုတ်ပေးခြင်းနှင့်အတူ လက်အောက်တပ်ဖွဲ့ဝင်များအား အကြောင်းအမျိုးမျိုးပြ လစာဖြတ်တောက်ခြင်း၊အမှုသည်များ၊ ဒုစရိုက်သမားများထံမှ ငွေကြေးရယူခြင်း၊ လူထုထံမှ ငွေညှစ်ခြင်းစသည်တို့ကို တင်းကျပ်စွာတားမြစ်ပိတ်ပင်ခဲ့သည်။ လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူများ၊ ညွှန်ကြားချက် မလိုက်နာသူများကိုလည်း ထိရောက်စွာအရေးယူခဲ့သည်။

နိုင်ငံတော်သည် ဒီမိုကရေစီသက်တမ်းအလွန်နုပါသေး၏။ ဘက်ပေါင်းစုံအား ပြောင်းလဲပြုပြင်နေရသဖြင့် ငွေကြေးကို ဖုံးပေါလအောမသုံးနိုင်။ သို့ဖြစ်လျက် နိုင်ငံတော်က ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးအတွက် အတတ်နိုင်ဆုံး ဘတ်ဂျက်ခွဲဝေချထားပေးပြီး ရဲတပ်ဖွဲ့အပေါ် လူထုအမြင်ကြည်လင်လာစေရေး ကြိုးပမ်းပံ့ပိုးပေးလျက်ရှိသည်။ ထိုသို့ပေးထားပါလျက် အောက်ခြေ၌ စက်သုံးဆီမရပါ၊ အထက်ကဘာမှမပံ့ပိုးပါ၊ လစာမလုံလောက်ပါ၊ အမှုလိုက်တာ အိတ်စိုက်နေရပါသည်ဟု ဆင်ခြေပေးနေကြပြီး ဒုစရိုက်သမားများထံမှ လိုင်းကြေးတောင်းခြင်း၊ အမှုသည်ထံမှ ငွေတောင်းခြင်း၊ ညှစ်ခြင်း၊ ညစ်ခြင်းပြုနေကြပါလျှင် တပ်ဖွဲ့အပေါ်သာမက နိုင်ငံတော်အပေါ်ကိုပါ သစ္စာဖောက်နေသည်ဟု ဆိုရပါမည်။

နိုင်ငံတော်က ရပ်ဝတ္ထုဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ပံ့ပိုးပေးနေပြီဖြစ်ရာ ရဲတပ်ဖွဲ့အပိုင်းကလည်း စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲရေး ကြိုးပမ်းကြရန်လိုအပ်ပါသည်။ သို့သော် အနှစ်သာရဖြစ်သော စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်ကျင့်သီလ၊ ပြုမူကျင့်ကြံမှုတို့ကို ပြောင်းလဲရန်အတွက်မူ အချိန်ယူရမည်။ အထက်ဌာနက ပြင်ချင်ရုံဖြင့်မရနိုင်၊ အောက်ခြေထုတစ်ရပ်လုံး ကိုယ်စီအားလုံး(All Inclusive) ပါဝင်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

**အမှန်တကယ် ပြုပြင်ပြောင်းလဲရမည့်အရာ**

ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတော်သမ္မတကြီး၏ မေတ္တာရပ်ခံချက်ဖြင့် ဥရောပသမဂ္ဂနိုင်ငံများ E.U (Europe Union)အဖွဲ့က မြန်မာနိုင်ငံရဲတပ်ဖွဲ့အား လူထုအခြေပြု ရဲလုပ်ငန်းစနစ် (Community Policing)နှင့် လူအုပ်စုထိန်းသိမ်းခြင်း (Crowd Management) တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ သင်တန်း၏ ဦးတည်ချက်မှာ လူထုနှင့်ရဲအကြား ယုံကြည်မှုတည်ဆောက်နိုင်ရေးနှင့် ရဲကဥပဒေနှင့်အညီ ဆောင်ရွက်သည်ဆိုရာ၌ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားဆောင်ရွက်တတ်စေရန် လေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ အနှစ်ချုပ်သော် ရှိရင်းအတွေးအခေါ်နှင့် ရှုမြင်ပုံပြောင်းလဲရန်မှာ အဓိကကျသည်။

ဤအချက်နှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ (၄၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက-

"ရဲတပ်ဖွဲ့ကို နိုင်ငံတကာစံချိန်စံညွှန်းများနဲ့ကိုက်ညီတဲ့ အဖွဲ့အစည်းအဖြစ် လိုအပ်ချက်များကို ပြုပြင်နိုင်ဖို့အတွက် UNODC (United Nations Office on Drugs and Crime)၊ ဥရောပသမဂ္ဂ (Europe Union) (EU)၊ အမေရိကန်စတဲ့ နိုင်ငံအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုနိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းအတွက် အဓိကတာဝန်ရှိတဲ့ ရဲတပ်ဖွဲ့ကို အရည်အသွေးမြှင့်တင်ခြင်းမျှသာမက ဒီမိုကရေစီကျင့်စဉ်နဲ့ လိုက်လျောညီထွေရှိအောင် ပြောင်းလဲတည်ဆောက်ခြင်းပဲဖြစ်တယ်။ ဒီမိုကရေစီကျင့်စဉ်နဲ့ လိုက်လျောညီထွေရှိတဲ့ ရဲလုပ်ငန်းဆိုတာ ပြည်သူဗဟိုပြုတဲ့ ရဲလုပ်ငန်း၊ ပြည်သူကို ဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်တဲ့ရဲလုပ်ငန်း၊ ရဲလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပြည်သူလူထုအကြား ထင်သာမြင်သာရှိအောင် ဆောင်ရွက်တဲ့လုပ်ငန်းပဲဖြစ်တယ်"ဟု ရဲတပ်ဖွဲ့၏ အနာဂတ်မျှော်မှန်းချက်နှင့် ပြောင်းလဲရန် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းမိန့်ကြားခဲ့ပါသည်။

စင်စစ်အားဖြင့် လူထုအခြေပြုရဲလုပ်ငန်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် အသစ်အဆန်းတော့မဟုတ်လှပေ။ လူထုအခြေပြု ရဲလုပ်ငန်းစနစ် (ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ဟုလည်း ခေါ်သည်) ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၁၉၉၅ ခုနှစ်တွင် စစ်ကိုင်းတိုင်း၌ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှု အတော်အတန်ရရှိခဲ့သည်။ စစ်ကိုင်းမြို့ပေါ်တွင် လူထုကြားထဲ၌ လူထု၏တောင်းဆိုမှုဖြင့် ဖွင့်လှစ်ထားသော လူထုအခြေပြု ရဲကင်းများကို ယနေ့တိုင် တွေ့မြင်နိုင်သေးသည်။ သို့သော် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ရှိရင်းစွဲအယူအဆဟောင်းကို လက်မလွှတ်လိုခြင်း၊ ရရှိထားသောလုပ်ပိုင်ခွင့်ကို ဆုပ်ကိုင်ထားလိုခြင်းတို့ကြောင့် အဆိုပါ (Community Policing)လူထုအခြေပြုရဲလုပ်ငန်းမှာ တစ်ပြည်လုံးအတိုင်းအတာအထိ ပျံ့နှံ့အောင်မြင်မှုမရှိခဲ့ကြောင်း ဝန်ခံရပေမည်။ ဤသည်မှာ မိမိတို့တစ်နိုင်ငံတည်း၌သာ ဖြစ်ပျက်သည်မဟုတ်၊ ယနေ့ခေတ်မီပါသည် ဆိုသော EU ရဲတပ်ဖွဲ့ (Europol)(ယူရိုပို)အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime) (UNODC)တို့၏ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ ယင်းတို့၏ နိုင်ငံတကာအတွေ့အကြုံ သင်ခန်းစာများအရ ပြုပြင်ပြောင်းလဲရာတွင် ကြုံတွေ့ရသော အခက်အခဲတစ်ရပ်မှာ ရဲတပ်ဖွဲ့ဝင်အများစုက မူလအယူအဆအဟောင်းကို စွန့်လွှတ်လိုမှုမရှိခြင်းနှင့် လုပ်ပိုင်ခွင့်ကို ဆုပ်ကိုင်ထားလိုမှုပင်ဖြစ်ကြောင်း ဖော်ပြကြသည်။ (ဌာနဆိုင်ရာ ဝန်ထမ်းအားလုံးလည်း ဤသဘောအတိုင်းပင်ဖြစ်သည်။) ထိုသို့သောအယူအဆကို ပြောင်းလဲပစ်ရန် အချိန်ယူရခြင်းပင်ဖြစ်သည်။

**ရဲလုပ်ငန်းနှင့် လူ့အခွင့်အရေး**

ယနေ့ EU က သင်ကြားပေးနေသော Crowd Management လူအုပ်စုထိန်းသိမ်းခြင်း(စီမံခန့်ခွဲခြင်း)မှာ ဒီမိုကရက်တစ်ရဲလုပ်ငန်းတွင် အထူးအရေးပါသော သင်ခန်းစာဖြစ်သည်။ ဆောင်ရွက်မှုအားလုံးတွင် လူ့အခွင့်အရေးကို အပြည့်အဝလေးစားလိုက်နာရန် ဘောင်ခတ်ပေးထားသည်။ ထစ်ခနဲရှိ အင်အားအသုံးပြုဖြိုခွဲခြင်းသည် ဒီမိုကရက်တစ် ရဲလုပ်ငန်းမဟုတ်၊ ဤနည်းဖြင့် လူထု၏ယုံကြည်မှုကိုမရနိုင်၊ လူထုနှင့် ပိုမိုကင်းကွာစေသည်၊ အရေးယူခြင်း၊ အပြစ်ပေးခြင်းသည် နောက်ဆုံးအဆင့်မှ ဆောင်ရွက်ရန်ဖြစ်သည်။ ပြဿနာတစ်ရပ်ကို ဖြေရှင်းရန် ချဉ်းကပ်ရာ၌ ပြဿနာ၏ မူလဇာစ်မြစ်ကို ဖြေရှင်းပေးရမည်။ ဤသည်ကို ပြဿနာအခြေပြုရဲလုပ်ငန်းစနစ် (Problem Oriented Policing) ဟုဆိုကြသည်။ ရင်းမြစ်ပြဿနာကို ဖြေရှင်းခြင်းမပြုဘဲ ထိပ်တိုက်ရင်ဆိုင်ဖြိုခွဲခြင်း၊ အရေးယူခြင်းတို့သည် ဆင့်ပွားပြဿနာများကို ထပ်မံမွေးထုတ်ပေးသည်။ ဤသို့ဖြင့် မီးပွားများတစ်ခုစီ ထပ်ထွက်လာကာ ပြဿနာကို ဖြေရှင်း၍မဆုံးနိုင်အောင်ဖြစ်တော့သည်။ ဤကား ဒီမိုကရက်တစ်လုပ်ငန်း၏ စဉ်းစားပုံတစ်ခုဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးကြသော နိုင်ငံများတွင် လူအုပ်စုထိန်းသိမ်းရာ၌ ရှေးဦးစွာ တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းတိုင်ပင်ခြင်းတို့ဖြင့် ထိတွေ့ဖြေရှင်းကြသည်။ ထိုအဆင့်မှ လွန်၍ လုံခြုံရေးကျိုးပေါက်ထွက်လာစေသော ပြဿနာများဖြစ်လာပါက ဥပဒေနှင့်အညီ ဆက်လက်ဖြေရှင်းရမည်။ ထိုသို့ဖြေရှင်းရာ၌ အင်အားအသုံးပြုသောအဆင့်ရောက်သောအခါ အနည်းဆုံးလိုအပ်ချက်ဖြစ်သော အင်အားကိုသာ အသုံးပြုရမည်။ အင်အားအလွန်အကျွံသုံးမှုမဖြစ်စေရ။ လက်နက်များအသုံးပြုလျှင် ထိခိုက်သေကျေမှုမဖြစ်စေနိုင်သော လက်နက် (Non Lethal weapons)များကိုသာ အသုံးပြုရမည်။ နောက်ဆုံး မတတ်သာမှသာ သေစေနိုင်သောလက်နက်(Lethal weapons)ကို ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် အကန့်အသတ်ဖြင့်အသုံးပြုရမည်စသည့် နိုင်ငံတကာရှိရဲအဖွဲ့များက အသုံးပြုနေသော လူ့အခွင့်အရေး စံနှုန်းနှင့်အညီ ဆောင်ရွက်တတ်ရန် အတုယူပြုပြင်ရမည်။ တစ်နည်းအားဖြင့် ရဲတပ်ဖွဲ့သည် လူထုကို အလုပ်အကျွေးပြုနေရသော အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာ၌ လူထုအပေါ် ဝန်ဆောင်မှုပေးသောပုံစံဖြင့် ဆက်ဆံရမည်၊ အဆုံးစွန်သောသည်းခံမှုဖြင့် သည်းခံဆက်ဆံရမည်၊ စိတ်ရှည်ကြရမည်၊ လက်နက်ကိုင်တပ်ဖွဲ့၏ မာန်မာနမျိုးဖြင့် ဆက်ဆံ၍မရဟူသည်ကို သတိပြုလက်ခံကျင့်သုံးကြရမည်သာ ဖြစ်သည်။

ထိုသို့သော လူ့အခွင့်အရေးစံနှုန်းများကို အလေးထားဆောင်ရွက်နိုင်ရန် အခြားတစ်ဖက်ရှိ ပြည်သူလူထုကလည်း နိုင်ငံရေးရေချိန် မြင့်ရန်လိုသည်။ အတွေးအခေါ်နှင့် ဆင်ခြင်တုံတရားရှိရန်လိုသည်။ တရားဥပဒေကို လေးစားလိုက်နာခြင်း၊ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို ဦးထိပ်ထားခြင်း၊ သတ်မှတ်စည်းဘောင်အတွင်းမှ မိမိအခွင့်အရေးကို တောင်းဆိုခြင်း၊ ပြဿနာတစ်ရပ်ကို စိတ်လိုက်မာန်ပါဖြင့် ဒေါသရှေ့ထားဖြေရှင်းမှုမျိုးကို ရှောင်ရှားခြင်း၊ ညှိနှိုင်းဆွေးနွေးမှုမျိုးတွင် အလျှော့အတင်း လက်ခံနိုင်စွမ်းရှိခြင်း၊ စိတ်ရှည်သည်းခံခြင်းတို့ရှိကြရန် လိုသည်။ ထစ်ခနဲရှိ ခဲဆွဲ၊ တုတ်ဆွဲ၊ ထစ်ခနဲရှိ နိုင်ငံပိုင်ပစ္စည်းပါမချန် မီးရှို့ခြင်း၊ အကြောင်းမဲ့အကျိုးဖျက်ဆီးခြင်း၊ တောင်းဆိုသောပြဿနာရပ်ကို ဦးတည်မှုမပြုတော့ဘဲ လုယက်ဖျက်ဆီးမှု၊ လူသတ်မှုစသော ရာဇဝတ်ပြစ်မှုများကို ရောယှက်ကျူးလွန်လာတတ်ခြင်း၊ ရိုးသားစွာဆန္ဒဖော်ထုတ်သည့် အဖွဲ့အစည်းအတွင်းသို့ အဖျက်အမှောင့်ပယောဂပူးဝင်လာခြင်း၊ သွေးထိုးလှုံ့ဆော်သူ၊ နိုင်ငံရေးအမြတ်ထုတ်သူ၊ စီးပွားရေးအမြတ်ထုတ်သူများ ရောဝင်လာသဖြင့် ပြဿနာမှာ ပိုမိုရှုပ်ထွေးသွားတတ်ခြင်းတို့ ဖြစ်တတ်သည်ကို အထူးဂရုပြုကြရန်လိုသည်။ အဆိုပါ အမှောင့်ပယောဂများ ကင်းရှင်းမှသာ ပြဿနာတစ်ရပ်ကို ဒီမိုကရေစီနည်းအရ ငြိမ်းချမ်းစွာ ချဉ်းကပ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ ။

---

### သဘာဝဘေးလျှော့ပါးရေး လူငယ်နည်းပြ သင်တန်းဆင်း

**မြစ်ကြီးနား အောက်တိုဘာ ၂**

ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် သဘာဝဘေးလျှော့ပါးရေးစေတနာ့ဝန်ထမ်း လူငယ်နည်းပြသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက အမှာစကားပြောကြားပြီး သင်တန်းသားများသို့ သင်တန်းဆင်းလက်မှတ်များနှင့် ခရိုင်အလိုက် ဆိုလာမီးအိမ်များ၊ ရေဒီယိုများ၊ လက်ကိုင်စကားပြောအသံချဲ့စက်များ ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းအောင်**

ကျန်းမာ၊ ပညာဘက်စုံကို ဖွံ့ဖြိုးစေလို၊ အခွန်ကို မှန်မှန်ကန်ကန်ဆောင်စေလို

---


### ဆောက်လုပ်ရေးဝန်ကြီးဌာန
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် လွှတ်တော်ဝင်းအတွင်း အသစ်ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာများအတွက် အောက်ဖော်ပြပါလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်း၍ ဖိတ်ခေါ်အပ်ပါသည်။

(က) ၁၁ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများ -1 item

(ခ) ၄၀၀ ဗို့ကောင်းကင်ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် လမ်းမီးများတပ်ဆင်ခြင်းလုပ်ငန်းများ -1 item

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁၀-၂၀၁၄ ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၀-၁၀-၂၀၁၄ရက်

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်**

(က) **ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့် စံချိန်စံညွှန်းစာအိတ်** - ၁၇-၁၀-၂၀၁၄ရက်

(ခ) **ဈေးနှုန်းတင်သွင်းလွှာစာအိတ်** - ၂၂-၁၀-၂၀၁၄ရက်

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၁၀-၂၀၁၄ရက် မွန်းလွဲ ၁၃း၀၀နာရီ

၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃-၁၀-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဦးစီး၊**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၀၇၉**



### စက်မှုဝန်ကြီးဌာန
### အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(ဒုတိယအကြိမ်)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | စက်ပစ္စည်းအမည် | အရေအတွက် | |
|---|---|---|---|
| (က) | High Pressure & Low Pressure Oil Pump Without Motor | 2 Sets | ကစစ(၃၂) (ကြံခင်း) |
| (ခ) | Air Compressor For Driving System | 1 Set | |
| (ဂ) | Spare Parts for Ore Dressing Plant | 1 Lot | ကစစ(၃၆) (ကျောက်ဆည်) |
| (ဃ) | Diesel Generator (1030 kW) | 1 Set | |
| (င) | Thermocouple, Thermocouplc Sensor Cable & Solenoid Valve (2) Nos | 3 Items | ကစစ(၃၆) မှန်စက်ရုံ(ပုသိမ်) |
| (စ) | Sand Grinding Mill | 1 Set | |
| (ဆ) | Sand Blasting Machine | 1 Set | |
| (ဇ) | Sending Pump | 1 No | |

၂။ တင်ဒါပိတ်ရက်မှာ ၁၆-၁၀-၂၀၁၄ ရက် ၁၅း၀၀နာရီဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက စီမံရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။



## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ အမှတ်(၂) အထည်စက်ရုံ(ပလိပ်)ရှိ (၁၂၀'×၄၀'×၁၂') သိုလှောင်ရုံဟောင်းတစ်လုံးနှင့် ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊အထည်ချုပ်စက်ရုံအမှတ်(၁၈၊၁၉)ရှိ (၄၀'×၂၀'×၈') အဆောက်အအုံဟောင်း (၆)လုံးအား (မြေမပါ) မျက်မြင်အခြေအနေအတိုင်း ဝယ်ယူဖျက်သိမ်းရန်အတွက် ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်/အချိန်** - ၃-၁၀-၂၀၁၄ရက်မှ ၂-၁၁-၂၀၁၄ ရက်အထိ (၀၉း၃၀ နာရီမှ ၁၆း၀၀နာရီအထိ)

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂-၁၁-၂၀၁၄ရက်၊ ၁၆း၀၀နာရီ

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ အုပ်ချုပ်ရေးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်။
- အထည်အလိပ်လုပ်ငန်း၊ ရန်ကုန်(ရုံးခွဲ) အမှတ် (၁)၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ ရန်ကင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အမှတ် (၂) အထည်စက်ရုံ(ပလိပ်)၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၂။ အဆိုပါအဆောက်အအုံဟောင်းများကို အမှတ် (၂)အထည်စက်ရုံ(ပလိပ်)၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ အထည်ချုပ်စက်ရုံ အမှတ် (၁၈၊ ၁၉)တို့တွင် သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၀၃၆၊ ၀၆၇- ၄၀၈၁၈၄၊ ၀၁-၅၅၄၁၇၇နှင့် ၀၉-၂၅၆၄၈၁၂၉၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စက်မှုဝန်ကြီးဌာန၊**
**အထည်အလိပ်လုပ်ငန်း**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဈ/၃၇၁၆၊ Multipurpose Vehicle, M/B ယာဉ်လက်ဝယ်ရှိသူ ဦးစံလင်း ၁၂/ကတတ(နိုင်)၀၀၀၉၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မိုးစပါးအောင်ရေနှင့် ဆောင်းသီးနှံစိုက်ပျိုးရေများ နွယ်ခွေရေလှောင်တမံမှ အလုံအလောက်ပေးနိုင်မည်

**ချောင်းဦး အောက်တိုဘာ ၂**

မုံရွာခရိုင် ချောင်းဦးမြို့နယ်၌ စက်တင်ဘာလအတွင်း မိုးရွာသွန်းမှု နည်းသော်လည်း ရေဝင်ကောင်း၍ နွယ်ခွေရေလှောင်တမံအတွင်းတွင် ရေဧကပေ ၄၀၈ ပေ ဝင်ရောက်နေပြီ ဖြစ်သောကြောင့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန် အောင်ရေနှင့် ဆောင်းသီးနှံများအတွက် စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်ကြောင်း သိရသည်။



ချောင်းဦးမြို့နယ်တွင် ၂၀၁၃ ခုနှစ် စက်တင်ဘာလက မိုးရွာရက် ၁၈ ရက် မိုးရေချိန် ၁၆ ဒသမ ၃၂ လက်မ ရှိကာ ယခု ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် မိုးရွာရက် ခုနစ်ရက် မိုးရေချိန် ၇ ဒသမ ၃၇ လက်မသာ ရှိသော်လည်း နွယ်ခွေရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အားကောင်းခဲ့၍ မိုးစပါး စိုက်ဧက ၁၄၀ ကို အောင်ရေပြည့်စုံစွာ ရေပေးဝေနိုင်မည့်အပြင် ဆောင်းသီးနှံစိုက်ပျိုးမည့် သီးနှံစိုက်ခင်းများအတွက်လည်း ရေလုံလောက်စွာ ပေးဝေနိုင်မည် ဖြစ်ကြောင်း သိရသည်။

နွယ်ခွေကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဖိုးထီက "နွယ်ခွေရေလှောင်တမံထဲမှာ ရေတွေဝင်ရောက်နေတာကြောင့် အခုနှစ် မိုးစပါးအောင်ရေအတွက် စိတ်မပူရတော့သလို ဆောင်းသီးနှံစိုက်ပျိုးမယ့် တောင်သူတွေလည်း ယုံကြည်ချက်အပြည့်ရှိပြီး ဝမ်းသာနေကြတယ်။ မနှစ်က ဆောင်းသီးနှံ စိုက်ပျိုးရာမှာ စတင်စိုက်ပျိုးတုံးက ဒီနွယ်ခွေရေလှောင်တမံကနေ ရေရရှိခဲ့ပေမယ့် ဆောင်းသီးနှံအောင်မြင်ဖြစ်ထွန်းဖို့ အောင်ရေ မရတာကြောင့် သီးနှံအထွက်လျော့ခဲ့ရပါတယ်။ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးမှုမှာ အောင်ရေအထိပါ ရေလှောင်တမံကြီးက ရေပေးဝေနိုင်တော့မှာဖြစ်ပါတယ်" ဟု ပြောသည်။

နွယ်ခွေရေလှောင်တမံမှ ချောင်းဦးမြို့နယ်အတွင်းရှိ နွယ်ခွေ၊ ချောင်းမ၊ ခင်မွန်ကျေးရွာအုပ်စုနှင့် ဘူတာကျေးရွာအုပ်စုတို့ရှိ လယ်များသို့ စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း သိရသည်။ အဆိုပါကျေးရွာများ၌ လက်ရှိမိုးစပါးစိုက်ပျိုးမှုတွင် အထွက်တိုးသည့် ပုလဲသွယ်စပါးမျိုးများ စိုက်ပျိုးထားကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# စာကြည့်တိုက်စီမံခန့်ခွဲရေးလုပ်ငန်းများ ဆွေးနွေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂**

မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းက အခမဲ့စီစဉ်ထုတ်ဝေသည့် စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲစာစောင်များဖြန့်ဝေခြင်းနှင့် လက်စွဲစာစောင်ပါအချက်အလက်များ ရှင်းလင်းဆွေးနွေးခြင်းတို့ကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးစိုးက စာကြည့်တိုက်ဖောင်ဒေးရှင်းမှ အခမဲ့ဖြန့်ဝေသည့် စာကြည့်တိုက် စီမံခန့်ခွဲရေး လက်စွဲစာစောင်များအား ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ဖြန့်ဝေပေးအပ်ပြီး စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ မျိုးတူစုပြုခြင်းနှင့် စာငှားစနစ်များ၊ စာအုပ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ စံ(၅)ချက်နှင့်ကိုက်ညီ၍ ပုံမှန်လည်ပတ်စာကြည့်တိုက်ရှိသော ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများတွင် လူတန်းစားမရွေး၊ အရွယ်မရွေး စာပေဖတ်ရှုလေ့လာနိုင်စေရန် ပြည်သူ့စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိပြီး အဆိုပါစာကြည့်တိုက်များကိုလည်း ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့စာကြည့်တိုက်များဖြစ်စေရန်အတွက် ဦးစီးဌာနခွင့်ပြုငွေဖြင့်လည်းကောင်း၊ အလှူရှင်များ၏ပံ့ပိုးလှူဒါန်းမှုဖြင့်လည်းကောင်း သုတ၊ ရသစာအုပ်စာစောင်အသစ်များကို လစဉ်ဖြည့်ဆည်း၍ ပြည်သူများစာဖတ်ရှုနိုင်ရန်တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာများတွင်လည်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ၊ နိုင်ငံတော်မတည်ငွေနှင့်ပြည်သူ ပူးပေါင်းစာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ၊ အဆိုပါ ကျေးရွာစာကြည့်တိုက်များခိုင်မာစေရန်နှင့် ကျေးလက်ပြည်သူများ စာကြည့်တိုက်ကို စနစ်တကျအသုံးပြုတတ်ရန်၊ စာအုပ်စာစောင်များတိုးပွားလာစေရန်နှင့် တိုးပွားလာသည့်စာအုပ်စာစောင်များကို နည်းစနစ်မှန်ကန်စွာဖြင့် ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာကြည့်တိုက်ပညာသင်တန်းများ ပို့ချခြင်း၊ နည်းပညာဖြန့်ဝေခြင်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်**

# အီဘိုလာရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

**ငါန်းဇွန် အောက်တိုဘာ ၂**

ငါန်းဇွန်မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအား ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါလက္ခဏာများနှင့် ကာကွယ်ရန်နည်းလမ်းများ အသိပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ စက်တင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ဆန်းက ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါဖြစ်ပွားနိုင်မှုအခြေအနေနှင့် လက္ခဏာများ၊ ကာကွယ်ရန်နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့် ဦးမြတ်သူ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## သတင်းတို

### ရန်ကုန်-ဗုဒ္ဓတက္ကသိုလ်ဝင်ခွင့် သင်တန်းအောင်လက်မှတ်ပေးအပ်

ရန်ကုန်-ဗုဒ္ဓတက္ကသိုလ်ဝင်ခွင့် အခြေခံဒီပလိုမာသင်တန်း (PABE)၂၀၁၃ ပညာသင်နှစ်အတွက် အောင်လက်မှတ်ပေးအပ်ပွဲကို ထားဝယ်မြို့ ကျောက်မော်ရပ် မြို့မယဉ်ငေးသာသနာ့ရိပ်သာ သဒ္ဒါဓိကဓမ္မာရုံ၌ စက်တင်ဘာ ၃၀ ရက်က ကျင်းပရာ မြို့မယဉ်ငေးသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော်က ရန်ကုန်-ဗုဒ္ဓတက္ကသိုလ်သင်တန်းအောင်မြင်ခဲ့ကြသော သီလရှင် သုံးပါး၊ ကျောင်းသား ကျောင်းသူ ၁၄ ဦး စုစုပေါင်း အောင်မြင်သူ ၁၇ ဦးအား အောင်လက်မှတ်များချီးမြှင့်ကာ သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**


## တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မေတ္တာလမ်းတွင် ရှစ်ခန်းတွဲနှစ်ထပ်၊ အုတ်ညှပ်ဝန်ထမ်းအိမ်ရာ (၁၀၀'×၃၅') တည်ဆောက်ရေးလုပ်ငန်းအား ဈေးပြိုင်တင်ဒါ ခေါ်ယူဆောက်လုပ်သွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁၀-၂၀၁၄ရက်မှ ၂၁-၁၀-၂၀၁၄ရက်အထိ
**အချိန်** - နံနက် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ
(ခ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၂၃-၁၀-၂၀၁၄ ရက် ၁၂:၀၀ နာရီ
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၁၀-၂၀၁၄ ရက် မွန်းလွဲ ၁၃:၀၀ နာရီ
(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရုံးအမှတ် ၅၂၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန စီမံရေးရာဌာနခွဲ
(င) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ

တင်ဒါစည်းကမ်းများနှင့် တင်ဒါအချက်အလက်များကို အသေးစိတ်သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ နေပြည်တော်**

## ရွှေကြိုးကြာသုံးဘီးယာဉ်ငယ်ဂိတ်မှ ယာဉ်ပိုင်ရှင်များသိစေရန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ ရွှေကြိုးကြာသုံးဘီးယာဉ်ငယ် အသင်းမှအသင်းဝင်ယာဉ်ပိုင်ရှင်များအား သုံးဘီးယာဉ်လိုင်းကိစ္စများ ဆွေးနွေးလိုပါသဖြင့် ၅-၁၀-၂၀၁၄ရက်မှ ၂၀-၁၀-၂၀၁၄ရက်အတွင်း အသင်းယာဉ်လိုင်းဥက္ကဋ္ဌ ဒေါ်ရွှေရီနှင့် လာရောက်တွေ့ဆုံ ဆွေးနွေးပေးပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ဆွေးနွေးခြင်းမရှိသော ယာဉ်အမှတ်များအား ရွှေကြိုးကြာယာဉ်ငယ်အသင်းမှ ထုတ်ပယ်ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ရွှေကြိုးကြာယာဉ်ငယ်အသင်း၊ လားရှိုး**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Table(5'x3'x2'6") | ၁၀ လုံး |
| ၂။ | အစည်းအဝေးသုံးစားပွဲရှည် | ၁ လုံး |
| ၃။ | အံဆွဲတစ်ဖက်ပါ ရုံးသုံးစားပွဲ (T.1004) | ၁၀ လုံး |
| ၄။ | အံဆွဲမပါစာကြည့်စားပွဲ(T.1016) (3'x2.5'x2.5') | ၁၀ လုံး |
| ၅။ | Long High Desk (6'x1.6'x16mmx2.9') | ၃၀ လုံး |
| ၆။ | Long Low Desk (5.6'x1'x16mmx1.6') | ၃၀ လုံး |
| ၇။ | စာကြည့်တိုက်စားပွဲ(နှစ်ယောက်တွဲ) | ၂၀ လုံး |
| ၈။ | Cabinet (Leeco 4 Drawers) | ၃ လုံး |
| ၉။ | ဖိုင်တင်စင် (Leeco / Taiyo/ Standard) | ၅ လုံး |
| ၁၀။ | Cabinet (Leeco Simple) | ၃ လုံး |
| ၁၁။ | Computer Table | ၆၅ လုံး |
| ၁၂။ | Table for Teacher(Language Lab Room) | ၁ လုံး |
| ၁၃။ | Twin table for Student (Language Lab Room) | ၄၀ လုံး |
| ၁၄။ | လက်တန်းမပါထိုင်ခုံ (1.4'x1.6'x3.2') | ၁၀ လုံး |
| ၁၅။ | လက်တန်းပါထိုင်ခုံ (1.4'x1.6'x3.2') (သံဖရိန်+ဆိုဖာ) | ၁၀ လုံး |
| ၁၆။ | ကျွန်းမှန်ဗီရို (W-3'10" H-5'6") | ၁ လုံး |
| ၁၇။ | စာကြည့်တိုက်သုံးအံဆွဲဗီရို | ၁ လုံး |
| ၁၈။ | စာကြည့်စားပွဲ (လေးယောက်တွဲ) | ၁၀ လုံး |
| ၁၉။ | ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ | ၃၅ လုံး |
| ၂၀။ | Plastic Chair(Armed) | ၂၀ လုံး |
| ၂၁။ | Lab Table(9'x3') | ၂၀ လုံး |
| ၂၂။ | Hardware Lab Table (10'x3') | ၅ လုံး |
| ၂၃။ | Physics Lab Table (15'x5') | ၅ လုံး |
| ၂၄။ | Aluminum Ladder | ၃ လုံး |
| ၂၅။ | Information Science Lab Room အတွက် လိုအပ်သော ပရိဘောဂများ ဖြည့်ဆည်းခြင်း (က) Computer Table ၂၀လုံး၊ (ခ)ဆုံလည်ကုလားထိုင် ၂၀လုံး၊ (ဂ) Locker ၁ခု၊ (ဃ) အံဆွဲမပါစာကြည့်စားပွဲ ၃ လုံး၊ (င) လက်တန်းပါထိုင်ခုံသစ်သား ၃ လုံး | |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၁၀-၂၀၁၄ ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ဖုန်း-၀၉-၅၂၁၄၃၇၇၊ ၀၈၁-၂၁၂၄၇၆၅၊ ၀၈၁-၂၁၂၄၁၉၆**
**ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)**

# ထင်းအစားထိုးလောင်စာသုံးစွဲရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြော

**ငါန်းဇွန် အောက်တိုဘာ ၂**

ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ထနောင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိန်က ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ၊ ဌာနမှ အခမဲ့ဖြန့်ဝေပေးလျက်ရှိသော စွမ်းအားမြင့် အေဝမ်းမီးဖိုများသုံးစွဲရခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူ ဒေသခံပြည်သူများအား စွမ်းအားမြင့် အေဝမ်းမီးဖို ငါးလုံးကို အခမဲ့ဖြန့်ဝေပေးသည်။ ဆက်လက်၍ စွမ်းအားမြင့် အေဝမ်းမီးဖိုများ သုံးစွဲရခြင်း အကျိုးရှိပုံကို စွမ်းအားမြင့်အေဝမ်းမီးဖိုနှင့် ဖိုခုံလောက်မီးဖိုယှဉ်၍ လက်တွေ့ချက်ပြုတ်ပြသခဲ့သည်။ ဟောပြောပွဲသို့ မြို့နယ်ဦးစီးအရာရှိ ဦးဗိုလ်တင်လင်းနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက် ခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ပညာရေးမြှင့်တင်မှုလုပ်ငန်းများ မြင်းမူမြို့တွင် ဆွေးနွေး

**မြင်းမူ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း ပညာရေးကဏ္ဍ တိုးတက်စေရန်အတွက် ပညာရေးမြှင့်တင်မှုဆွေးနွေးပွဲကို မြင်းမူမြို့နယ်ပညာရေးမှူးရုံး၌ စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းခရိုင်ပညာရေးမှူး ဦးမင်းဦးက မြင်းမူမြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အခြေခံပညာကျောင်းများတွင် ကျောင်းဆောင်များ ပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းတို့အတွက် တိုင်းဒေသကြီးနှင့် အမှတ်(၂)အခြေခံပညာဦးစီးဌာနတို့သို့ ထပ်ဆင့်တင်ပြပေးမှုလုပ်ငန်းများ၊ ဆရာ၊ ကျောင်းသားနှင့် ပတ်ဝန်းကျင် အနီးအဝေးပေါ်မူတည်၍ ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြဆရာ၊ ဆရာမများ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်းလုပ်ငန်းများ၊ ဆရာဆရာမ လိုအပ်ချက်များနှင့် သင်ကြားရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြင်းမူမြို့နယ် ပညာရေးမှူး ဒေါ်ကြည်ကြည်မာနှင့် တက်ရောက်လာကြသော ကျောင်းအုပ်ကြီးများက သင်ကြားရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ခရိုင်ပညာရေးမှူးဦးမင်းဦးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ခရိုင်ပညာရေးမှူးနှင့် အဖွဲ့သည် ခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များသို့ လစဉ်လကုန်ရက်တိုင်း တစ်လှည့်စီ သွားရောက်ပြီး ပညာရေးမြှင့်တင်မှု ဆွေးနွေးပွဲများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဖိုးခါး(iprd)**




**မြန်အောင်မြို့နယ်တွင် စက်တင်ဘာလအတွင်း မိုးနည်းခဲ့သော်လည်း မိုးစပါး အောင်ရေရရှိရေးအတွက် မြို့နယ်စိုက်ပျိုးမြှင့်အဖွဲ့၏ စီစဉ်မှုဖြင့် ကန်ဖွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ငပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့မှ ရေတင်၍ မိုးစပါးအောင်ရေဖြန့်ဝေပေးနေမှုကို စက်တင်ဘာ ၃၀ ရက်က တွေ့မြင်ရစဉ်။**

(မြို့နယ် ပြန်/ဆက်)

# စက်ရေတွင်းနှင့် ရေလှောင်ကန်များ တူးဖော်

**ပုလဲ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ရွှေလောင်းကျေးရွာ၌ အင်ဂျင်ပါဝါသုံး လေးလက်မ စက်ရေတွင်းနက်တူးဖော်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်မှု အထိမ်းအမှတ်နှင့်ဖွင့်ပွဲကို စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

စက်ရေတွင်းနှင့် ရေလှောင်ကန်ကို USAID မှ ခွင့်ပြုငွေကျပ်သိန်း ၁၃၀ ကျော်ဖြင့် သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံချက်အဖြစ် (ကုလသမဂ္ဂမြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်) UN HABITAT နှင့် ကျေးရွာပြည်သူများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညိုက ပြည်သူများအတွက် ဆောင်ရွက်ပေးမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကိုတို့က စက်ရေတွင်းနှင့် ရေလှောင်ကန်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပုလဲမြို့နယ် ရွှေလောင်းကျေးရွာတွင် အိမ်ခြေ ၂၄၀၊ လူဦးရေ ၁၀၀၀ကျော်ရှိပြီး သောက်ရေအတွက် ယမားချောင်းကိုဖြတ်ကူးကာ တစ်ဖက်ကမ်းရွာမှ ရေတွင်းအထိ သွားရောက်၍ ရေခပ်ယူသုံးစွဲရကြောင်းနှင့် ရေရရှိရေး အလွန်ခက်ခဲပင်ပန်းခဲ့ကြောင်း၊ ယခုကဲ့သို့ စက်ရေတွင်းနှင့် ရေလှောင်ကန်ရရှိသည့်အတွက် သောက်သုံးရေရရှိရေး အဆင်ပြေပြီဖြစ်သဖြင့် UN HABITAT နှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား ကျေးဇူးတင်ကြောင်း ဒေသခံ ဦးကြည်ဝင်းက ပြောသည်။

**မြင့်သိန်းစိုး**

# ပုလဲမြို့နယ်တွင် နွားနို့နှင့် ကြက်ဥများ တိုက်ကျွေး

**ပုလဲ အောက်တိုဘာ ၂**

ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် စေတီယျုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကလေးငယ်များကို စက်တင်ဘာ၂၆ ရက်က နွားနို့နှင့် ကြက်ဥများတိုက်ကျွေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ထွေးထွေးမွန်က နို့တိုက်ကျွေးခြင်းကို နိုင်ငံတော်စီမံကိန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် စုစုပေါင်း ကျောင်းသား ကျောင်း သူ ၄၇၀၀၀ ကို ကျောင်းဖွင့်ရက်တိုင်း နို့တိုက်ကျွေးနိုင်ခဲ့ကြောင်းနှင့် ပုလဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများသို့ နို့တိုက်ကျွေးနိုင်ရေးကို အလှူရှင်များရှာဖွေ၍ အရှိန်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မြင့်သိန်းစိုး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပင်မဓာတ်အားခွဲရုံများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## အမျိုးသားပြတိုက်(နေပြည်တော်)အတွက် လိုအပ်သောခင်းကျင်းပြသမှုဆိုင်ရာပစ္စည်းများဝယ်ယူရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်(နေပြည်တော်) B ဆောင်ရှိ ပြခန်းများအတွက် ခင်းကျင်းပြသမှုလုပ်ငန်းများဆောင်ရွက်ရန် အောက်ပါပစ္စည်းများကို ဝယ်ယူလိုပါသည်-
(က) ပြခန်းသုံးမီးများ
(ခ) ပြခန်းသုံး Projector များနှင့် ဆက်စပ်ကွန်ပျူတာများ
(ဂ) ပစ္စည်းပြမှန်ဗီရိုများ
(ဃ) ရုပ်လုံးရုပ်ကြွ၊ ပန်းချီကားနှင့် ပုံစံငယ်များ
၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၃-၁၀-၂၀၁၄ရက်မှ ၁၃-၁၀-၂၀၁၄ရက်အထိ နေ့စဉ် ၀၉:၀၀နာရီမှ ၁၆:၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁၀-၂၀၁၄ရက် ၁၀:၀၀နာရီမှ ၁၂:၀၀နာရီအတွင်း အမျိုးသားပြတိုက်(နေပြည်တော်) တင်ဒါစိစစ်ရေးအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် ဝယ်ယူနိုင်ပါသည်-

**အမျိုးသားပြတိုက်(နေပြည်တော်)**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**
**ယဉ်ကျေးမှုဝန်ကြီးဌာန**
**ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၉-၄၀၀၄၃၉၅၆၁**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပေးစက်ရုံများအတွက် လိုအပ်သော Switch gear Materials/Switchbay Equipment များကို အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀/၃၉၄၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၄၇၆၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမျိုးဟန်လှ (ဘ) ဦးလှဖေ၏ CDC 15401 စာအုပ်သည် ၂၉-၉-၂၀၁၄ရက်တွင် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၅၁၄၅၁၈၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/7574 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂စ/၄၄၇၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

# လဲချားမြို့မှ သမိုင်းဝင်ရှေးဟောင်းဘုရားများ

■ မိုးလွင်ဦး(လွိုင်လင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့သည် လွိုင်လင်မြို့၏ မြောက်ဘက် ၃၂ မိုင်အကွာတွင် တည်ရှိသောမြို့တစ်မြို့ဖြစ်သည်။ လဲချားမြို့သည် ရှေးယခင်စော်ဘွားများ မြို့တည်၍ အုပ်ချုပ်ခဲ့သောမြို့ဖြစ်ပြီး စော်ဘွားများသည် ဗုဒ္ဓဘာသာ သာသနာကို သက်ဝင်ယုံကြည် ရိုသေကိုင်းရှိုင်းကြသူများဖြစ်ရာ ဗုဒ္ဓဘာသာဆိုင်ရာ စေတီဘုရားများ၊ ရှေးဟောင်းယဉ်ကျေးမှု လက်ရာများကို တွေ့မြင်နိုင်သည်။

လဲချားမြို့၏ သမိုင်းဝင်စေတီတော်မြတ်ကြီးမှာ ပေါရာဏစေတီတော်ကြီးပင်ဖြစ်သည်။ လဲချားမြို့နှင့် ပေါရာဏစေတီတော်ကြီးကို ကျယ်ဝန်းလှသောနောင်ခမ်းရေကန်ကြီးဖြင့် ပိုင်းခြားထားသည်။ ယင်းနောင်ခမ်းကန်ကြီးတွင် ရှေးယခင်က ပဒုမ္မာကြာပန်းတို့ဖြင့် လှပနေပြီး ဟင်္သာငှက်တို့ပျော်စံရာနေရာဖြစ်သည်ဟု ရှေးလူကြီးသူမများ၏ တစ်ဆင့်စကား ပြောကြားမှုရှိခဲ့သည်။ နောင်ခမ်းကန်၏ ကမ်းနဖူးတွင် ပေါရာဏစေတီတော်ကြီး တည်ရှိသည်။ ထိုစေတီတော်ကြီးကို ကောဇာသက္ကရာဇ် (၂၁၄) ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးက ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များဖြင့် ထည့်သွင်းဌာပနာ၍ တည်ထားကိုးကွယ်ခဲ့ပြီး စော်ဘွားများအဆက်ဆက်တွင် ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ အလှူရှင် ပြည်သူများနှင့်ပူးပေါင်း၍ အရံစေတီငယ်များတည်ထားကိုးကွယ်ခြင်းတို့ ဆောင်ရွက်ခဲ့သည့်အပြင် အရှေ့ဘက်မုခ်တွင် ဓမ္မာရုံနှင့် တန်ဆောင်းကိုပါ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။



ဆင်ခံဘုရား

စေတီတော်ကြီး၏ လိုဏ်အတွင်းတွင် ထင်းရှူးအဆီအနှစ်ထိုင်တော်မူဘုရားတစ်ဆူ ထည့်သွင်းပူဇော်ထားသည်။ ၄င်းအပြင် ထူးခြားစွာ မြင်တွေ့ဖူးမြော်ရသည်မှာ ဆင်ခံဘုရားစေတီတစ်ဆူဖြစ်သည်။ ကောဇာသက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့် ရှမ်းပြည်နယ်အတွင်းရှိ စော်ဘွားများပူးပေါင်းလျက် ယိုးဒယားစစ်ပွဲအောင်မြင်သော အထိမ်းအမှတ်အဖြစ် ပေါရာဏစေတီနှင့်ကပ်လျက် တောင်ဘက်တွင် အဆိုပါ ဆင်ခံစေတီတော်ကို ထပ်မံတည်ထားကိုးကွယ်ခဲ့ကြကြောင်း သိရသည်။

လဲချားမြို့၏ အထင်ကရဘုရားတစ်ဆူမှာ မဟာမြတ်မုနိဘုရားကြီးဖြစ်သည်။ မဟာမြတ်မုနိ ဘုရားကြီးကို ယခင်က လိုင်းခမြို့(Laika)စော်ဘွားကြီး စဝ်ဖခွန်လိုင်းနှင့် စဝ်မေ့စံကား ဇနီးမောင်နှံနှစ်ဦးက ကမကထပြုပြီး လိုင်းခမြို့နယ်အတွင်းမှီတင်းနေထိုင်ကြသော ပြည်သူများစုပေါင်း၍ မဟာမြတ်မုနိဘုရားကြီးကို တည်ထားကိုးကွယ်ခဲ့ကြကြောင်း သိရသည်။ ကောဇာသက္ကရာဇ် ၁၂၆၇ ခုနှစ်တွင် ကျောင်းဆောင်ဆောက်လုပ်ရန် ဆရာတော်သံဃာတော်များ၊ စော်ဘွားများနှင့်ပြည်သူများ စုပေါင်း၍ ပန္နက်အုတ်မြစ်ချခဲ့ကြောင်း၊ ကောဇာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် ထီးတော်တင်လှူခဲ့ကြောင်း၊ ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ် ကဆုန်လပြည့်နေ့တွင် မန္တလေးမြို့မှပင့်ဆောင်လာသော မဟာမြတ်မုနိဆင်းတုတော်ကြီးကို ရွှေပလ္လင်ပေါ်သို့ ပင့်ဆောင်စံမြန်းတော်မူခဲ့ကြောင်း သိရသည်။ မဟာမြတ်မုနိဘုရားကြီး ဆင်းတုတော်ကို ကြေးဖြင့်သွန်းထားပြီး အလေးချိန်အားဖြင့် ပိဿာ ၄၃၀၊ ဉာဏ်တော်အမြင့်မှာ ၁၂ ပေ ၃ လက်မ၊ ပလ္လင်တော်အမြင့်မှာ ရှစ်ပေ နှစ်လက်မ၊ ပလ္လင်တော်အလျားမှာ ၁၅ ပေ ၃ လက်မရှိသည်။ မဟာမြတ်မုနိဘုရားကြီးကျောင်းဆောင်၌ ပြာသာဒ်ကိုးဘုံနှင့် အရံစေတီငယ် ၁၀၈ ဆူရှိကြောင်း လဲချားမြို့ မဟာမြတ်မုနိဘုရားကြီးသမိုင်းလက်ကမ်းစာစောင်မှ သိရသည်။



မဟာမြတ်မုနိဘုရားကြီး

မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အကျယ်အဝန်းမှာ တောင်မြောက် ၁၃၉ ပေ ၂ လက်မ၊ အရှေ့အနောက် ၁၁၉ ပေ ၂ လက်မ၊ ဘုံကိုးဆင့်ရှိ ဘုရားကျောင်းတော်အမြင့် ၁၀၈ ပေ၊ ထီးတော်အစုံအလင်နှင့် စေတီရံပေါင်း ၁၀၈ ဆူ၊ ထီးတော်ကြီး၌ ရှေးဟောင်းယဉ်ကျေးမှုလက်ရာ ကနုတ်ပန်းအမျိုးမျိုးနှင့် တကွ ပြဟ္မာရုပ် ၆၈ ရုပ်၊ နရားရုပ် ၁၂ ရုပ်၊ ခြင်္သေ့ရုပ် ၁၂ ရုပ်၊ မနုဿီဟရုပ် ၁၂ ရုပ်၊ ဟင်္သာရုပ် ၇၆ ရုပ်၊ ခေါင်းလောင်းငယ်(ဆည်းလည်း) ၄၇ ခုရှိကြောင်း၊ ထီးတော်အရွယ်အစားအမြင့် ခုနစ်ပေ၊ ထီးတော်အခြေမှစိန်ဖူးတော်အထိ ၁၅ ပေ၊ ထီးတော်အဝ(အကျယ်) လေးပေ၊ လုံးပတ် ၁၆ ပေ ၂ လက်မ ရှိကြောင်း သိရသည်။

လဲချားမြို့ရှိ မဟာမြတ်မုနိဘုရားကြီးသည် တည်ထားကိုးကွယ်သည်မှစပြီး ယနေ့အချိန်ထိ နှစ်ပေါင်းများစွာကြာမြင့်လာပြီဖြစ်၍ ရွှေရောင်တို့သည်လည်း မှေးမှိန်လာလျက်ရှိသည်။ ဘုရားကြီးကို ရွှေသင်္ကန်းအသစ်ဆက်ကပ်လှူဒါန်းနိုင်ရန် မြို့နယ်သံဃနာယကဆရာတော်များ၏ ဩဝါဒကို ခံယူဆောင်ရွက်လျက်ရှိပြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန် ငွေကျပ်သိန်း ၁၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ စက်တင်ဘာ ၄ ရက်က လွိုင်လင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည့် ခရီးစဉ်၌လည်း ရွှေသင်္ကန်းကပ်လှူရန်အတွက် ကမကထလှူဒါန်းငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် စေတနာရှင် အလှူရှင်များနှင့် ညှိနှိုင်းပေါင်းစပ်၍ ရွှေသင်္ကန်းကပ်လှူမှုကို ယခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လဲချားမြို့၏ ရှေးဟောင်းသမိုင်းဝင် စေတီဘုရားများနှင့် ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှုများကို မြန်မာပြည်အရပ်ရပ်မှ စေတနာရှင်၊ ကုသိုလ်ရှင်များအနေဖြင့် လာရောက်ကြည်ညိုသဒ္ဓါပွားနိုင်ကြပြီး အရှည်သဖြင့်တည်တံ့ခိုင်မြဲစေရန် ထောက်ပံ့လှူဒါန်း ကုသိုလ်ပြုနိုင်ကြပါသည်။ ။

## ရှမ်းရိုးရာယဉ်ကျေးမှုပြန့်ပွားရေး သင်တန်းဆင်း

**တောင်ကြီး အောက်တိုဘာ ၂**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ရှမ်းလူငယ်များအသင်း စွမ်းရည်ဖွံ့ဖြိုးရေးနှင့် ရိုးရာယဉ်ကျေးမှုပြန့်ပွားရေး သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက်က ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းလူငယ်များအသင်းဥက္ကဋ္ဌ ဦးစိုင်းတင်လှက လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးနှင့် ရိုးရာယဉ်ကျေးမှုပြန့်ပွားစေရန်နှင့် ရိုးရာအကအလှများ၊ ရိုးရာယဉ်ကျေးမှုများ မပပျောက်စေရန် သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုသင်တန်းသည် ပထမအကြိမ်ဖြစ်၍ သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းပြီးဆုံးသော သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ကျေးရွာလေးရွာစာကြည့်တိုက်များအတွက် LED တီဗွီနှင့်ရုပ်သံဖမ်းစက်များ ထောက်ပံ့ပေးအပ်

**ယင်းမာပင် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ စာကြည့်တိုက်များအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှ LED တီဗွီနှင့် Sky Net ရုပ်မြင်သံကြားဖမ်းစက်များ အခမဲ့ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက်က ယင်းမာပင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာဇွဲမာန်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ အင်တောကျေးရွာနှင့် စုန်းချောင်းကျေးရွာတို့မှ ကျေးရွာစာကြည့်တိုက်များအတွက် တစ်နှစ်စာလိုင်းကြေးသွင်းပြီး Sky Net ရုပ်သံဖမ်းစက်တစ်စုံစီကိုလည်းကောင်း၊ အောင်ချမ်းသာကျေးရွာနှင့် ပြောင်းပြာကျေးရွာတို့မှ ကျေးရွာစာကြည့်တိုက်များအတွက် တစ်နှစ်အာမခံ ၃၂ လက်မ ဆမ်ဆောင်းအမျိုးအစား LED တီဗွီတစ်လုံးစီကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**
**ရုံးချုပ်-ရန်ကုန်၊ အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ်(၀၆/၂၀၁၄-၂၀၁၅)**

**အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်အနေဖြင့် ပြည်တွင်းရှိ သစ်အခြေခံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေသော ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောဖက်စပ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထုတ် အောက်ပါကုန်ကြမ်းသစ်လုံးများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် အိတ်ဖွင့်တင်ဒါစနစ် (Ex-site) ရောင်းချမည်ဖြစ်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါကျင်းပမည့်အစီအစဉ်**

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါကျင်းပမည့်နေ့ရက်** | - ၉-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့) |
| **အိတ်ဖွင့်တင်ဒါကျင်းပမည့်အချိန်** | - မွန်းလွဲ ၁၃း၀၀ နာရီ |
| **အိတ်ဖွင့်တင်ဒါရောင်းချမည့်သစ်အမျိုးအစား** | - အင်ကညင်သစ်မာသစ်လုံး |
| **အိတ်ဖွင့်တင်ဒါရောင်းချမည့်တန်** | - ၁၇၇၇လုံး၊ ၂၁၁၈ ဒသမ ၀၉၂ တန် |
| **အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ** | - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |

၂။ သစ်လုံးများ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဖက်စပ် web-site ဖြစ်သော www.fpjvc.com တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း၏ web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၉-၅၀၇၃၃၃၇၊ ၀၉-၄၃၂၀၂၅၄၄တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

**ရန်ကုန်စီးပွားရေးတက္ကသိုလ်**
**မဟာဘွဲ့သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း**

**ကြေညာချက်**

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
- ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ (Master of Banking and Finance-MBF)

၂။ အဆိုပါမဟာဘွဲ့သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) ဘဏ်လုပ်ငန်း(သို့)ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်အတွေ့အကြုံ(လုပ်သက်)၊ အနည်းဆုံး (၂)နှစ်ရှိသူ ဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူမဖြစ်စေရ။
(ဃ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရသည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ) အခန်း ၂၀၆ တွင် ၃-၁၀-၂၀၁၄ ရက်မှ စတင်ရယူပြီး ၂၅-၁၀-၂၀၁၄ ရက် (စနေနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
၄။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို ၂၀၁၄ခုနှစ် နိုဝင်ဘာ ၈ရက် (စနေနေ့)တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၌ ကျင်းပမည်။
၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ ထောက်ခံချက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ လက်ခံမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားသည်။
၇။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-၀၁-၅၃၆၄၃၆ တွင် စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်းအဆင့်(၁)**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁က/၄၂၄၉ Toyota DYNA, LIHGT TRUCK ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်း ၁၂/ဒပန(နိုင်)၀၁၁၈၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊တိုင်းရုံးဒေသကြီးရုံးခွဲ(ရွာသာကြီး)**

**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁-A)၊ မြေကွက်အမှတ် (၃၃/၃၄)၊ မြေကွက်တည်နေရာအမှတ်(၇၉)၊ (၁၂၄)လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးစန်းလှိုင် အမည်ပေါက်နှစ်၉၀ ဂရန်မြေအား အမည်ပေါက် ဦးစန်းလှိုင်(ဖခင်)၊ ဒေါ်မေမေမြ(မိခင်)၊ သားတစ်ဦးဖြစ်သူ ဦးဝဏ္ဏ(လူပျိုကြီးဘ၀ဖြင့်) ကွယ်လွန်သဖြင့် ဦးတင်ငွေးဦး ၁၄/ရကန(နိုင်)၀၀၃၄၇၃၊ ဒေါ်ဝင်းဝင်းလှိုင် ၁၂/မဂတ(နိုင်)၀၁၃၃၅၅၊ ဦးအေးချိုချို ၁၂/မဂတ(နိုင်)၀၁၃၃၅၇၊ ဒေါ်အေးအေးကြိုင် ၁၂/ဥကတ(နိုင်)၁၀၈၂၇၅တို့မှ သားသမီး များတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရောင်းမည်**

လက်ရှိအသုံးပြုနေသော မြေထိုးစက်-
- D-60-3 တစ်စီး ကျပ်သိန်း ၂၅၀
- D-40 တစ်စီး ကျပ်သိန်း ၁၅၀
- ၃က/ ခြောက်ဘီး Dump ကျပ် ၆၅ သိန်း ညှိနှိုင်း

**ဖုန်း-၀၉-၄၄၄၀၄၁၈၈၄၊ ၀၉-၂၅၉၁၆၁၀၅၈**

**တိုက်ခန်းသစ်/ကျယ်ရောင်းမည် (ပွဲစားမလို)**

၁။ စမ်းချောင်း၊ (၂၅ပေ×ပေ ၅၀)၊ 5.F(ခြောက်လွှာ)၊ကျွန်းပါကေး၊ ကြွေပြားပြည့်၊ MBR (1)၊ BR (2)၊ ဘိုထိုင် (2)၊ မျက်နှာကြက်အားလုံး ပြင်ဆင်ပြီးတိုက်ခန်းသစ်။ သိန်း(850)
၂။ စမ်းချောင်း၊ (၂၅ပေ×ပေ၅၀)၊ 4.F (ငါးလွှာ)၊ ကျွန်းပါကေး၊ ကြွေပြားပြည့်၊ MBR (1)၊ BR (2)၊ ဘိုထိုင်(2)၊ မျက်နှာကြက်အားလုံးပြင်ဆင်ပြီး တိုက်ခန်းသစ်။ သိန်း (1100)
၃။ စမ်းချောင်း (၁၆ပေ×၇၅ပေ)၊ ဓာတ်လှေကား (Lift) ပါ၊ ကျွန်းပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင် (2)၊ MBR (1)၊ BR(1)၊ A/C (3)၊ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းသစ်။ သိန်း (1900)

**ဖုန်း-၀၉-၃၀၂၂၅၉၅၈၊ ၀၉-၃၁၉၀၇၁၉၉**

**ပြင်ဆင်ဖတ်ရှုပါရန်**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၆)၊ မြေကွက်အမှတ်(၁၈၃)ကို မြေတိုင်းရပ်ကွက်အမှတ်(၆၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ဟု ဖတ်ရှုပါရန်။

ကြော်ငြာ

### (၇)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

## ဗိုလ်ချုပ်ကြီးမဟာသရေစည်သူစိုးဝင်း

ဗိုလ်ချုပ်ကြီးမဟာသရေစည်သူစိုးဝင်း ကွယ်လွန်ခဲ့သည်မှာ ၁၂-၁၀-၂၀၁၄ရက်တွင် (၇)နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ ခွဲခွာသွားခဲ့သည့်အတွက် မိသားစုနှင့်ထပ်တူ နှမြောတသ သတိရဆဲဖြစ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း-ဇနီးဒေါက်တာဒေါ်ဝေဝေသော မိသားစု**

**သမ္မတရုံးဝန်ကြီးဌာန**

---

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာမကြီးဒေါ်ခင်ကြည်(ခ) Ms. Maggie Gasper

**အသက်(၉၇)နှစ်**

Australia နိုင်ငံနေ ဒေါ်စီစီ၊ မန္တလေးမြို့၊ ၆၃×၆၄လမ်းကြား၊ နေကြာလမ်းနေ Harold ဦးထွန်းရွှေ-(Marcell ဒေါ်ခင်စိန်)တို့၏အစ်မ၊ မန္တလေးမြို့၊ ၈၂လမ်း၊ ၂၄×၂၅လမ်းကြားနေ [ဆရာဂျင်မီ(ခ)ဦးသန်းထွန်း-ဒေါ်မာဂို(ခ)ဒေါ်ခင်နွဲ့မူ]၊ Australia နိုင်ငံနေ Raymond ဦးမောင်မောင်စိန်-Joan၊ ပုသိမ်ကြီးမြို့နေ ဦးသန်းထွန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်စန်းစန်းလွင်၊ မန္တလေးမြို့၊ ၈၂လမ်း၊ ၂၁×၂၂လမ်းကြားနေ ဦးမျိုးမြင့်သန်း(ခ)Colin ကိုတူး-ဒေါ်လှအင်း(ဒေါက်တာဂူးဟားဆေးတိုက်)တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၄ယောက်တို့၏အဘွားသည် ၂-၁၀-၂၀၁၄ရက် နံနက် ၆း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၁၀-၂၀၁၄ရက်(စနေနေ့)ညနေ ၃း၃၀နာရီတွင် ၈၂လမ်း၊ ၂၁×၂၂လမ်းကြား(ဒေါက်တာဂူးဟားဆေးတိုက်)နေအိမ် ၈၂လမ်း၊ ၂၅×၂၆လမ်းကြားရှိ ရွှေနှလုံးတော်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယိကာမကြီး

## ဒေါ်ခင်သန့် (ကျုံကဒတ်)

**အသက်(၈၇)နှစ်**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာနေ(ဦးရွှေဝန်-ဒေါ်အေးသွင်)တို့၏သမီး၊ လှိုင်မြို့နယ်၊(၆)ရပ်ကွက်၊ သုခ ၅၁လမ်း၊ (င)လမ်းသွယ်၊ အမှတ် ၁၀၂နေ (ဦးဟုတ်ရှိန်)၏ဇနီး၊(ဒေါ်မြမြ)၊(ဦးမြင့်သိန်း)၊(ဦးသန်းမြင့်)၊ ဦးသန်းလွင်(ခ)ဦးပြေ့တို့၏အစ်မ၊ ဦးယုတင်(ဖဒင်အုပ်စုကုမ္ပဏီ)-ဒေါ်လှသီ၊ ဦးယုရှင်-ဒေါ်ခင်ထွေးရီ၊ ဦးစိုးသိန်း-ဒေါ်မြင့်မြင့်ခင်၊ ဦးစိုးနိုင်-ဒေါ်လှလှနိုင်၊ ဦးမျိုးခိုင် (မော်ဒန်ကုမုဒြာ)-ဒေါ်စံပယ်တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂-၁၀-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၄ရက်(စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်း (ကျွန်းကုန်း၊ တောင်ငူ)

**အသက်(၉၃)နှစ်**

တောင်ငူမြို့၊ ကျွန်းကုန်းကျေးရွာ၊ ဈေးလမ်း၊ အမှတ် ၂၃နေ(ဦးဘိုးဟန်-ဒေါ်လှဦး)တို့၏သမီး၊ (ဦးစွိတရန်-ဒေါ်ပု)တို့၏သမီးချွေးမ၊ (ဦးလှမောင်-ဒေါ်စောတင်)တို့၏ညီမ၊ (ဦးကျန်ပို)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း(ငြိမ်း)-ဒေါ်ဖြူဖြူ၊ ဦးဇော်ဝင်း[လ/ထ ညွှန်မှူး(ငြိမ်း)၊ သစ်တော]-ဒေါ်ခင်မြဦး(ဦး/ရှိ၊ ပြည်တွင်းအခွန်)၊ ဒေါ်တင့်တင့်(အထပြ-အထက၊ နတ်စင်ကုန်း)၊ (ဦးဇော်လင်း)၊ (ဦးသိန်းထွန်း)၊ ဒေါ်စန်းစန်းယု(ဦးစီးမှူး/ဆည်မြောင်း)၊ ဒေါ်ခင်နှင်းယု(ရုံးအုပ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်)တို့၏မိခင်ကြီးသည် ၃၀-၉-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်-ဇနီးဒေါ်လင်းလင်းတင်**

**နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်**

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)သူငယ်ချင်းမိသားစုများ**

---

## ဦးစိုးမြင့်

### တရားရုံးချုပ်ရှေ့နေ(စဉ်-၂၉၆၆)

### (စစ်ပြီးခေတ် ဟိုက်စကူးကျောင်းသားဟောင်း)

**အသက်(၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၃လမ်း၊ အမှတ် ၁၈၃(ပထမထပ်)နေ (ဦးသန်းဟန်-ဒေါ်သန်း)တို့၏သား၊ (ဦးဘဦး-ဒေါ်စိန်လွှာ)တို့၏သားသမက်၊ [ဒေါ်ထွေးရီ (မြေတိုင်းဦးစီး၊ ငြိမ်း)]၏ခင်ပွန်း၊ ဒေါက်တာမင်းမင်းစိုး(တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၊ ကိုသူရစိုး-မနှင်းမာလွင်(Sydney, Australia) တို့၏ဖခင်၊ ပိုးပိုးသူရစိုး၊ ခရမ်းပြာသူရစိုးတို့၏အဘိုး၊ မခြူးဝတ်ရည်စိုး (EYU)၊ မအေးအေးမြင့်တို့၏ဘိုးဘိုးသည် ၁-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းညွန့် (စစ်တွေ)

**Director, Universal Scientific Co.,Ltd.**

**အသက်(၈၂)နှစ်**

(ဦးဦးကျော်ဇံ-ဒေါ်မလုံး)တို့၏သမီး၊ (ဦးလှဖော်ဇံ-ဒေါ်လှမြဦး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ ၂လမ်း၊ အမှတ် R-5 နေ ဦးစံသာ[အုပ်ချုပ်ရေးမှူး (ငြိမ်း)၊ အ·ဆ·ည M.D Universal Scientific Co.,Ltd.)၏ဇနီး၊ (ဦးမောင်ထွန်းစံ-ဒေါ်ဦးငွေစိန်)၊ (ဦးသာထွန်းအောင်)-ဒေါ်သိန်းနု၊ (ဦးစောထွန်း)-ဒေါ်စိန်ဝင်းနုတို့၏ညီမ၊ (ဗိုလ်မှူးစောသာ)-ဒေါ်ကျော့ကျော့စိန်၊ ဦးလှအေး-ဒေါ်ဖွားနုတို့၏အစ်မ၊ ဦးတင်ထွန်းအောင် E.E-ဒေါ်ခင်ခင်ဦး (Director)၊ ဒေါ်ခင်ခင်သာ(Director)၊ ဗိုလ်မှူးကျော်နိုင်ဝင်း-ဒေါက်တာခင်အေးအေးစံ (လ/ထ ကထိက၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မိခင်၊ မောင်ထက်ထွဋ်အောင်(B.E.E.P)၊ မစုမြင့်မြတ်အောင် (T.T.C) Grade-11 တို့၏ဘွားဘွား(မာမီကြီး)သည် ၁-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးထွေး

### အထွေထွေမန်နေဂျာ(ငြိမ်း)

### ကုန်သွယ်/လယ်ယာ

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ယုဝတီလမ်း၊ အမှတ် ၃၄၆နေ (ဦးရွှေဟုတ်-ဒေါ်ဒေါ်ကြူး)တို့၏သား၊ (ဦးဖေရှိန်-ဒေါ်အေးကြင်)တို့၏သားသမက်၊ဒေါ်စိုးစိုးရှိန်၏ခင်ပွန်း၊ ဦးကျော်စံဝင်း-ဒေါ်အေးအေးမြိုင်၊ (ဒေါ်တင်တင်မြိုင်)၊ ဦးသောင်းထွန်း-ဒေါ်ခင်ခင်ထွေး၊ (ဦးမျိုးမင်း)၊ (ဦးညီညီမင်း)၊ ဦးဇော်မင်းထွေး-ဒေါ်နေခြည်လင်း၊ ဦးအောင်မိုး-ဒေါ်မေမဥ္ဇူထွေးတို့၏ဖခင်၊ ဗိုလ်ကြီးကျော်ဇင်သော်၊ မောင်ဝေလင်းထက်၊ မောင်ဖြိုးဟန်ကျော်၊ မောင်သုတဟိန်း၊ ကောင်းကောင်းတို့၏အဘိုးသည်၂၉-၉-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် စစ်ကိုင်းမြို့တင်းတိတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးသန်းနွယ် (မာန်အောင်)

### စာရင်းစစ်မှူး(ငြိမ်း)

**အသက်(၈၉)နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ မောင်းမကန်ကျေးရွာနေ (ဦးကျောက်ခဲ-ဒေါ်အိမ်ချမ်း)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၆၁ (သုံးလွှာ)၊ အိမ်ကြီးလမ်း၊ ရေကျော်နေ ဒေါ်မြင့်ကြည်၏ခင်ပွန်း၊ [ဦးစိန်မော်ဦး (လ/ထ ညွှန်ကြားရေးမှူး၊ မိုးဇလ)]-ဒေါ်စုစုသန်း(ကထိက၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်)၊ ဦးသန်းငွေအောင်(Ben Line Agencies (M) L.Ltd.)-ဒေါ်ခင်ဝင်းဝင်းမော်(ခ)မပုလဲ(ပုလဲရတနာဖက်ရှင်)၊ ဒေါ်ချိုချိုနွယ်(ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ဖခင်၊ မထွန်းပြည့်ပြည့်ဖြိုး၊ မောင်စန်းထွန်းအောင်၊ မောင်ထူးအောင်ရ၊ မောင်ကောင်းစည်သူ၊ မအိဖူးစံတို့၏အဘိုးသည် ၂-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဘမှင် (စစ်ကိုင်းမြို့)

### ငွေထည်လုပ်ငန်း

**အသက်(၇၆)နှစ်**

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်နေ ဒေါ်ခင်လေး၏ခင်ပွန်း ဦးဘမှင်သည် ၂၆-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးရဲထွဋ်အောင်နှင့်ဇနီး ဒေါ်ခင်ဝင်းမာထွန်း**

**ညွှန်ကြားရေးမှူး**

**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းညွန့်

**အသက်(၈၂)နှစ်**

ဦးတင်ထွန်းအောင်E.E-ဒေါ်ခင်ခင်ဦး(Director) Auspicious Co.,Ltd. တို့၏ မိခင်ဒေါ်သိန်းညွန့်သည် ၁-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**ချစ်သူငယ်ချင်းများ**

---

## ဦးအုန်းရွှေ အသက်(၇၇)နှစ်

### ယာဉ်/စက်(မန်နေဂျာ၊ ငြိမ်း)၊ ကုန်သွယ်ရေး

ရန်ကုန်မြို့၊ အမှတ် ၈၊ မြရတနာလမ်း၊ ဘောက်ထော်၊ ပြည်သာယာနေ ဒေါ်ခင်သန်းဝင်း၏ခင်ပွန်း၊ ဦးအုန်းခိုင် (မြို့နယ်တရားသူကြီး၊ လယ်ဝေးမြို့နယ်)-ဒေါက်တာသီတာဦး(ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အာဆီယံရေးရာဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဒေါက်တာဝါဝါမိုး(သုတေသနမှူး၊ မြန်မာ့သိပ္ပံနှင့်နည်းပညာ သုတေသနဌာန)၊ ဦးဝင်းထွန်း (လ/ထ အထွေထွေမန်နေဂျာ၊ MEC)-ဒေါ်သန္တာအေး (ဝင်းထွန်း တာယာဆိုင်)တို့၏ဖခင်၊ မောင်ရဲမြတ်ဖုန်းခိုင်[နောက်ဆုံးနှစ်အပိုင်း(က)၊ ဆေး-၁၊ ရန်ကုန်]၊ မခင်အိန္ဒြေဝင်းထွန်း(1st Year RP1+2program)၊ မောင်တေဇဝင်းထွန်း(Grade-10 E၊ အထက-၁၊ ဒဂုံ)တို့၏ဘိုးဘိုးကြီးသည် ၁-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းညွန့်

**အသက်(၈၂)နှစ်**

ဒေါ်ခင်ခင်သာ(Director) Auspicious Co.,Ltd. တို့၏ မိခင် ဒေါ်သိန်းညွန့်သည် ၁-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**ချစ်သူငယ်ချင်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း

### မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း

### ဒုတိယဥက္ကဋ္ဌဟောင်း

## ဦးမြင့်မောင် (စစ်ကိုင်း)

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေမာလာရိပ်မွန်၊ ရွှေခတ္တာလမ်း၊ တိုက် E၊ အခန်း ၁နေ ဒေါ်အေးအေးသိန်း(ခ)ဒေါ်ချော၏ခင်ပွန်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌဟောင်း ဦးမြင့်မောင်သည် ၁-၁၀-၂၀၁၄ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ဦးမြင့်မောင်သည် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းတွင် တာဝန်ယူခဲ့စဉ် အသင်းနှင့်အသင်းသားများ၏ အကျိုးအတွက် အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်ခဲ့ပြီး အလုပ်အမှုဆောင်များကိုလည်း ဦးဆောင်လမ်းပြနိုင်ခဲ့သည့်အတွက် အသင်း၏အလုပ်အမှုဆောင်များအနေဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းညွန့်

**အသက်(၈၂)နှစ်**

ဗိုလ်မှူးကျော်နိုင်ဝင်း-ဒေါက်တာခင်အေးအေးစံ(လက်ထောက်ကထိက၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မိခင် ဒေါ်သိန်းညွန့်သည် ၁-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**ချစ်သူငယ်ချင်းများ**

---

## ဦးအင်စိုက် (မြိတ်)

**အသက်(၈၃)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိဆေးရုံကြီး၊ ဝန်ထမ်းအိမ်ရာ၊ တိုက်အမှတ် ၁၂နေ (ဦးဂျော်ပိုး - ဒေါ်ကြည်)တို့၏ သား၊ (ဒေါ်ကြည်ဝင်း)၏ခင်ပွန်း၊ ဦးထွန်းထွန်းဦး - ဒေါက်တာခင်ထူး (တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးကျော်နိုင်စိုး-ဒေါ်အေးအေးမွန်၊ ဦးစိုးမြင့်-ဒေါ်ဆွေဆွေသင်း၊ ဒေါက်တာမင်းအောင်သိန်းတို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၃၀-၉-၂၀၁၄ရက်(အင်္ဂါနေ့)ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နေပြည်တော်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြူကြူဝင်း

### ဦးစီးအရာရှိ(ငြိမ်း)

### တရားရုံးချုပ်

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ် ၅၉၇နေ (ဦးထွန်းစိန်-ဒေါ်ကျော့ရင်)တို့၏သမီး၊တပ်ကြပ်ကြီးထွန်းလှိုင်(ငြိမ်း)၏ဇနီး၊ ဒုဗိုလ်မှူးကြီးသက်ဇင်ထွန်း - ဒေါက်တာမေသက်နွယ်၊ ဦးမျိုးဇော်ထွန်း (M & E. Engineer STAR CITY)-ဒေါ်သီတာရှိန်တို့၏မိခင်၊ မောင်မင်းသန့်ကျော်၊ မောင်အောင်သက်စံတို့၏ အဘွားသည် ၁-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အုန်းမြင့်ရင်

### ကျန်းမာရေးမှူး(ငြိမ်း)

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ (ဦးလှရင်-ဒေါ်အေးကြည်)တို့၏သမီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နေ(ဦးအောင်သိန်း-ဒေါ်ဝေ)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသီဂီလမ်း၊ အမှတ် ၅၁၃၊ အခန်း ၀၀၂နေ (ဦးတင်ငွေ)၏ဇနီး၊ (ဦးခင်မောင်ရွှေ)-နန့်ဟယ်လီနာခင်တို့၏အစ်မ၊ ဦးစောနိုင်ဦး (Earth Inolustrial Myanmar Co.,Ltd.)-ဒေါ်နွယ်နွယ်အောင်၊ ဒေါ်ဖြူဖြူအောင်(Tour Mandalay)တို့၏မိခင်၊ မောင်ရှင်းသန့်အောင်၏အဘွားသည်၂-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၉-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂)ပါ သခင်သိန်းမောင်(ဝါးခယ်မ) အသက်(၉၆)နှစ် နာရေးကြော်ငြာတွင်၂၉-၉-၂၀၁၄ရက် ညနေ ၅နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းဟု အမှန်ပြင်ဆင် ဖတ်ရှုပါရန်။

---

## ဦးကြည်စိုး(ခ)ဖိုးထောင်

### (ပန်းချီ)

**အသက်(၅၇)နှစ်**

ဗန်းမော်မြို့၊ မင်းကုန်းရပ်နေ (ဦးသိန်းမောင်) - ဒေါ်ခင်အုန်းတို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊အမှတ် ၃၆၂နေ ဒေါ်လဲ့လဲ့ရီ၏ခင်ပွန်း၊ ဦးမျိုးဝင်း၊ ဒေါ်ဖြူမာတို့၏ညီ/မောင်၊ ဦးဝင်းနိုင်၊ ဦးမြင့်နိုင်၊ ဒေါ်ဆွေဆွေဝင်းတို့၏အစ်ကို၊ မသဲရီစိုး၊ မောင်တင်အောင်ကျော်၊ မမေနှင်းဦး၊ မမေစိုးဦးတို့၏ဖခင်သည် ၁-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ ဒါယကာကြီး

## ဦးမြကြည် (သိမ်ချောင်း)

### စာရင်းစစ်မှူး(ငြိမ်း)

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်း(အထက်)ရပ်ကွက်၊ ဒဂုဏ်သီရိလမ်း၊ အမှတ် ၇၉နေ (ဦးစိန်ပန်း-ဒေါ်လှ)တို့၏သား၊ ဒေါ်တင်အုန်း၏ခင်ပွန်း၊ (ဦးသာယာ-ဒေါ်ခင်ကြည်)၊ (ဒေါ်သန်း)၊ (ဦးညွန့်ရွှေ-ဒေါ်အုန်းမြင့်)၊ (ဦးညွန့်ဝေ-ဒေါ်သန်းရွှေ)၊ (ဦးရွှေသီး - ဒေါ်ညွန့်ကြည်)တို့၏ညီ/မောင်၊ ဒေါ်ဥမ္မာကြည်(Marubeni Corporation-Yangon)၊ ကိုအေးကိုကို(ခေတ္တ-ကိုရီးယား)-မမြမြသန်း၊ ကိုဇင်မောင် - မပြုံးသန်းဦး(ခေတ္တ-စင်ကာပူ)၊ ဒေါက်တာမြင့်အောင်-မယဉ်ယဉ်လှ (SS HRD Center)၊ ကိုသိန်းဟန်-မအိအိခင်တို့၏ဖခင်၊မြေးငါးယောက်တို့၏အဘိုးသည် ၂-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၄ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဝင်းဝင်းကြည်

### (ဒေါ်မေကြည်) ကျိုက်လတ်

**အသက်(၅၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ကျိုက်လတ်မြို့နေ (ဦးကြိုင်-ဒေါ်အုန်းကြင်)တို့၏သမီး၊ရန်ကုန်တိုင်းဒေသကြီးနေ ဦးခင်မောင်ကြည်-ဒေါ်မေသန်းဝင်း၊ ဦးသန်းဇော်-ဒေါ်ဇင်မာထွန်း၊ဦးတင်အောင်-(ဒေါ်မေရီဝင်း)တို့၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊၁၆၇လမ်း၊အမှတ် ၃၂/B နေ ဦးခင်မောင်ဝင်း၏ဇနီး၊ မမေသူခိုင် (Tour De Myanmar Travel & Tours)၊ မောင်ချမ်းမြေ့ကောင်း (Second year Geography)တို့၏မိခင်ကြီးသည် ၁-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂နာရီတွင်ကွယ်လွန်သွားပါ၍၃-၁၀-၂၀၁၄ရက်(သောကြာနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## အဗ္ဗဒူလ်ရဟင်(ခ) ဦးသန်းလွင်

### (တက်သစ်စ မုန့်နှင့်အလူမီနီယံလုပ်ငန်း)

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မအူကုန်းလမ်းကျယ်၊ အမှတ် ၁၃နေ[မိုဟမ္မဒ်ရှဖီး(ခ)ဦးမြသိန်း]-ခတီမာဘီ(ခ)ဒေါ်သိန်းတို့၏သား၊ (ဦးမောင်မောင်သိန်း)၊ (ဦးသာထူး)တို့၏ညီ၊ (ဦးမောင်မောင်အေး)-ဒေါ်သန်းကြည်၊ ဦးသန်းမောင်-ဒေါ်လှလှဝင်း၊ ဦးသန်းငွေ-ဒေါ်ဇင်မာသက်တို့၏အစ်ကို၊ ကိုအောင်ကျော်မိုး-မဖြူဖြူအေး၊ မနှင်းနှင်းသန်း၊ မောင်ပြည့်ဖြိုးအေး၊ မဟေမာသန်း၊ မအေးအေးသန်း၊မောင်ဖြိုးမင်းသန်း-မယမင်းသူ၊ မောင်မြတ်ကိုကိုသန်း၊ မအိန္ဒြေမင်းသန်းတို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂-၁၀-၂၀၁၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၃-၁၀-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးကဗရ်စတန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးသန်း(ခ) ဒေါ်မောင်စီ

### (ရွှေနှန်းတော်ခေါက်ဆွဲဆိုင်)

**အသက်(၇၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်နေ (ဦးလှမင်း-ဒေါ်ရွှေရီ)တို့၏သမီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဓ)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ် ၁၇၂နေ (ဦးစိန်ထွန်း)၏ဇနီး၊ ဒေါ်မြင့်မြင့်နွယ်၊ ဦးလှစိန်တို့၏အစ်မ၊ ဒေါ်မိမိအေး၊ ဦးသန်းစိန်၊ ဒေါ်မြင့်မြင့်အေး၊ ဦးတိုးအောင်-မငွေငွေ၊ ဦးအောင်နိုင်မြင့်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၄ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၄ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်၊(င)ရပ်ကွက်၊ သန္တာ ၇လမ်း၊ အမှတ် ၁၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအေးကျော်(ခ) ဦးဘိုကျော်(ကန်တော်ကလေး)

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ကန်/တောင်)ရပ်ကွက်၊ အမှတ် ၁၂/၉၁ ဖြတ်လမ်းနေ (ဦးတင်မောင်-ဒေါ်မြရီ)တို့၏သား၊ (ဦးမောင်တင်-ဒေါ်စုစု)တို့၏သားသမက်၊ ဒေါ်မီးမီး၏ခင်ပွန်း၊ ဦးထွန်းလင်းကျော်(ထွေ/အုပ် မင်္ဂလာတောင်ညွန့်)၊ မစုမြတ်ကျော်တို့၏ဖခင်၊ (ဦးအေးကြူ)၊ ဦးအေးကို-ဒေါ်ကြည်ကြည်စိန်၊ ဒေါ်လှလှမြင့်၊ ဦးအေးချိုတို့၏ညီ/မောင်၊ ဦးမြင့်ထွေး - ဒေါ်အိစံတို့၏ အစ်ကိုသည် ၂-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၄ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်လှိုင်

### (သစ်လုံးအရောင်း-၃၊ မြန်မာ့သစ်လုပ်ငန်း)

**အသက်(၅၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ဝဲချောင်းကျေးရွာနေ ဦးစိန်မောင် - (ဒေါ်ဥ)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးစိမ်း)-ဒေါ်ရင်မေတို့၏သားသမက်၊ မနန္ဒာလှိုင်၊ မောင်ကျော်သူလှိုင်(TSV Co.,Ltd.)-မပြည့်ပြည့်ဖြိုးတို့၏ဖခင်၊ ဒေါ်မြင့်မြင့်ခိုင်၏ခင်ပွန်းသည် ၂-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော်  အောက်တိုဘာ  ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မိုဟာမက် ဆူဖီ အုရ် ရာဟ်မာန်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော်  အောက်တိုဘာ  ၃**

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံတည်ထောင်သည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ် ပတ်ဂွန်ဟေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၃ ကော်လံ ၅*

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂-၁၀-၂၀၁၄

| | |
|---|---|
| ပုသိမ်မြို့ | ၃ ဒသမ ၀၃ လက်မ |
| မုံရွာ(ကြေးမုံ)မြို့ | ၁ ဒသမ ၇၇ လက်မ |
| မြောင်းမြမြို့ | ၁ ဒသမ ၄၂ လက်မ |
| နောင်ချိုမြို့ | ၁ ဒသမ ၃၇ လက်မ |
| ဝမ်းတွင်း(စိုက်ပျိုးရေး) | ၁ ဒသမ ၃၇ လက်မ |
| ဖြူးမြို့ | ၁ ဒသမ ၃၄ လက်မ |

ယနေ့ မာတိကာ

ဆီရာလီယွန်းတွင် အီဘိုလာ ကူးစက်နှုန်း တစ်နာရီလျှင် ငါးဦးနှုန်းဖြစ်ပွား
စာမျက်နှာ ၄

ဆေးပညာ သတင်းဆန်းများ(၇၆)
ဆောင်းပါး စာမျက်နှာ ၆

ရွှေပြည်-တောင်အင်း-ထုံးကြီး လမ်းမကြီး၌ တံတားငယ် ငါးစင်း တည်ဆောက်သွားမည်
စာမျက်နှာ ၁၁

မိုးသည်းထန်စွာရွာသွန်း၍ လမ်းပေါ်ရေလျှံ
စာမျက်နှာ ၁၃

ဝဲလ်ဘတ် ဟက်ထရစ်သွင်းပြီ
စာမျက်နှာ ၁၄

# ကွန်ကရစ်ဆိပ်ခံဖောအသစ်နှစ်စင်းတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး၊ ရေချဆောင်ရွက်တော့မည်

ဒလ  အောက်တိုဘာ  ၂

**သတင်းနှင့်ဓာတ်ပုံ တင်လှမောင်**

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ပန်းဆိုးတန်း-ဒလကူးတို့လမ်းမှကူးတို့စီးခရီးသည်များ အဆင်ပြေလွယ်ကူကြစေရန်အတွက် ဒလဘက်ကမ်းတွင် ဒလဆိပ်ကမ်း ပြန်လည်ထူထောင်ရေးရွှေ့ပြောင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

ထို့ကြောင့် ယခုအခါ ဒလဆိပ်ကမ်း ပြန်လည်ထူထောင်ရေး ရွှေ့ပြောင်းစီမံကိန်းထဲမှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းမှ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံတွင် တည်ဆောက်လိုက်သော ကွန်ကရစ်ဆိပ်ခံဖော အမျိုးအစားဖြစ်သည့် ဒလ-ပန်းဆိုးတန်း Ferry ကွန်ကရစ် ဆိပ်ခံဖော အသစ်နှစ်စင်း တည်ဆောက်မှုသည် ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သောကြောင့် လာမည့်အောက်တိုဘာ ၇ ရက်တွင်ကွန်ကရစ် ဆိပ်ခံဖော တစ်စင်းကို ရေချဆောင်ရွက်မည်ဖြစ်ပြီး အောက်တိုဘာ ၁၁ ရက်တွင် ကျန်ကွန်ကရစ် ဆိပ်ခံဖောတစ်စင်းကို *စာမျက်နှာ ၃ ကော်လံ ၁*




ကွန်ကရစ်ဆိပ်ခံဖောအသစ်နှစ်စင်း တည်ဆောက်မှုရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ရေချဆောင်ရွက်တော့မည့်အနေအထားကို တွေ့ရစဉ်။

## ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS



BHS U HLA BU'S TOEFL

TOEFL [illegible] Oct 6 [illegible] 09429270253 / 0931050704 [illegible]

[illegible]


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

**Union Civil Service Board**

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ် ၁၃ / ၂၀၁၄

၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၅ ရက် )

[illegible]

Website [illegible] ucsb.imis.com.mm နှင့် www.ucsb.gov.mm [illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

**Union Civil Service Board**

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ် ၁၄ / ၂၀၁၄

၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၅ ရက် )

[illegible]

Website [illegible] ucsb.imis.com.mm နှင့် www.ucsb.gov.mm [illegible]


STI MYANMAR UNIVERSITY

## Job Vacancies for Lecturers

(Full-time)

| | |
|---|---|
| 1. Lecturer in Management | 10 posts |
| 2. Lecturer in Human Resources Management | 10 posts |
| 3. Lecturer in Marketing | 10 posts |
| 4. Lecturer in Accounting | 10 posts |
| 5. Lecturer in Chemistry | 6 posts |
| 6. Lecturer in Physics | 6 posts |
| 7. Lecturer in Mathematics | 6 posts |
| 8. Lecturer in Civil Engineering | 5 posts |
| 9. Lecturer in Architectural Engineering | 5 posts |

Closing date: October 19, 2014 — Start date: Nov 1, 2014

Interview date: October 24, 2014 — Job Type: Full Time Position (Attractive Compensation)

Candidates must have a degree/ postgraduate degree in a relevant subject and considerable experience and success.

Detail application with full particulars of qualification & experience should be sent to The Administrator, STI Myanmar University, Block-10, Phase-III, MICT Park, Hlaing University Campus, Yangon.

Email: [illegible]

အိမ်ခြံမြေ ရောင်းမည် / ငှားမည်

[illegible]

လမ်းမတန်း ၅ထပ်တိုက်သစ်တည်းခိုခန်းရောင်းမည်

[illegible] ၂၀၁၀ ခုနှစ်မှ [illegible] အခန်း(၁၈)ခန်း၊ TV ၊ ရေခဲသေတ္တာ၊ အဲကွန်း ဘိုထိုင်၊ ရေချိုးရေအေး၊ မီးစက်၊ TRANSFORMER ၊ လက်ရှိ လည်ပတ်နေ၊ ဝင်ငွေကောင်း၊ သိန်း၈၅၀၀ (ညှိနှိုင်း)

ဆက်သွယ်ရန် 095060452

[illegible]


**ပြင်ဆင်ဖတ်ရှုပါရန်**

၃၀-၉-၂၀၁၄ ရက်ထုတ် ဤသတင်းစာ အချုပ်ပိုစာမျက်နှာ(၇)တွင် ပါရှိသော ကန့်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ဦးတင်ဆောင် SLN-၀၃၅၀၄၈အစား ဦးတင်ဆောင် SLN-၀၃၅၉၄၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၃-၉-၂၀၁၄ ရက်ထုတ် ဤသတင်းစာ ကြော်ငြာကဏ္ဍ စာမျက်နှာ (၄)တွင် ပါရှိသော (ချယ်ရီခင်)လက်ထောက်ညွှန်ကြားရေးမှူး ကရင်ပြည်နယ်တရားရေးဦးစီးမှူးရုံး တရားမပြင်ဆင်မှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်ရက်ကို လျှောက်ထားခံရသူထံသို့ ကြားသိစေသည့် အကြောင်းကြားစာကြော်ငြာတွင် ကရင်ပြည်နယ်လွှတ်တော်၌အစား ကရင်ပြည်နယ်တရားလွှတ်တော်၌ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာကဏ္ဍ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ်၊ ၁၅ / ၂၀၁၄
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

[illegible]

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
| --- | --- | --- |
| [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] |
| | [illegible] | [illegible] |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
[illegible]

Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း [illegible]

ကြော်ငြာကဏ္ဍ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ်၊ ၁၆ / ၂၀၁၄
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

[illegible]

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
[illegible]

Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း [illegible]

ကြော်ငြာကဏ္ဍ



အခမဲ့ဖုန်းပြောနည်း Viber
ဉာဏ်ကြွယ်
Viber သုံးစွဲရာတွင် တွေ့ကြုံရသော ပြဿနာများအတွက် Troubleshooting များ
Viber 2.0 မှ 5.0 Version ထွေတိုပြဿနာရှင်းနည်း
Viber out အတွက် credit in ငွေဖြည့်သွင်းနည်း
[illegible]
ထွက်ပြီ



ပါကျွတ်ချိန်ခါ ပူဇော်ကန်တော့ကြသူတိုင်း
စတုမဓုခွင့်ကန်တော့၍ ကုသိုလ်ယူကြသည်။

ဦးဘညိုနှင့်သား
TMR-003201
[illegible]


ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/8563 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

[illegible]


Showroom [illegible]
☎ 01 686213 , 📱 09 73077722


[illegible]


တစ်ခါစား (၂) ပြား မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေး


သွေးသည်အသက်

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ


စိန်ရွှေရတနာဆိုင်

• နိုင်ငံတကာအသိအမှတ်ပြု GIA Certificate ပါသော D-L Colour ဆိုက်ကြီး စိန်များလည်း ရောင်းချပါသည်

စိန်ရောင်းချင်လို့ပါ

"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆)နာရီ အထိ

တန်ရာတန်ကြေးပေးဖို့ဝန်မလေးဘူး။ စိန်ပြုသန့်အမှန်အကန်ပဲလိုချင်တယ်။ ရွှေဖိုရှာဖိုလဲ အချိန်မပေးနိုင်ဘူးဆိုသူများအတွက် ...
အောက်ပါအရည်အသွေးအတိုင်း တိတိကျကျရှိသောစိန်ပြုသန့်အကြီးအသေးဆိုဒ်စုံများကို အာမခံပြီး ရောင်းချပေးနေပါပြီ

• Same Cutting စိန်အပွင့်တိုင်း Standard Brilliant Cut (ဘယ်လ်ဂျီယမ် Cutting) ဖြစ်ရမည်။ Cutting နိမ့်သွားတာမပါစေရ
• Same Colour စိန်အပွင့်တိုင်း အဖြူစစ်စစ်ညီ (D,E,F Colour) ဖြစ်ရမည်။ အညိုမပြုတာ၊ ဝါတာ၊ နှံ့နှံ့လေးပါ ညီတာမပါစေရ
• Same Purity အပွင့်တိုင်းသန့်စင်မှု မကျလေရ (IF, VVS, Quality ရှိရမည်။) VS Quality များဖြစ်သော အစွန်း၊ Spot၊ အမြစ်သေများမပါစေရ

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၆၂၇၈၊ ၅၁၂၉၂၂၊ ၅၀၅၁၇၇၊ ၅၁၂၆၉၆


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပလက်ဝမြို့နယ်၊ ကျေးလက်ဒေသနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ပလက်ဝမြို့ ရပ်ကွက်(၃)ခုအား ရေပေးရေးလုပ်ငန်း(၉)မိုင် ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ပလက်ဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ၃၀-၉-၂၀၁၄ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၉-၁၀-၂၀၁၄ရက် ၁၆း၀၀နာရီအတွင်း နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၃-၅၆၅၀၀၄၊ ၀၉-၄၉၂၆၉၂၆၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ။
### (အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
### မော်လမြိုင်ခရိုင်တရားမရုံး၌
### ၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၃၀

**ကွယ်လွန်သူ မော်လမြိုင်မြို့နယ်၊ ကော့နပ်ကျေးရွာအုပ်စု၊ မဲခရပ်ကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးဘဒ္ဒန္တပါလ(ခ)ဦးပါလ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

**ဒေါ်ကွန်ကျင်၊ အမှတ် ၄၉၊ နီးပဒေါ်ရွာ၊ မုဒုံမြို့နယ်　　လျှောက်သူ**

အမှတ် ၄၉၊ နီးပဒေါ်ကျေးရွာ၊ မုဒုံမြို့နေ ဒေါ်ကွန်ကျင်က ကွယ်လွန်သူ ဆရာတော် ဦးဘဒ္ဒန္တပါလ(ခ)ဦးပါလ၏ (၁)တရားဝင်ဇနီးဖြစ်သည်ဟူ၍ ကော့နပ်ကျေးရွာအုပ်စု၊ မဲခရပ်နေ ၎င်းကွယ်လွန်သူ ဦးဘဒ္ဒန္တပါလ(ခ)ဦးပါလမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးဘဒ္ဒန္တပါလ(ခ)ဦးပါလမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် အောက်တိုဘာ ၂၅ ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူဒေါ်ကွန်ကျင်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၂၅ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ညွန့်ညွန့်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
မော်လမြိုင်ခရိုင်တရားရုံး

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သာကေတမြို့နယ်တရားရုံးတော်၌
### ၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၁၄၈

ဦးကျော်ဝင်း　　နှင့်　　ဒေါ်စန်းမြင့်
**တရားလို**　　　　**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁-အနော်မာ)ရပ်ကွက်၊ အနော်မာ ၁၃လမ်းအရှေ့၊ အမှတ် (၅၄၇/ခ)နေ ဒေါ်စန်းမြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးကျော်ဝင်းက ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၀ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ယုယုဆွေ)
တွဲဖက်မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး


ဒေါက်တာ ဆရာမြင့် (စကြာမင်း) ရဲ့... မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေး

မန်းရာဇာ အသည်းအားဆေး


### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ယ/၇၁၄၄၆ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၇/တငန(နိုင်)၁၅၉၈၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၆၄၁၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လေး ၇/တငန(နိုင်)၀၀၂၄၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**


The YANGON DIRECTORY ရန်ကုန်လမ်းညွှန်

အောက်တိုဘာလအတွက် ပထမအပတ်ကံထူးရှင်




၂၀၁၄ ခုနှစ် ရန်ကုန်လမ်းညွှန် Lucky Draw အစီအစဉ်၏ (၁၅)ကြိမ်မြောက် ဆုပေါက်ခဲ့သော SINMA Furniture ကျပ် (၁၀)သိန်းဖိုး ဝယ်ယူခွင့် (Gift Card) ကံထူးရှင် ပေါက်ဂဏန်း

012238

(၁၆)ကြိမ်မြောက် ကံစမ်းမဲပေါက်ပေးမည့် ဆုပစ္စည်းမှာ iPhone 6 16GB ဖြစ်ပါသည်။

ဘာမဆိုကို HOT LINE 01-8619 277

Register လုပ်ရန်နှင့် အသေးစိတ်ထုတ်ယူရန် Ph : 01-9000 712, 9000 713

www.yangon-directory.com, www.facebook.com/TheYangonDirectory

မြန်မာ့အလင်း




၂၀၁၄ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ သောကြာနေ့။

လူမှုစီးပွား

**ရခိုင်ပြည်နယ် အတွင်းမှာ ကျောင်းဆောင်ပေါင်း ၁၀၀**

စာ - ၃



ပြည်တွင်းရေးရာ

**စက်ရေတွင်း တူးဖော်မှုနှင့် ဂါလန် ၅၀၀၀ဆံ့ ရေလှောင်ကန်တည်ဆောက်မှုပြီးစီး**


စာ - ၅

ခရီးသွား

**မြို့ပတ်လမ်း ကွန်ကရစ်ခင်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး**

စာ - ၆








ရခိုင်ပြည်နယ်

# ရခိုင်ပြည်နယ်အတွင်းမှာ ကျောင်းပေါင်း ၁၀၀

### ရည်ရွယ်ချက် (၃)ရပ်နှင့် BAJ

BAJအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကျောင်းများဆောက်လုပ်ရာတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီပံ့ပိုးဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယင်းကဲ့သို့ စာသင်ကျောင်းများ ဆောက်လုပ်ပေးရသည့် ရည်ရွယ်ချက်များမှာ ရခိုင်ဒေသရှိ တိုင်းရင်းသားကလေးငယ်များ အခြေခံပညာသင်ယူရာတွင် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးအတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန်၊ ယင်းကဲ့သို့ ဆောက်လုပ်ပေးသော အဆောက်အအုံများသည်ပင်လျှင် ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ဟူသည့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက ခိုလှုံစရာနေရာများဖြစ်လာစေရန်၊ အဆောက်အအုံများဆောက်လုပ်ရင်း ကျေးရွာသူ၊ ကျေးရွာသားများကို လုပ်ငန်းခွင်သင်တန်းများကို စာတွေ့၊ လက်တွေ့ပို့ချပေးခြင်းဖြင့် ဆောက်လုပ်ရေးနည်းပညာများ ဖြန့်ဝေပေးနိုင်ရန်တို့ပင် ဖြစ်ပါကြောင်း အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ (BAJ) မှ Country Representative ဖြစ်သူ Ms. Akiko MORI က စက်တင်ဘာ ၂၃ ရက်တွင် ညွှန်ကြားရေးမှူးချုပ်နှင့်တွေ့ဆုံစဉ် ဆွေးနွေးပြောကြားခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှကလည်း နှစ်နှစ်တာကာလအတွင်း BAJ မှ ဆောက်လုပ်ပေးခဲ့သောကျောင်းများနှင့်ပတ်သက်၍ ဒေသခံများက ကျေနပ်အားရမှုရှိပါကြောင်း၊ ပထဝီအနေအထားအရ လိုအပ်သော နေရာများတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံများ လျာထားဆောက်လုပ်ပေးစေလိုပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နေရာများတွင် ကျောင်းများအချိန်မီပြီးစီးရေးအတွက် ရာသီဥတု ကောင်းမွန်ချိန်၌ ပစ္စည်းများကြိုတင်စုပုံထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် စီမံကိန်းပါကျောင်းများကိုလည်း အမှန်တကယ်လိုအပ်မည့်နေရာများတွင် စနစ်တကျရွေးချယ် ဆောက်လုပ်ပေးရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

### စီမံကိန်းပထမနှစ်

BAJ အဖွဲ့သည် စီမံကိန်းပထမနှစ်ဖြစ်သော ၂၀၁၃ခုနှစ် ဩဂုတ်လမှ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျောင်း ၁၀ ကျောင်း ဆောက်လုပ်ခဲ့ရာ စစ်တွေမြို့နယ်တွင် ကြို့တဲမူလွန်နှင့် သိန်းတန်အမက၊ ပေါက်တောမြို့နယ်တွင် ရပ်ကွက်(၁)အမကနှင့် ရွာချောင်းကြီး အမက၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် အောင်မြတ်လှဲအမကနှင့် ကျေးတောအမက၊ ကျောက်တော်မြို့နယ်တွင် ပြင်လှမူလွန်နှင့် ဒေါင်းတောယိုးအမက၊ မြောက်ဦးမြို့နယ်တွင် တောင်ဦးမူလွန်နှင့် ကြက်စျေးအမကကျောင်းများ ဖြစ်ကြသည်။ ယင်းကျောင်းများအနက် ပေါက်တောမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်မှ ကျောင်းလေးကျောင်းကို သံကူကွန်ကရစ် သဘာဝဘေးဒဏ်ခံ အဆောက်အအုံများအဖြစ် တည်ဆောက်ပေးထားခြင်းဖြစ်သည်။

### စီမံကိန်း ဒုတိယနှစ်

၂၀၁၄ ခုနှစ် မတ်လမှစ၍ စီမံကိန်း ဒုတိယနှစ်တွင် အကျုံးဝင်သော ကျောင်း ၂၀ ကို ဆက်လက်ဆောက်လုပ်ခဲ့ရာ ဇူလိုင်လအထိ တောင်ကုတ်မြို့နယ်တွင် သံပုရာကိုင်း(၁) အမက၊ ကင်းတောင် အမက၊ ဇနီအမကနှင့် နတ်ကန် မူလွန်ကျောင်းများ၊ ဂွမြို့နယ်တွင် အလယ်ချောင်း အမက၊ သပြုချောင်း အမကနှင့် လောင်းကျိုးအမကကျောင်းများ၊ သံတွဲမြို့နယ်တွင် ကွေ့ချောင်း အမကနှင့် ဂုံမင်းချောင်း အမကကျောင်းများ၊ စစ်တွေမြို့နယ်တွင် ပျားလည်ချောင်းအမကနှင့် ကံ့ကော်ကျွန်း အမကကျောင်းများ၊ မောင်တောမြို့နယ်တွင် ပြားသားမူလွန်ကျောင်း၊ ရသေ့တောင်မြို့နယ်တွင် အောင်စည်ကုန်း အမက အပါအဝင် စုစုပေါင်း ၁၃ ကျောင်းမှာ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည်။ ကျန်ခုနစ်ကျောင်းဖြစ်သော သံတွဲမြို့နယ် ဆင်ခေါင်းအမက၊ စစ်တွေမြို့နယ် ကျောက်တန်းကြီးအမက၊ မောင်တောမြို့နယ် ရပ်ကွက်(၄) အမက၊ မင်းပြားမြို့နယ် စျေးဟောင်းပိုင်းအလက၊ ရသေ့တောင်မြို့နယ် အငူမော်ကုန်းတန်း အမက၊ တောင်ကုတ်မြို့နယ် ကံဆိပ်မူလွန်နှင့် ကံဆိပ်အရှေ့မူလွန်ကျောင်းများမှာ တည်ဆောက်ဆဲဖြစ်သည်။



ဂွမြို့နယ် လောင်းကျိုးအမကကျောင်းကို တွေ့ရစဉ်။

စာသင်ကျောင်းများကို ပုံမှန်အားဖြင့် လေးလနှင့် လေးလခွဲခန့်အချိန်ယူ တည်ဆောက်ခဲ့ပြီး နှစ်ထပ်စာသင်ဆောင်များကိုမူ ငါးလခွဲခန့် အချိန်ယူခဲ့ရသည်။ ဆောက်လုပ်ပြီးကျောင်းတိုင်း၌ လေးယောက်ထိုင်စာသင်ခုံများ ဖြည့်တင်းဆောင်ရွက်ပေးသကဲ့သို့ နှစ်ခန်းတွဲ၊ သုံးခန်းတွဲ ရေလောင်းအိမ်သာများကိုပါ တည်ဆောက်ပေးခဲ့သည်။

### ဆက်လက်ဆောင်ရွက်ပေးမည့် ကျောင်းများ

စီမံကိန်း တတိယနှစ်တွင် ကျောက်ဖြူမြို့နယ်၌ ခုနစ်ကျောင်း၊ ရမ်းဗြဲမြို့နယ်၌ ခုနစ်ကျောင်း၊ မင်းပြားမြို့နယ်၌ လေးကျောင်း၊ သံတွဲမြို့နယ်၌ နှစ်ကျောင်း၊ ဂွနှင့် တောင်ကုတ်မြို့နယ်၌ တစ်ကျောင်းစီ၊ စုစုပေါင်း ၂၂ ကျောင်း ဆောက်လုပ်ပေးသွားမည်ဖြစ်သည်။ ဆက်လက်၍လည်း စတုတ္ထနှစ်၌ ၂၄ ကျောင်း၊ ပဉ္စမနှစ်၌ ၂၄ ကျောင်း ဆောက်လုပ်ပေးသွားမည်ဖြစ်ရာ နားလည်မှုစာချွန်လွှာ(MoU)အရ ၂၀၁၈ခု ဩဂုတ်လအတွင်း ကျောင်းပေါင်း ၁၀၀ ပြည့်မြောက်သွားမည်ဖြစ်ပေသည်။

### ဆောက်လုပ်ရေးနည်းပညာများ ဖြန့်ဝေ

BAJ သည် သူ၏တတိယရည်ရွယ်ချက်အတိုင်း ဆောက်လုပ်ရေးနည်းပညာများကို လုပ်ငန်းခွင်ဝင်ရင်း စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ရာ ကျေးရွာသူ၊ ကျေးရွာသားများအတွက် အကျိုးကျေးဇူးဖြစ်ထွန်းခဲ့ကြောင်း တွေ့ရသည်။ စီမံကိန်းကာလနှစ်နှစ်အတွင်း ကျောင်းပေါင်း ၃၀ ဆောက်လုပ်ခဲ့ရာတွင် လုပ်ငန်းခွင်ကျွမ်းကျင်လုပ်သား ၄၇၆ ဦး ပေါ်ထွက်ခဲ့ပြီး ၎င်းတို့အနက် BAJ အဖွဲ့တွင် ၅၀၊ အခြားဆောက်လုပ်ရေးကုမ္ပဏီများတွင် ၂၃၀ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

### ကျောင်း(၁၀၀)ပြည့် အခမ်းအနား

နိပ္ပွန်ဖောင်ဒေးရှင်း၏မူအရ ကျောင်းပေါင်း (၁၀၀) ပြည့် အခမ်းအနားများ ကျင်းပလေ့ရှိကြောင်း သတိပြုမိသည်။ စေတနာအဖွဲ့က ရှမ်းပြည်နယ်အတွင်း စာသင်ကျောင်းများ ဆောက်လုပ်ပေးလျက်ရှိရာ ကျောင်း(၁၀၀)ပြည့် အခမ်းအနားကို နောင်ချိုမြို့နယ်အတွင်းမှ အုမ္မသီး ကျေးရွာတွင်လည်းကောင်း၊ ကျောင်း(၂၀၀)ပြည့် အခမ်းအနားကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အင်းငယ်တွင်လည်းကောင်း ကျင်းပခဲ့သည်။ ယခုလည်း ရခိုင်ပြည်နယ်အတွင်း BAJက ကျောင်းများ ဆောက်လုပ်ပေးခဲ့ရာ ထိုအထဲတွင်မှ ကျောင်းတစ်ကျောင်းမှာ ကျောင်း(၁၀၀)ပြည့် အခမ်းအနားကျင်းပ၍ ဖွင့်လှစ်ခွင့်ရမည်ဖြစ်သည်။ ကျောင်းဆောင်သစ်များ ပေါ်ထွန်းလာခြင်းနှင့်အတူ BAJ ၏ စေတနာကိုလည်း ဒေသခံတိုင်းရင်းသားများက အမြဲထာဝရအသိအမှတ်ပြုနေမည် ဖြစ်ပါကြောင်း။ ။

မြင့်စိုး(နတလ)



မင်းပြားမြို့နယ် စျေးဟောင်းပိုင်း အမကကျောင်းကို တွေ့ရစဉ်။



**နေပြည်တော်ကောင်စီနယ်မြေ**

# ရှင်မတောင်သနပ်ခါးစိုက်ပျိုး လုပ်မှုစီးပွားဘဝ ဝင်ငွေတိုး



သနပ်ခါးလိမ်းခြင်းသည် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ပြီး သနပ်ခါးကို ယခုအခါ လူကြီးလူငယ် ကျား/မအရွယ်မရွေး သုံးစွဲသူများတိုးလာခြင်းကြောင့် ဈေးကွက်တွင်ကျယ်လာပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူများ၊ စီးပွားဖြစ်စိုက်ပျိုးသူများနှင့် သနပ်ခါးအရောင်းအဝယ်လုပ်သူများ များပြားလာရာ ၎င်းတို့၏ လုပ်မှုစီးပွားဘဝလည်း အဆင်ပြေလျက်ရှိကြသည်။

သနပ်ခါးပင်များကို ယေဘုယျအားဖြင့် မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားတွင် စိုက်ပျိုးကြသော်လည်း နိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပို၍စိုက်ပျိုးကြကြောင်း သိရသည်။ မြန်မာ့သနပ်ခါးကို နေရာဒေသအလိုက် အမည်အမျိုးမျိုး သတ်မှတ်ခေါ်ဝေါ်ခဲ့ကြရာ ထိုအထဲတွင် ရှင်မတောင်ခေါ် သနပ်ခါးတစ်မျိုးလည်း အပါအဝင်ဖြစ်ပြီး မြန်မာအမျိုးသမီးများ အထူးနှစ်သက်ကြသောကြောင့် ထင်ရှားသောသနပ်ခါးဖြစ်လာခဲ့သည်။

ရှင်မတောင်သနပ်ခါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ သနပ်ခါးအများအပြားစိုက်ပျိုးသော နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အနောက်မြောက်ဘက် သာယာအေးကျေးရွာရှိ သနပ်ခါးစိုက်ပျိုးသူတစ်ဦးဖြစ်သည့် ဦးသောင်းညွှန့်က "ကျွန်တော်တို့ရွာမှာ အိမ်တိုင်းနီးပါး သနပ်ခါးပင်ကို စိုက်ပျိုးကြတယ်။ ဒေသအခေါ်အဝေါ်ကတော့ ရှင်မတောင်လို့ခေါ်ကြတယ်။ ဒီရွာက ထွက်တဲ့ သနပ်ခါးကိုလူကြိုက်များကြတယ်။ ပြောရရင် ရွာစတည်ကတည်းက လူနည်းစုက စိုက်ပျိုးလာကြတာ။ အခုနောက်ပိုင်း ဈေးကွက် အမြင်ကျယ်လာတော့ စိုက်ပျိုးသူတွေက ပိုများလာတာပေါ့" ဟု ပြောသည်။

ရှင်မတောင်သနပ်ခါး အမပင်ကသီးသည့်အသီးများကို အစေ့ထုတ်ပြီး နေလှန်းရကြောင်း၊ အစေ့ခြောက်သည့်အချိန်တွင် မြေဆွေးအသင့်ထုပ်ထားသော ပလတ်စတစ်အိတ်အသေးများထဲသို့ထည့်ပြီး ရေလောင်းပျိုးထောင်ရကြောင်း၊ မိုးတွင်းရောက်သည့်အခါ ပျိုးထားသည့် သနပ်ခါးအပင်ပေါက်များကို စိုက်ပျိုးမည့်နေရာတွင် မြေအောက်အနက် တစ်ပေခန့်ကျင်းတူးပြီး စိုက်ပျိုးကြရကြောင်း၊ တချို့က ဥယျာဉ်ခြံမြေများတွင် စနစ်တကျထွန်ယက် စိုက်ပျိုးပြီး နှစ်တောင်ခွဲ၊ သုံးတောင်ခန့်စီ အတန်းလိုက်စိုက်ပျိုးကြကြောင်း စိုက်ပျိုးမှုနှင့်ပတ်သက်၍ ၎င်းက ဆက်လက်ပြောပြသည်။

စိုက်ပျိုးပြီးသော သနပ်ခါးပင်ကို ရှင်သန်ကြီးထွားရန် ဂရုစိုက်ထိန်းသိမ်းစောင့်ရှောက်မှုလိုအပ်ကြောင်း၊ မြေအမျိုးအစားပေါ်မူတည်၍ အပင်၏အရည်အသွေးများနှင့် တန်ဖိုးများလည်း ကွာခြားသွားကြောင်း၊ ယင်းသနပ်ခါးသည် သဲဆန်မြေများထက် ကုန်းမြေ နှင့်ကျောက်စရစ်မြေများတွင် ပို၍ဖြစ်ထွန်းကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ သဘာဝသနပ်ခါးကို အခြေခံထုတ်လုပ်ထားတဲ့ တခြားအလှကုန်ပစ္စည်းတွေ ဘယ်လောက်ပေါပေါ ရှင်မတောင်သနပ်ခါးစစ်စစ်ကိုတော့ ဝယ်သူများပါတယ်။ တချို့ရောင်းသူတွေက ရောင်းပန်းလှအောင် ဆေးသုတ်ရောင်းတာတွေရှိတော့ ဝယ်တဲ့သူတွေ စိစစ်ပြီးဝယ်ယူစေချင်ပါတယ်။ ကျွန်မတို့ကတော့ ကုန်ကြမ်းအနေနဲ့ စိုက်ခြံတွေအထိ သွားရောက်ဝယ်ပြီး ကုန်ချောအနေနဲ့ အနီးဝန်းကျင်ကျေးရွာတွေရော၊ မြို့တွင်းဈေးကွက်တွေအထိပါ လက်လီလက်ကား ပြန်လည်ရောင်းချပါတယ်"ဟု အဆိုပါကျေးရွာမှ သနပ်ခါးအရောင်းအဝယ်လုပ်သူ မတင်မာရွှေက ပြောသည်။

"သနပ်ခါးပင်စိုက်ပျိုးလျှင် အစဉ်ချမ်းသာမှာ"ဆိုသည့် စာရေးသူ ငယ်စဉ်တောင်ကျေး ကလေးဘဝက ရွာဦးဘုန်းတော်ကြီးကျောင်းတွင် အကြိမ်ကြိမ်ရွတ်ဆိုခဲ့ဖူးသည့် စာသားလေးကို ပြန်လည်သတိရရင်း ယခုအခါ သနပ်ခါးစိုက်ပျိုးသူများ အမှန်တကယ် လုပ်မှုစီးပွားအဆင်ပြေနေမှုကို မြင်ယောင်ရင်း ရင်ထဲတွင်ဝမ်းသာ ပီတိဖြစ်နေမိပါတော့သည်။

**သတင်းဆောင်းပါး-တင်မောင်လွင် ➢ ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)**



**ရှမ်းပြည်နယ်(မြောက်ပိုင်း)**

## မြို့ပတ်လမ်းကွန်ကရစ်ခင်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

စက်တင်ဘာ ၂၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ကုန်းကြမ်းမြို့တွင် လမ်းအရှည် ပေ ၃၇၀၊ အကျယ် ၁၄ပေ၊ အမြင့်ကိုးလက်မရှိ မြို့ပတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ရပ်မိရပ်ဖနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



## ဆုဖလားလက်မဲ့ကာလကို အင်ဒီမာရေး အဆုံးသတ်နိုင်ခဲ့

# WTA Wuhan Open ချန်ပီယံဆုဖလားကို ကီဗီတိုဗာ ရယူ

■ အောင်က

**ကမ္ဘာ့ အဆင့် (၁)ပေါင်း ဗြိတိန်တင်းနစ်သမား အင်ဒီမာရေးသည် စက်တင်ဘာ ၂၂ရက်မှ ၂၈ရက်အထိ တရုတ်နိုင်ငံ Shenzhen မြို့ရှိ Shenzhen Longgang တင်းနစ်စင်တာတွင် ကျင်းပခဲ့သော ၂၀၁၄ခုနှစ် ATP Shenzhen Open တင်းနစ်ပြိုင်ပွဲအမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၌ ချန်ပီယံဆုရယူကာ သူ၏ဆုဖလားလက်မဲ့ကာလကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။**



အဆိုပါပြိုင်ပွဲ၌ နိုင်ခြေအဆင့် (၂) အဖြစ် သတ်မှတ်ခံခဲ့ရသူ လက်ရှိကမ္ဘာ့အဆင့် (၁၁) မာရေးသည် ဗိုလ်လုပွဲတွင် စပိန်နိုင်ငံသား တွမ်မီရော့ဘ်ရီဒိုအား ၅-၇၊ ၇-၆(၁၁-၉)၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာ့အဆင့် (၂၂) ဖြစ်သူ ရော့ဘ်ရီဒိုသည် ယခုပြိုင်ပွဲ၏ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲအတွက် နိုင်ခြေအဆင့် ၄ သတ်မှတ်ခံခဲ့ရသူဖြစ်သည်။

၂၀၁၄ ခုနှစ် ATP Shenzhen Open တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ချန်ပီယံသည် ၂၀၁၃ ခုနှစ် ဝင်ဘယ်ဒန် အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦး ချင်းပြိုင်ပွဲ ချန်ပီယံဆုပြီးနောက် မာရေး ပထမဆုံးရရှိခဲ့သည့် ဆုဖလားဖြစ်သည်။ မာရေးသည် ၂၀၁၄ ခုနှစ် တင်းနစ်ရာသီ အတွင်း ATP Shenzhen Open တင်းနစ် ပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့သည့် တစ်ဦးချင်း ပြိုင်ပွဲ ၁၆ခုတွင် ဆုဖလားရယူနိုင်ခြင်းမရှိ ခဲ့ပေ။

မာရေးက "ကျွန်တော့်ရဲ့ ဆုဖလား လက်မဲ့ကာလဟာ အတော့်ကို ကြာညောင်းခဲ့ ပါတယ်။ အခု တင်းနစ်ရာသီမကုန်ဆုံးမီမှာ နောက်ထပ်ဆုဖလားတစ်ခု ရယူနိုင်ဖို့ မျှော်လင့်မိပါတယ်။ တွမ်မီနဲ့ကစားခဲ့တဲ့ ဗိုလ်လုပွဲဟာ ခက်ခဲခဲ့ပြီး ကျွန်တော် အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ရတယ်။ အထူးသဖြင့် ဒုတိယပွဲဟာ ခက်ခဲခဲ့ပြီး ကျွန်တော် ကံကောင်းခဲ့တယ်လို့ ဆိုရမှာပါ။ တွမ်မီအနေနဲ့လည်း ဒီပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်တဲ့ အခွင့်အရေးရှိခဲ့ပါတယ်။ ဒါပေမယ့် အားကစားလောကမှာ တစ်ခါတစ်ရံ ဒီလိုအဖြစ်မျိုးတွေ ရှိပါတယ်"ဟု ပြောသွားသည်။



ပြီးခဲ့သည့် စက်တင်ဘာ ၂၀ ရက်မှ ၂၇ ရက်အထိ တရုတ်နိုင်ငံ Wuhan မြို့တွင် ကျင်းပခဲ့သည့် ၂၀၁၄ ခုနှစ် WTA Wuhan Open တင်းနစ်ပြိုင်ပွဲတစ်ဦးချင်းပြိုင်ပွဲတွင် ချက်နိုင်ငံသူ ကီဗီတိုဗာက ကနေဒါနိုင်ငံမှ အသက် ၂၀ နှစ်အရွယ် ဘော်ချက်အား ၆-၃၊ ၆-၄ ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ အဆိုပါ ချန်ပီယံ ဆုသည် ယခုနှစ် တင်းနစ်ရာသီအတွင်း ကီဗီတိုဗာရရှိခဲ့သည့် တတိယမြောက် ချန်ပီယံဆု ဖြစ်သည်။

ဘော်ချက်သည် ဒုတိယပွဲ ယှဉ်ပြိုင်ကစားစဉ်အတွင်း လက်ချောင်း ဒဏ်ရာ ရရှိမှုကြောင့် ဆေးကုသမှု ခံယူခဲ့ရသည်။

ကီဗီတိုဗာနှင့် ဘော်ချက်တို့သည် ယခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့သည့် ပြိုင်ဘက်ဟောင်းများဖြစ်ပြီး အဆိုပါ ဗိုလ်လုပွဲတွင် ကီဗီတိုဗာက ၆-၃၊ ၆-၀ ဖြင့် အနိုင်ရရှိခဲ့သည်။

## ဘာလင်မာရသွန်ပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်သစ်ဖြင့် ကင်ညာနိုင်ငံသား ကီမက်တို ဗိုလ်စွဲ



ပြီးခဲ့သည့် စက်တင်ဘာ ၂၈ရက်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပပြုလုပ်ခဲ့သော ၂၀၁၄ ခုနှစ် ဘာလင်အမျိုးသား မာရသွန်ပြိုင်ပွဲတွင် ကင်ညာနိုင်ငံသား ဒင်းနစ်ကီမက်တိုက အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။ ၂၆ မိုင် ၃၈၅ ကိုက် ယှဉ်ပြိုင်ရသည့် အဆိုပါ မာရသွန်ပြိုင်ပွဲတွင် အသက် ၃၀ အရွယ် ကီမက်တိုက ၂နာရီ ၂မိနစ် ၅၇ စက္ကန့်ဖြင့် ထိပ်ဆုံးမှ ပန်းဝင်နိုင်ခဲ့ခြင်းဖြစ်သည်။ ကီမက်တိုသည် ကမ္ဘာ့မာရသွန်စံချိန်သစ်ကိုလည်း တင်နိုင်ခဲ့ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ယခင်က ကမ္ဘာ့မာရသွန်ပြိုင်ပွဲစံချိန်အဖြစ် ၂၀၁၃ ခုနှစ် ဘာလင်မာရသွန်ပြိုင်ပွဲတွင် ကင်ညာနိုင်ငံသားတစ်ဦးပင်ဖြစ်သူ ကီပရိုတစ်က ၂ နာရီ ၃ မိနစ်၊ ၂၃ စက္ကန့်ဖြင့် စံချိန်တင်ထားခြင်းဖြစ်ပြီး အဆိုပါစံချိန်ကို ကီမက်တိုက ၂၆ စက္ကန့်အသာဖြင့် ချိုးဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဘာလင်မာရသွန် ပြိုင်ပွဲ၌ ကင်ညာနိုင်ငံသား မူတိုင်က ၂ နာရီ ၃ မိနစ် ၁၃ စက္ကန့်ဖြင့် ဒုတိယ၊ အီသီယိုပီးယားနိုင်ငံသား အာဘီရာကူမာက ၂ နာရီ ၅ မိနစ် ၅၆ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ကီမက်တိုက "အလွန်ခက်ခဲတဲ့ ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့လို့ ဝမ်းသာမိပါတယ်။ ပြိုင်ပွဲအစကတည်းက အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့တယ်လို့ ယူဆမိတယ်။ ပန်းဝင်ဖို့ ၅ ကီလိုမီတာလောက်အလိုမှာကတည်းက ကျွန်တော်ဟာ ကမ္ဘာ့စံချိန်သစ်တင်နိုင်လိမ့်မယ်လို့ ခံစားခဲ့ရပါတယ်"ဟု သတင်းထောက်များကို ပြောသွားသည်။ ယခုနှစ် ဘာလင်မာရသွန်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၃၀ မှ ပြိုင်ပွဲဝင် ၄၀၉၈၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါပြိုင်ပွဲဝင်အရေအတွက်သည် ပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက် အများဆုံး ဖြစ်သည်။

ဘာလင်မာရသွန်ပြိုင်ပွဲသည် ၁၉၇၄ ခုနှစ်ကတည်းက နှစ်စဉ်ကျင်းပခဲ့သည့် ပြိုင်ပွဲဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ပြိုင်ပွဲမှစ၍ ကင်ညာနိုင်ငံသားများသာ အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဘာလင်မာရသွန်ပြိုင်ပွဲသည် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ကျင်းပသည့် Bix Six ဟု လူသိများသော ကမ္ဘာ့မာရသွန်ပြိုင်ပွဲကြီး ခြောက်ခုအနက်မှ တစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ်အတွင်း ကျင်းပသည့် စတုတ္ထမြောက်ပြိုင်ပွဲဖြစ်သည်။ ပဉ္စမမြောက်ပြိုင်ပွဲဖြစ်သည့် ချီကာဂို မာရသွန်ပြိုင်ပွဲကို လာမည့်အောက်တိုဘာ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

◆ ထက်အောင်


## သီတင်းကျွတ်အကြို ဈေးရောင်းပွဲတော်

Silk & Style

HOUSE OF EXCLUSIVE SILK FABRICS

Silk & Style ပိုးထည်ဆိုင်မှ သီတင်းကျွတ်ကာလအခါသမယတွင် လူကြီးမိဘဆရာသမားများအား ဂါရဝပြုကန်တော့ရန်အတွက်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအချင်းချင်း အပြန်အလှန်လက်ဆောင်ပေးရန်အတွက်လည်းကောင်း ရည်ရွယ်၍ အစဉ်အမြဲဝယ်ယူအားပေးကြသော မိတ်ဆောင်းမိတ်သစ်များအတွက် အထူးဈေးရောင်းပွဲတော်ကို ၁-၁၀-၂၀၁၄ရက်မှ ၇-၁၀-၂၀၁၄ ရက်အထိ ရောင်းချပေးသွားပါမည်။

မြန်မာ့ရိုးရာကြိုးကြိုးချိတ်ဒီဇိုင်းဆန်းများ၊ ကွန်မြူတာပန်းထိုးချိတ်များ၊ Chiffon ပန်းထိုးအမျိုးမျိုး အရည်အသွေးမြင့် နိုင်ငံခြားဖြစ် စအမျိုးမျိုးတို့ကို အထူးလျှော့ဈေးနှုန်းများဖြင့် ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ရောင်းချပေးသွားမည်ဖြစ်ပါ၍ မိတ်ဆောင်းမိတ်သစ်များကို လာရောက်ကြည့်ရှုအားပေးကြပါရန် လှိုက်လှဲစွာဖိတ်ခေါ်အပ်ပါသည်။

အချိန် - နံနက် ၉း၃၀ မှ ညနေ ၅း၃၀

နေရာ - အခန်း(၀၀၃) Condo (C) တက္ကသိုလ်ရိပ်မွန်အိမ်ရာ

ဖုန်း - ၀၁-၄၀၁၄၈၈၊ ၀၁-၅၄၇၅၁၈